KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

The VOICE Daily

AIR KBZ
FLYING BEYOND EXPECTATIONS

Vol. 4 / No. 132 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက်၊(Monday, September 12, 2016)

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် Professional ကားမောင်းပြိုင်ပွဲ ကျင်းပမည်

**မန္တလေး၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံတွင်း ပထမဦးဆုံး အကြိမ်အဖြစ် Professional ကားမောင်း ပြိုင်ပွဲကို မန္တလေး-ပြင်ဦးလွင်လမ်းပေါ်ရှိ ရတနာပုံ Cyber city တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

အောက်တိုဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင်ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပခြင်းဖြစ်သည်ဟု အဆိုပါ ကားပြိုင်ပွဲကို ဦးဆောင်ကျင်းပသည့် Turbo Nos Association (မန္တလေး) မှ ပြောရေးဆိုခွင့်ရှိသူ ဦးဝဏ္ဏက ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် Time Attack ဟုခေါ်သည့်စံချိန်ဖြင့် မောင်းနှင်ရမည့်ပြိုင်ပွဲနှင့် Drift Race ဟုခေါ်သော မော်တော်ယာဉ်နှစ်စီး ယှဉ်ပြိုင်မောင်းနှင် စာ 3

# ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့တွင် မြန်မာသံအမတ်ကြီးများကိုတွေ့ဆုံ




စာ 2

လန်ဒန်မြို့သို့ ရောက်ရှိလာသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို လာရောက်ကြိုဆိုနေသော သားအငယ်ဖြစ်သူ Kim နှင့် မြေးနှစ်ဦးဖြစ်သည့် ဂျေမီနှင့် ဂျက်စမင်တို့က တည်းခိုမည့် Dorchester ဟိုတယ်သို့ လာရောက်ကြိုဆိုနေကြစဉ်

# တပ်မတော် ထိုးစစ်ဆင်မှုများ အားလုံးရပ်တန့်ရန် UNFC သဘောထားထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

လက်ရှိ မြေပြင်တွင် ရှိနေသည့် တပ်မတော်၏ ထိုးစစ်ဆင်မှုများအားလုံး အမြန်ဆုံး ရပ်တန့်၍ နိုင်ငံရေး ဆွေးနွေးမှုနည်းကို လက်တွေ့ကျင့်သုံးရန် လက်မှတ်မထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်များဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က ကြေညာချက် တစ်စောင် ထုတ်ပြန်လိုက်သည်။

UNFC ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရေးပေါ် အစည်းအဝေးကို စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့ထိ ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ၂၁-ရာစု ပင်လုံညီလာခံနှင့်ငြိမ်းချမ်းရေး နိုင်ငံရေး ဖြစ်စဉ်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း UNFC ထံမှ သိရသည်။

အဆိုပါ အစည်းအဝေးအပြီး စက်တင်ဘာလ ၁၁ ရက်နေ့တွင် စာ 2

# စလစ်ဈေး ကျပ်သိန်း ၁၀၀ ကျော်

စာ 16




# သရုပ်ဆောင် မိုးအောင်ရင်ကို ယနေ့ ရုံးထုတ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးထားသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးအောင်ရင်ကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ဒုတိယအကြိမ် ရုံးထုတ်ပြီး ချုပ်ရမန်ယူမည်ဖြစ်ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဒုတိယအကြိမ် ချုပ်ရမန်ယူမည့် သရုပ်ဆောင် မိုးအောင်ရင်ကို ပုဇွန်တောင်မြို့မရဲစခန်းမှ စာ 3

# ကျူးကျော်စာရင်း ကောက်ယူမှု ယာယီရပ်ဆိုင်း

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်စာရင်း ကောက်ယူရာတွင် နည်းပညာလိုအပ်ချက်ကြောင့် ယာယီရပ်ဆိုင်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။

ကျူးကျော်စာရင်း ကောက်ယူရာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို စက်တင်ဘာလပထမပတ်က စတင်ကောက်ယူခဲ့သော်လည်း နည်းပညာလိုအပ်ချက်ကြောင့် ယာယီရပ်နားခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှတာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

"လက်ဗွေစနစ်၊ မျက်လုံးအမှတ်အသားစနစ်နဲ့ အခြားအချက် စာ 3



# ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့တွင် မြန်မာသံအမတ်ကြီးများကို တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၁**

ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၁၁ ရက်နေ့က လန်ဒန်မြို့ရှိ မြန်မာသံရုံး၌ ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးတို့နှင့် တွေ့ဆုံခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက သတင်းထုတ်ပြန်သည်။

မြန်မာသံအမတ်ကြီး ၁၂ ဦးနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် က နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒနှင့် လမ်းစဉ်များ၊ ဦးစားပေးလုပ်ငန်းစဉ်များအပေါ် အသေးစိတ်ရှင်းလင်းပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးပေါ်လွင်စိန်၊ ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင်၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုလတ်၊ ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မော်မော်၊ သြစတြီးယားနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးစန်းလွင်၊ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်တို့ တက်ရောက်ကြကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့ ခရီးစဉ်၊ အမေရိကန်နိုင်ငံ တရားဝင်ခရီးစဉ်နှင့် ၇၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်ရန်အတွက် စက်တင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီ မိနစ်၄၀ က ရန်ကုန်မြို့မှ ထွက်ခွာလာရာ ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဟီသရိုးလေဆိပ်သို့ ရောက်ရှိခဲ့ရာ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်ထရစ်တို့က ဟီသရိုးလေဆိပ်၌ ကြိုဆို ကြသည်။ ■


The Voice

## အများပိုင်ဘတ်စ်ကား ကုမ္ပဏီအဖွဲ့တွင် ၂၀၀၆ မော်ဒယ်လ်ယာဉ်များ လက်ခံပေးရန် တောင်းဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

သယ်ယူပို့ဆောင်ရေး လုပ်ငန်း ပိုမိုကောင်းမွန်လာရန် အများပိုင်ဘတ်စ်ကား ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး အဆိုပါအဖွဲ့တွင် ယာဉ်ပိုင်ရှင်များ အားလုံးပါဝင်ခွင့်ရရန် ၂၀၀၆ ခုနှစ် မော်ဒယ်လ်နိမ့်ယာဉ်များ လက်ခံပေးရန် တောင်းဆိုကြောင်း အများပိုင်ကုမ္ပဏီအဖွဲ့တွင် ပါဝင်နိုင်ခြင်း မရှိသေးသည့်ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

"အများပိုင်အဖွဲ့မှာ ပါဝင်လိုရအောင် ယာဉ်ပိုင်ရှင်တွေဘက်က ဖြေလျှော့ပေးရမယ့်အချက်ကို တောင်းဆိုတယ်။ မလိုက်လျော်ဘဲ ၂၀၀၆ မော်ဒယ်လ်ပဲ ပြေးဆွဲခွင့်ရှိမယ်လို့ ဆုံးဖြတ်နေကြတယ်။ ယာဉ်ပိုင်ရှင်တွေက ယာဉ်အသစ်ဝယ်ဖို့ ငွေမရှိဘူး။ ဒါကို အာဏာပိုင်အဖွဲ့က တစ်နည်းဖြေလျှော့ပေးဖို့လိုတယ်"ဟု G2000 ယာဉ်လိုင်းပိုင်ရှင် ဦးကိုကိုနိုင်က ဆိုသည်။

၂၀၀၆ ခုနှစ်မော်ဒယ်လ်နိမ့်ယာဉ်များ လက်ခံပေးရန်နှင့်အများပိုင်ဘတ်စ်ကား ကုမ္ပဏီအဖွဲ့တွင် ပါဝင်ခွင့်ပေးရန်နှင့် ပတ်သက်ပြီး စက်တင်ဘာလ ၁၀ရက်က ၃၁ ယာဉ်ရပ်နားစခန်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး မေတ္တာလှိုင်း ယာဉ်ပိုင်ရှင်၊ ၃၁ ယာဉ်ပိုင်ရှင်၊ ၄၆ ယာဉ်ပိုင်ရှင်၊ ရွှေဆောင်ယာဉ်ပိုင်ရှင်၊ G2000 ယာဉ်ပိုင်ရှင်၊ မထသ ၃၈၊ ၃၃ ယာဉ်ပိုင်ရှင်များ တက်ရောက်ခဲ့သည်။

ခရီးသည်တင်ပြေးဆွဲသည့်ယာဉ်များအနေနှင့် ၂၀၀၆ခုနှစ် မော်ဒယ်လ်နှင့် အထက်ယာဉ်များသာ ပြေးဆွဲခွင့်ရှိကြောင်း သြဂုတ်လက သတ်မှတ်ခဲ့ပြီး အဆိုပါသတ်မှတ်ချက်သည် လက်ရှိပြေးဆွဲနေသည့် ယာဉ်လိုင်းများအတွက် အခက်အခဲများရှိကြောင်း ဦးကိုကိုနိုင်က ပြောကြားသည်။

"အခုပြေးဆွဲနေတာက ၂၀၀၂ခုနှစ် မော်ဒယ်လ်ကားတွေပါ။ ၂၀၁၂ ခုနှစ်ကတင် သွင်းခဲ့ပါတယ်။ သုံးလာတာ လေးနှစ်လောက်ပဲ ရှိသေးတယ်။ အရစ်ကျနဲ့ဝယ်တာ အခုမှ အရင်းကျေမလို့ ရှိသေးတယ်။ နောက်ထပ် အသစ်ကို ဘယ်ဝယ်နိုင်တော့မလဲ။ အများပိုင်အဖွဲ့မှာလည်း ပါဝင်ချင်ပါတယ်" ဟု ၎င်းက ဆိုသည်။

သင့်တင့်မည့် ၂၀၀၆ခုနှစ် မော်ဒယ်လ် ယာဉ်များ လက်ခံပေးရန် ယာဉ်ပိုင်ရှင် ၄၀၀ က တိုင်းအစိုးရအဖွဲ့ထံ သြဂုတ်လက တောင်းဆိုခဲ့ပြီး အဆိုပါတောင်းဆိုချက်ကို ဖြေလျှော့ပေးခြင်းမရှိလျှင် လွှတ်တော်အဆင့်၊ နေပြည်တော် အဆင့်အထိအဆင့်ဆင့် အသနားခံစာပေးပို့မည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

အများပိုင်ဘတ်စ်ကား ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ယာဉ်များ နယ်ရောင်းချခွင့်ပြုခြင်း၊ ယာဉ်အသစ်ဝယ်ရန် ချေးငွေလိုအပ်သည့်ယာဉ်ပိုင်ရှင်များကို ဘဏ်နှင့် ချိတ်ဆက်ပေးခြင်းကို ဆောင်ရွက်နေပြီး လက်ရှိပြေးဆွဲနေသည့် ယာဉ်များသည် ကြံ့ခိုင်မှု၊ လုံခြုံမှုမရှိသည့် ယာဉ်များ အများစုဖြစ်နေကြောင်း၊ ခရီးသွားပြည်သူများ အဆင့်အတန်းရှိရှိ စီးနင်းနိုင်ခြင်း မရှိသည့်အတွက် ၂၀၀၆ ခုနှစ် မော်ဒယ်လ်ကိုသာ ပြေးဆွဲရန် သတ်မှတ်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားထားသည်။

ဘဏ်က အရစ်ကျစနစ်ဖြင့် ဝယ်ယူရာတွင် ယာဉ်တစ်စီးတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို အရင်ပေးသွင်းရမည်ဖြစ်ပြီး အများပိုင်အဖွဲ့တွင် ပါဝင်နိုင်ခြင်း မရှိသည့်ယာဉ်ပိုင်ရှင် ၄၀၀ ခန့်သည် ကျပ်သိန်း ၁၂၀ တန် ယာဉ်တစ်စီးကို ကျပ် သိန်း ၈၀ ကို ပေးသွင်းနိုင်သည့်အခြေအနေတွင် မရှိကြောင်း ၃၁ ယာဉ်ပိုင်ရှင်က ပြောကြားသည်။ ■

**မျက်နှာဖုံး - တပ်မတော်ထိုးစစ်ဆင်မှုများ အားလုံးရပ်တန့်ရန် မှ အဆက်**

သဘောထား ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ ခြင်းဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ၂၁-ရာစု ပင်လုံညီလာခံသည် သမိုင်းဝင်ပြီး လူထုသို့ ပွင့်လင်းမြင်သာအောင် တင်ပြခဲ့သည့်အတွက် အစိုးရကို ဂုဏ်ပြုကြောင်း၊ သို့သော်လည်း အစိုးရအနေနှင့် အားလုံးပါဝင်ရေးကို ဆက်လက်ဖော်ဆောင်ရန် လိုအပ်နေသေးပြီး မြေပြင်တွင် မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်မှုများအားလုံးကို အမြန်ဆုံးရပ်တန့်ကာ နိုင်ငံရေး ဆွေးနွေးမှုဖြင့် အဖြေရှာရန် လိုအပ်ကြောင်း သဘောထား ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် UNFC အနေနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အပါအဝင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့ကို ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

UNFC သည် အပစ်ရပ်စာချုပ် (NCA) ကို လက်မှတ်မထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ကို ကိုယ်စားပြု ဆွေးနွေးနေခြင်း ဖြစ်သည်။

ပြီးခဲ့သည့် သြဂုတ်လ ၃၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သော ၂၁-ရာစု ပင်လုံညီလာခံတွင်လည်း UNFC မှ ထိပ်သီးခေါင်းဆောင်များ တက်ရောက်ခဲ့ပြီး UNFC ၏ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စာတမ်းကို တင်သွင်းခဲ့သည်။

လက်ရှိတွင် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် အချက်ရှစ်ချက်ကို အစိုးရထံ တောင်းဆိုထားပြီး ယင်း တောင်းဆိုချက်များ ရရှိပါက NCA ကို လက်မှတ်ထိုးသွားမည်ဟု UNFC တာဝန်ရှိသူများက ပြောကြားထားသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၂

NEWS PHOTO


ဓာတ်ပုံ - ရဲပြည့်ဇာနည်

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖျက်သိမ်းပေးရေးနှင့် မန္တလေးတိုင်းဝန်ကြီးချုပ်က စာသင်ကျောင်းများ၌ ဇာတိမာန်သီချင်း သီဆိုမှုအပေါ် ပြောဆိုခဲ့သည့်မှတ်ချက်အပေါ် သံဃာတော်များနှင့် အမျိုးဘာသာ တက်ကြွလှုပ်ရှားသူများက စက်တင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီကျော်ခန့်က ရန်ကုန်မြို့ တာမွေ မြို့နယ်ရှိ ဗိုလ်စိန်မှန်ကွင်းတွင် စုဝေးဆန္ဒပြခဲ့ပြီး ဗိုလ်စိန်မှန်ကွင်းမှ ပြည်သူ့ဟစ်တိုင်သို့ လမ်းလျှောက်ချီတက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။**

# ငလျင်ဒဏ်သင့် ပုဂံဘုရား ၁၇ ဆူကို ဝင်ရောက်ခွင့် ပိတ်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိတွင် ငလျင်ဒဏ်သင့် စေတီပုထိုး ၁၇ ဆူခန့်ကို လူအများဝင်ရောက်လေ့လာခွင့်ပိတ်ထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က စက်တင်ဘာလ ၁၀ ရက်က The Voice သို့ ပြောကြားသည်။

"လက်ရှိ ပိတ်ထားတယ်ဆိုတဲ့ ဘုရားတွေက လုံခြုံရေးအခြေအနေအရပါ။ အန္တရာယ်ကင်းတဲ့ အခြေအနေဆိုရင် ပြန်ဖွင့်ပေးမှာပါ။ အခုပိတ်ထားတဲ့ ဘုရားတွေမှာလည်း ထင်ရှားကျော်ကြားတဲ့ စေတီ သုံးလေးဆူလောက်ပဲပါတာ"ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် ပုဂံဒေသရှိ သဗ္ဗညုနှင့် စူဠာမဏိဘုရား၊ ဖူးလည်သီးအစရှိသည့် စေတီများအပါအဝင် ဘုရား ၁၇ ဆူကို ဝင်ရောက်ကြည့်ရှုဖူးမြော်ခွင့် ပိတ်ထားပြီး ပုဂံဒေသရှိ ရှုခင်းများကို ကြည့်ရှုနိုင်ရန် ရွှေဆံတော်၊ ပြာသာဒ်ကြီး၊ တောင်ဂူနီ အစရှိသည့် စေတီပုထိုးသုံးဆူကို တက်ရောက်ကြည့်ရှုခွင့်ပြုထားကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနထံမှ သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေအတွင်းသို့ ဝင်ရောက်လေ့လာခွင့်မရှိသော ဘုရားစေတီများကို ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များအနေနှင့် အလွယ်တကူ သိရှိနိုင်ရန် လက်ရှိတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ပေးထားသည်။

ဩဂုတ်လ ၂၄ရက်က ပြင်းအားရစ်ခ်တာစကေး၆ ဒသမ ၈အဆင့်ရှိ ငလျင်ဒဏ်ကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေ အတွင်းရှိ စူဠာမဏိ၊ လောကနန္ဒာ၊ မြစေတီ၊ ဓမ္မရံကြီး၊ ထီးလိုမင်းလိုစေတီများအပါအဝင် စေတီပုထိုး ၃၉၇ဆူ ပျက်စီးဆုံးရှုံးခဲ့သည်။ ■



The Voice

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဝက်ဘ်ဆိုက် ထုတ်လွှင့်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ တရားဝင် ဝက်ဘ်ဆိုက်ကို စတင်လွှင့်တင် လိုက်ပြီဖြစ်သည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် အကြံပေးကော်မရှင်တွင် ပါဝင်သော ပုဂ္ဂိုလ်များ၏ ကိုယ်ရေး အချက်အလက်များ၊ ကော်မရှင်၏ထုတ်ပြန်ချက်များ၊ သတင်းစာရှင်းလင်းပွဲများ၊ နောက်ဆုံးရ သတင်းများနှင့် ကော်မရှင်၏ ဖွဲ့စည်းမှု အကြောင်းအရာများကို ဖော်ပြထားသည်။

ဝက်ဘ်ဆိုက်၏ တရားဝင် လိပ်စာမှာ www.rakhinecomission.org ဖြစ်ပြီး မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှစ်ဘာသာလုံးဖြင့်ရေးသားဖော်ပြထားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ပြီးခဲ့သည့် ဩဂုတ်လ ၂၄ ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကော်မရှင်တွင် ကိုဖီအာနန် အပါအဝင် နိုင်ငံတကာမှ အကြံပေးပုဂ္ဂိုလ်သုံးဦး၊ ပြည်တွင်းမှ လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နာယက ဒေါက်တာသာလှရွှေ၊ ငြိမ်းချမ်းမေတ္တာအသင်းမှ ဦးအေးလွင်၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်း ဥက္ကဋ္ဌ ဒေါက်တာမြသီတာ၊ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်ဦးခင်မောင်လေး၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်စောခင်တင့်တို့ဖြင့် ဖွဲ့စည်းထားသည်။ ■

## မျက်နှာဖုံး - မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ်မှ အဆက်

ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းကားပြိုင်ပွဲကို ဒုတိယနေ့တွင် ကျင်းပမည်ဖြစ်ကာ ပထမနေ့တွင်မူ ကားအလှပြိုင်ပွဲနှင့် သရုပ်ပြမောင်းနှင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲတစ်ရပ်အနေနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ ထိုင်ဝမ်၊ ထိုင်းနဲ့ ဂျပန်က ဒိုင်တွေကိုလည်း ခေါ်ထားတယ်။ ပြိုင်ပွဲဝင်ကြေးကိုတော့ ထပ်မံထုတ်ပြန်ပေးမှာပါ။ ပြိုင်ပွဲဝင်တွေအနေနဲ့ ပြိုင်ပွဲဝင်စာချုပ်ချုပ်ဆိုပြီးမှ ယှဉ်ပြိုင်ခွင့်ရမယ်။ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ကျင်းပတဲ့ ပွဲဆိုတော့ ပြိုင်ပွဲဝင် လျှောက်လွှာတွေထဲကမှ ရွေးချယ်ခံရသူတွေ ပြိုင်ပွဲဝင်ခွင့်ရမယ်" ဟု ဦးဝဏ္ဏက ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် ကားပြိုင်ပွဲတစ်ခုဖြစ်သောကြောင့် အရည်အချင်းပြည့်ဝပြီး နိုင်ငံတကာအဆင့်မီ မောင်းနှင်နိုင်သော ပြိုင်ပွဲဝင်များ၏ အရည်အသွေး၊ အရည်အချင်းကို မြင်တွေ့ခွင့်ရနိုင်ကြောင်း မန္တလေးမြို့ခံ မော်တော်ကား ဝါသနာရှင် ဦးထက်လင်းက ပြောကြားသည်။

အဆိုပါ ကားပြိုင်ပွဲကို ကွန်ကရစ်လမ်းပေါ်တွင် ကျင်းပမည်ဖြစ် ရာ Time Attack ပြိုင်ပွဲအတွက် မော်တော်ယာဉ် အစီးရေ ၅၀ ခန့်ဖြင့် Class A၊ B၊ C ဟု အုပ်စုသုံးခုခွဲကာ ယှဉ်ပြိုင်စေမည်ဖြစ်ပြီး၊ Drift Race အတွက်မူ ပြိုင်ပွဲဝင်များ အန္တရာယ်မဖြစ်စေရန် စနစ်တကျ ပြင်ဆင်ထားရန် လိုကြောင်း၊ အဆိုပြိုင်ပွဲတွင် စျေးဆိုင်ခန်းများလည်း ပါဝင်မည်ဖြစ်ပြီး ဆိုင်ခန်း ၃၀ နီးပါး ပါရှိမည်ဖြစ်ကြောင်း၊ တစ်ခန်းလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပြီး ကြည့်ရှုလိုသည့် ပရိသတ်များအတွက် ရိုးရိုးတန်းလက်မှတ် တစ်စောင်လျှင် ကျပ် ၇၀၀၀၊ အထူးတန်းလက်မှတ်တစ်စောင်လျှင် ကျပ် ၁၅,၀၀၀ သတ်မှတ်ထားကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ ၂၅ ၈၈၈ ၉၉၆၆၊ ၀၉ ၇၉၈၈၀ ၂၃၃ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း အဆိုပါ ပြိုင်ပွဲကို ဦးဆောင်ကျင်းပမည့် Turbo Nos Association က ထုတ်ပြန်ထားသည်။ ■

## မျက်နှာဖုံး - ကျူးကျော်စာရင်း ကောက်ယူမှု ယာယီရပ်ဆိုင်းမှ အဆက်

အလက်တွေကို ကွန်ပျူတာစနစ်နဲ့ကောက်ယူတာဖြစ်ပါတယ်၊ ကျူးကျော်စာရင်းကောက်ယူတဲ့နေရာမှာ ဆော့ဖ်ဝဲပိုင်း လိုအပ်ချက်တွေရှိနေတဲ့အတွက် ယာယီရပ်ဆိုင်းထားပါတယ်။ နည်းပညာဆိုင်ရာလိုအပ်ချက်တွေ ဆောင်ရွက်ပြီးရင် ပြန်ကောက်မှာပါ" ဟု ၎င်းကဆိုသည်။

ကျူးကျော်စာရင်းများကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက် ၂၀တွင် ကောက်ယူရန် စီစဉ်ထားသော်လည်း ဆော့ဖ်ဝဲပိုင်း လိုအပ်ချက်ကြောင့် ၁၂ ဦးသာ ကောက်ယူနိုင်ခဲ့ကြောင်း ကျူးကျော်စာရင်းများ ကောက်ယူမှုအဖွဲ့ထံမှ သိရှိရသည်။

ကျူးကျော်စာရင်းများ ကောက်ခံမည့်အဖွဲ့ကို ဇွန်လဆန်းက စတင်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများဖြင့် ဖွဲ့စည်းထားသည်။

မေလ ၂၅ နေ့မတိုင်ခင်အထိ ရန်ကုန်တိုင်းရှိ ခရိုင်လေးခုတွင် အမှန်တကယ် ကျူးကျော်နေထိုင်သူများ၏ စာရင်းကောက်ခံကာ နေရာချထားရေးနှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေလ ၂၅ရက်နေ့က ပြောကြားခဲ့သည်။

ယင်းအပြင် မေလ ၂၆ ရက်မှစပြီး မင်းမဲ့စရိုက်ဆန်ဆန်ကျူးကျော်နေထိုင်သူများကို တည်ဆဲဥပဒေအရ အရေးယူမည်ဟု ဝန်ကြီးချုပ်က ပြောဆိုခဲ့သော်လည်း ယနေ့အထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။

ရန်ကုန်တိုင်း ခရိုင်လေးခုအတွင်း တရားမဝင် ကျူးကျော်အိမ်ခြေ ၁၀၅,၄၄၉ ရှိပြီး အိမ်ထောင်စု ၁၆၇,၇၃၈ ရှိကာ လူဦးရေ ၄၃၁,၀၅၀ ခန့်ရှိကြောင်း တိုင်းအစိုးရအဖွဲ့က စာရင်းထုတ်ပြန်ထားသည်။ ■

## မျက်နှာဖုံး - သရုပ်ဆောင် မိုးအောင်ရင်ကို ယနေ့ရုံးထုတ်မည်မှ အဆက်

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ပုဇွန်တောင်မြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"မိုးအောင်ရင်ကို မူးယစ်ဆေးဝါး သုံးစွဲထားခြင်းရှိမရှိ ရွာသာကြီးက စိတ်ကျန်းမာရေးဆေးရုံကြီးမှာ ဆေးစစ်ထားတယ်၊ ဆေးစာအဖြေမရသေးဘူး၊ ချုပ်ရက်ပြည့်သွားလို့ ဒုတိယအကြိမ်ရုံးထုတ်ပြီး တရားရုံးကနေချုပ်ရမန် ထပ်ယူမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သရုပ်ဆောင် မိုးအောင်ရင်ကို ဩဂုတ်လ ၂၉ရက်၊ နံနက်ပိုင်းကပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ နေကြာသာယာကုန်းလမ်းရှိ ခြောက်လွှာတိုက်ခန်း တစ်ခုတွင် တန်ဖိုးငွေကျပ် ရှစ်သောင်းကျော်ရှိ ICE ဟုယူဆရသော မူးယစ်ဆေးဝါးနှင့် အတူဖမ်းမိခဲ့ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

မူးယစ်ဆေးဝါးမှုဖြင့် သရုပ်ဆောင် မိုးအောင်ရင် ဖမ်းဆီးမခံရခင် ရဲတပ်ဖွဲ့က ၎င်း၏နေအိမ်ဖြစ်သော တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်းရှိမင်းရဲကျော်စွာအိမ်ရာမှ တိုက်ခန်းအတွင်းသို့ ဩဂုတ်လ ၂၉ ရက် နံနက် ၃ နာရီကဝင်ရောက်စစ်ဆေးခဲ့ရာ မိုးအောင်ရင်၏ သူငယ်ချင်းအမျိုးသားနှစ်ဦးနှင့် အတူ ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများသိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း တာမွေမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သရုပ်ဆောင် မိုးအောင်ရင် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ ၎င်း၏ ဖခင်ဖြစ်သော နာမည်ကျော်တေးသံရှင်ဦးအောင်ရင်က ဖခင်ဖြစ်သူ၏ဆုံးမသွန်သင်မှုညံ့ဖျင်းခဲ့သောကြောင့် သားဖြစ်သူနှင့် သား၏သူငယ်ချင်းများ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အဖမ်းခံရပြီး မိဘတိုင်း ဒီလိုသောကမျိုးတွေ ကင်းဝေးကြပါစေဟု ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ■



# လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သည့် ဦးခွန်စော၏ ပုံတူကြေးသွန်းရုပ်တု ပင်းတယမြို့တွင် ထားရှိရန် စီစဉ်

**တောင်ကြီး၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် ဓနုတိုင်းရင်းသား ဦးခွန်စော၏ ပုံတူကြေးသွန်းရုပ်တု ကို ပင်းတယမြို့တွင် ထားရှိနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးစိုးအောင်က ပြောကြားသည်။

"ဓနုထဲကနေပြီးတော့မှ အထင်ကရပုဂ္ဂိုလ်မရှိခဲ့ဖူးဘူး။ ဒါကြောင့်သမိုင်းကြောင်းမှာပါတယ်ဆိုတာကို မျိုးဆက်သစ်လူငယ်တွေ သိစေချင်တဲ့အကြောင်းပါတယ်"ဟု ၎င်းက ဆိုသည်။

ယခင်အစိုးရလက်ထက် အတွင်းက အဆိုပါရုပ်တုထားရှိရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့သောကြောင့် ယခုအစိုးရလက်ထက်တွင် ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ဦးစိုးအောင်က ဆက်လက်ပြောကြားသည်။

အာရှလူငယ်အစည်းအရုံး စတင်တည်ထောင်ပေးသည့် ဦးခွန်စောမှာ လွတ်လပ်ရေးလှုပ်ရှားမှုများတွင် အစဉ်အဆက်ပါဝင်ခဲ့သော ဓနုတိုင်းရင်းသားတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်တို့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

"ဆွေမျိုးသားချင်းအနေနဲ့ မြေးတစ်ယောက်အနေနဲ့တော့ ဒီလိုလုပ်လိုက်ပါ။ ဒီလိုလုပ်ချင်တယ်ဆိုတဲ့ဟာကိုမတောင်းဆိုချင်ဘူး"ဟု ဦးခွန်စော၏မြေးဖြစ်သူ ဒေါ်နန်းသရဖူတင့်က ဆိုသည်။

ဓနုတိုင်းရင်းသား ဦးခွန်စောသည် ၁၉၉၇ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် လူကြီးရောဂါဖြင့်ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ■

# ယုဇနဥယျာဉ်မြို့တော်တွင် စိတ်ကြွဆေးပြား ၄၀၀၀ ကျော်နှင့် ဆေးခြောက်များ ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ယုဇနဥယျာဉ်မြို့တော် စီ ၁၄ လမ်းရှိ လေးလွှာတိုက်ခန်း တစ်ခုတွင် စက်တင်ဘာလ ၁၁ ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်က အသက် ၄၆ နှစ် အရွယ်ရှိ အမျိုးသားတစ်ဦးထံမှ စိတ်ကြွ ဆေးပြား ၄၀၀၀ ကျော် အပါအဝင် ဆေးခြောက် ၄၅ ကျပ်သားခန့်ဖြင့် ဖမ်းမိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ စိတ်ကြွဆေးပြားနှင့် ဆေးခြောက်များကို ယင်းအမျိုးသားနေထိုင်သည့် လေးလွှာတိုက်ခန်းဗီရိုအတွင်းမှ တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းကို ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းခဲ့သော ပြစ်ချက်ဟောင်းတို့ဖြင့် စုံစမ်းရှာဖွေနေသည့် အမျိုးသားတစ်ဦးဖြစ်ကြောင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့မှ ရဲစခန်းမှ ဒုရဲမှူး မြင့်အေးက ပြောကြားသည်။

"အမျိုးသားက မူးယစ်ဆေးမှုနဲ့ ပတ်သက်ပြီး ပြစ်ချက်ဟောင်းရှိတယ်၊ ရဲတပ်ဖွဲ့က သတင်းရရှိလို့ နေအိမ်ကို ပိတ်ဆို့ရှာဖွေခဲ့လို့ဆေးပြားနဲ့ ဆေးခြောက်တွေ ဗီရိုထဲက ထမ်မံတွေ့ရှိခဲ့တယ်၊ လောလောဆယ် ဒီလောက်ပဲသိရတယ်၊ ကျန်တာ ဆက်လက်စုံစမ်းစစ်ဆေးနေတုန်းပါ" ဟု ၎င်း ရဲအရာရှိက ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးတို့ဖြင့် ဖမ်းမိခဲ့သောအမျိုးသားကိုဒဂုံမြို့သစ် ဆိပ်ကမ်းမြို့မှ ရဲစခန်းက (ပ) ၉ / ၂၀၁၆၊ မူးယစ်ပုဒ်မ ၁၅/၁၉(က) / ၂၀(က)တို့ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

# တော်ဝင်စင်တာမှ လုံချည်ခိုးယူ ပြေးသည့် လုံခြုံရေးကို ဖမ်းမိ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ တော်ဝင်စင်တာတွင် စက်တင်ဘာလ ၉ ရက် ည ၇ နာရီကမင်းကြီးကြိုက် ချည်လုံချည် တစ်ထည်ပါသည့် ပါကင်ဘူးတစ်ဘူးကို ခိုးယူထွက်ပြေးသည့် လုံခြုံရေးဝန်ထမ်း အမျိုးသားကို ဖမ်းမိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဖမ်းမိသော လုံခြုံရေး အမျိုးသားမှာ တော်ဝင်စင်တာUnder Ground ရှိ Orange Super Market မှ မင်းကြီးကြိုက် ချည်လုံချည် ပါကင်ဘူး ကို ၎င်း၏လွယ်အိတ်အတွင်း ထည့်၍ ငွေမရှင်းဘဲ ခိုးယူသွားစဉ် ယင်းဆိုင်ရှိ လုံခြုံရေးဝန်ထမ်းက ပိတ်ဆို့ စစ်ဆေးခဲ့ရာမှ သက်သေခံပစ္စည်းနှင့် အတူဖမ်းမိခဲ့ကြောင်း ဒဂုံမြို့မှ ရဲစခန်းမှူး ဒုရဲမှူး တင့်ဆွေက ပြောကြားသည်။

"ဖမ်းမိထားသူက ယခင်ကလည်း ဒီဆိုင်မှာ ပစ္စည်းတွေ လာခိုးဖူးတယ်လို့ ကနဦးစစ်ဆေးချက်အရ သိရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တန်ဖိုးငွေကျပ် ၈၂၀၀ ရှိလုံချည် တစ်ထည် ခိုးယူခဲ့သောလုံခြုံရေး အမျိုးသားကိုဒဂုံမြို့မရဲစခန်းမှ ရာဇသတ်ကြီး ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်းအနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■



ဓာတ်ပုံ - နေမျိုးနွယ်

# လားရှိုးအကျဉ်းထောင်တွင် ထောင်လုန့်ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်

**လားရှိုး ၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး အကျဉ်းထောင်တွင် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ထောင်လုန့်ဇာတ်တိုက် လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြကြောင်း ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ထောင်လုန့်ဇာတ် တိုက်လေ့ကျင့်မှုကို ရဲမှူးကြီးအောင်မြတ်မိုး ဦးစီးသော တပ်ဖွဲ့ဝင် ၁၀၈ ဦး၊ အကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟထွဋ်ဦးစီးသော ဝန်ထမ်းအင်အား ၁၀၈ ဦး၊ တွဲဖက်ပြည်နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေး မှူး ဦးကျော်ကျော် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦးနှင့် မီးသတ်ယာဉ် ၂ စီးတို့ပါဝင်ခဲ့ရာ လေ့ကျင့်မှု မစတင်မီတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ဇာတ်တိုက်မည့်အစီအစဉ်များအား ကြိုတင်ချပြ ရှင်းလင်းခြင်း၊ လူလက်နက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လေ့ကျင့်ပြီးစီးမှုအချိန်တွင်လည်း လိုအပ်ချက်များကို ထောက်ပြဆွေးနွေးမှာကြားခြင်းများ ပြုလုပ်ခဲ့သည်ဟု ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ရဲတေဇက ပြောကြားသည်။

ယင်းသို့ ထောင်လုန့်ဇာတ်တိုက်သည့် လေ့ကျင့်ခန်းများဆောင်ရွက်ရသည်မှာ အကျဉ်းထောင်အတွင်း ဆူပူအုံကြွမှုများ၊ အဓိကရုဏ်းများဖြစ်ပွားခဲ့ပါက အမြန် ဆုံးထိန်းချုပ်နှိမ်နင်းနိုင်ရန်အတွက် အလေ့ အကျင့် အတွေ့အကြုံ ရှိစေရန် အသင့်ကြိုတင် စီမံဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ရဲအုပ်ရဲတေဇက ရှင်းပြသည်။

လားရှိုး အကျဉ်းထောင်တွင် အကျဉ်းသား ၂၃၆၁ ဦး ၊ အကျဉ်းသူ ၄၂၄ ဦး၊ စုစုပေါင်း ၂၇၈၅ ဦးကို ထိန်းသိမ်းထားခြင်းရှိကြောင်း အကျဉ်းထောင်မှတ်တမ်းအရ သိရသည်။ ■

## ပြင်ဆင်ဖြည့်စွက်ပေးပါရန်

စက်တင်ဘာလ ၈ ရက်နေ့ထုတ် The Voice Daily သတင်းစာပါ ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူ ဒေါက်တာခိုင်မြဲနှင့် တွေ့ဆုံခြင်းတွင် 'လစာတိုးပေးတာ မဟုတ်ဘဲ ရာထူးအဆင့်တွေ နည်းနည်းမြင့်ကုန်မှာပေါ့နော်' ဟူသော ပြောကြားချက်တွင် 'နည်းနည်း' ဟူသော အသုံးအနှုန်းအစား 'အနည်းနဲ့ အများ' ဟု ပြင်ဆင်ဖြည့်စွက်ပေးပါရန်။

**အယ်ဒီတာ**

# တောင်သမန်သစ္စာစီမံကိန်းကို မြို့တော်ဝန်အမိန့်ဖြင့် ရပ်ဆိုင်း၊ စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာအတိုင်း ဆောင်ရွက်မည်

**မန္တလေး၊ စက်တင်ဘာ ၁၁**


ဓာတ်ပုံ -မြတ် (ကလေး)

မြို့တော်ဝန်အမိန့်ဖြင့်ရပ်ဆိုင်းခဲ့သည့် တောင်သမန်သစ္စာစီမံကိန်းတစ်နေရာကို တွေ့ရစဉ်

ပြည်တွင်းပြည်ပ ခရီးသွားများ အများဆုံးလာရောက်သည့် အမရပူရ မြို့နယ် တောင်သမန်အင်းအနီးတွင် အကောင်အထည်ဖော်နေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန် ကျေးလက်စီမံကိန်းကို မန္တလေးမြို့တော်ဝန် အမိန့်ဖြင့် စက်တင်ဘာလ ၁၀ ရက်နေ့က ရပ်ဆိုင်းစေခဲ့ပြီး စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က The Voice သို့ ပြောကြားသည်။

"တံတားအနီးမှာ တံတားနဲ့ level တူ မြေဖို့ထားတာတွေ ရှိတယ်။ ရှစ်ပေလောက် မြင့်တယ်။ နောက်ပြီး ရေပိုက်မြောင်းတွေလည်း ရှိတယ်။ အဲဒါတွေက အင်းထဲကိုအကုန်ရောက်မှာ။ အရင်ကလည်း နှစ်ကြိမ်လောက် တားမြစ်ထားတာ ရှိတယ်။ အဲဒီတုန်းက နှုတ်မိန့်နဲ့ပေါ့။ အခုကတော့ တရားဝင်ဖြစ်အောင် စာထုတ်တားမြစ်လိုက်တာ" ဟု ၎င်းကဆိုသည်။

ဦးပိန်တံတားနှင့် ကပ်လျက် တောင်သမန်ကန်ပတ်လမ်းရှိ တံတားနှင့် ပေ ၂၀၀ ခွာ၍ ဆောင်ရွက်ရန်နှင့် ယခုဖို့ထားသည့် လမ်းသားအား ဖြိုဖျက်ရန်၊ တောင်သမန်ကမ်းနားတွင် စိုက်ထူထားသည့် အမရပူရ သုခမရင်ပြင် ဆိုင်းဘုတ်ကို ဖြုတ်သိမ်းရန်၊ တောင်သမန်ကန်နှင့် ကန်ပတ်လမ်းအကြား ဆောင်ရွက်ထားသည့် ကျောက်ချောလမ်းကို ဖယ်ရှားရှင်းလင်းရန်၊ Phase (1) မှအပ ကျန်ဧရိယာများတွင် အခိုင်အမာ အဆောက်အအုံဆောက်လုပ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် စသည့်အချက်လေးချက်ဖြင့် တားမြစ်လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိ၊ မရှိ၊ တောင်သမန်အင်းကို ထိခိုက်မှုရှိ၊ မရှိ စသည်တို့ကို တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် စိစစ်ရေးအဖွဲ့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စက်တင်ဘာလ ၇ ရက်နေ့က ဖွဲ့စည်းပေးခဲ့သည်။

တောင်သမန်အင်းဝန်းကျင် ထိခိုက်နိုင်မှု ရှိမရှိကို ပြည်သူလူထုများထံမှ လေ့လာမည်ဖြစ်ပြီး အင်းဝန်းကျင် မြေဖို့မှုများကြောင့် မြေဆီလွှာတိုက်စားကာ အင်းကောနိုင်သည့် အခြေအနေကိုတားမြစ်ရန် နည်းလမ်းများအတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင်လည်း မေးခွန်းများ မေးမြန်းသွားမည်ဟု စိစစ်ရေးအဖွဲ့ဝင် အမရပူရမြို့နယ် တိုင်းဒေသကြီး အမတ် ၂ မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေက ပြောကြားသည်။

"လောလောဆယ်မှာတော့ လုပ်ငန်းတွေအားလုံး ရပ်နားထားပါတယ်။ စိစစ်ရေးအဖွဲ့ရဲ့အစီရင်ခံစာကို စောင့်နေပါတယ်" ဟု တောင်သမန်သစ္စာ ကုမ္ပဏီ ပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ထွန်းက ပြောဆိုသည်။

စီမံကိန်းဧရိယာအတွင်းပါဝင်သည့် နေအိမ် ၁၉၂ လုံး ဆောက်လုပ်မည့်ကိစ္စကိုလည်း ပြန်လည်စိစစ်မည်ဟု မန္တလေးမြို့တော်ဝန်က ထပ်လောင်းပြောကြားသည်။

"တစ်ခုချင်းစီအလိုက် လုပ်စေချင်တယ်။ တံတားပေါ်ကကြည့်ရင် ရုပ်မဆိုးဖို့ လိုတယ်။ အရုပ်ဆိုးတယ်ဆိုရင် ခွင့်မပြုဘူး။ လူတွေက တံတားပေါ်ကိုပဲ လာကြတာ၊ ပတ်ဝန်းကျင်က ရှုချင်စရာ မကောင်းရင် လာမှာမဟုတ်ဘူး" ဟု ၎င်းကဆိုသည်။

အဆိုပါစီမံကိန်း မြေနေရာအသုံးပြုရန် မြေ ၄၀ ဒသမ ၂၇ ဧကကို ၂၀၁၅ ခုနှစ် မတ်လ ၅ ရက်နေ့ကလည်းကောင်း၊ မြေ ၅၈ ဒသမ ၈၃ ဧကကို ၂၀၁၆ ခုနှစ် မတ်လ ၂၈ရက်နေ့ကလည်းကောင်းမန္တလေးတိုင်းဝန်ကြီးချုပ်ဟောင်း ဦးရဲမြင့် ဦးဆောင်သည့်အစိုးရအဖွဲ့က ခွင့်ပြုပေးခဲ့သော်လည်း လက်ရှိအချိန်ထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုပေးထားခြင်း မရှိသေးပေ။

တိုင်းဒေသကြီးအစိုးရ ဖွဲ့စည်းပေးသည့် စိစစ်ရေးအဖွဲ့အနေနှင့် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များပါသည့် အစီရင်ခံစာကို စက်တင်ဘာလ ၃၀ ရက်နေ့မတိုင်မီ တင်ပြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။ ■

# အိမ်ရာနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံပါဝင်သည့် ကုန်စည်ပြပွဲကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

The Most Amazing Housing & Living Fair ၂၀၁၆ ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တမ်မတော်ခန်းမတွင် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့ကြောင်း Creation Strength Co.,Ltd. ထံမှ သိရသည်။

ယင်းပြပွဲတွင် အိမ်ရာအရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ ကြမ်းခင်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ စသည့်ကုန်ပစ္စည်းများ ပြသခဲ့ကြကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■

# ဗြိတိန်နိုင်ငံမှ ဆောက်လုပ်ရေးသုံး အကြီးစားစက်ပစ္စည်းများ ပြည်တွင်း၌ဖြန့်ချိခွင့် ရိုးမကုမ္ပဏီအုပ်စုရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ဗြိတိန်နိုင်ငံအခြေစိုက် J C Bamford Excavators Limited (JCB)၏ ဆောက်လုပ်ရေးလုပ်ငန်းသုံး အကြီးစားစက်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းရောင်းချရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရိုးမကုမ္ပဏီအုပ်စုကို ခန့်အပ်လိုက်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

အဆိုပါဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများကို ရိုးမကုမ္ပဏီအုပ်စု၏ လက်အောက်ခံကုမ္ပဏီဖြစ်သော CPCL ကုမ္ပဏီက တင်သွင်းရောင်းချမည်ဖြစ်ပြီး ဘူဒိုဇာများ၊ မြေတူးစက်များ၊ မြေကော်စက်များ၊ လမ်းကြိတ်စက်များနှင့် အသေးစားမြေသယ်ကားများ ရောင်းချမည်ဖြစ်ကြောင်း ရိုးမကုမ္ပဏီထံမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ယင်းကဏ္ဍအတွက် လိုအပ်ချက်များကို အထောက်အကူဖြစ်နိုင်မည်ဟု ရိုးမကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Melvyn Pun က ပြောကြားသည်။

CPCL ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း လုပ်ငန်းခွဲပေါင်း ၁၁ ခုကို လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးကိရိယာများကိုလည်း တင်သွင်းဖြန့်ချိလျက်ရှိသည်။ ■

# မြန်မာနိုင်ငံအလယ်ပိုင်းတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကိုရှေ့ပြေးစီမံကိန်း (Pilot Project) အဖြစ် ယခုနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသားကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုစာရင်းများကို နှစ်စဉ်အကောင်ရေအပေါ်မူတည်၍ တိုးပွားကောင်ရေ၊ သေဆုံးကောင်ရေကို စံနှုန်းများနှင့် တိုးတက်မှုနှုန်းတွက်ယူရပြီး လက်ရှိတွင် စီမံကိန်းစာရင်းနှင့် မြေပြင် လက်ကျန်ကောင်ရေစာရင်း ကွာဟမှုရှိကြောင်း ယင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

စာရင်းကောက်ယူရန်အတွက် ရေချိုရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုကဏ္ဍတို့၏ ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် Food and Agriculture Organization of the United Nations (FAO)၏ ဦးဆောင် နည်းပညာပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးအတွက် စီမံချက်ရေးဆွဲကောက်ယူမှုကို နည်းပညာ၊ ဝန်ထမ်းအင်အားနှင့် ဘဏ္ဍာငွေအကန့်အသတ်များကြောင့် မဆောင်ရွက်နိုင်သေးကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ယခင်ကတိရစ္ဆာန်စာရင်းကို ၁၉၈၃-၈၄ ဘဏ္ဍာနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ မြေစာရင်းဦးစီးဌာနတို့က တစ်ကြိမ်ကောက်ယူခဲ့ကြောင်း၊ ၁၉၈၃-၈၄ ဘဏ္ဍာနှစ်မှ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့က ကောက်ယူခဲ့ပြီး ၁၉၉၃-၉၄ ဘဏ္ဍာနှစ်တွင် မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် တစ်အိမ်ချင်းကောက်ယူသည့်စနစ်ဖြင့် ကောက်ယူခဲ့ကာ ဇဟိုစာရင်းကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။ ■

ပုံမှန်ဆက်ဆံခြင်းသည်
ရေရှည်ခင်မင်မှုအတွက်
ဦးအိုက်စန် နှင့်သား နိုင်ငြိုးစံ
မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ်ပစ္စည်းအရောင်းဆိုင်

# EDITORIAL

# အစွန်းနှစ်ပါး မရှောင်နိုင်လျှင်

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အုပ်ချုပ်ကျင့်သုံးလာခဲ့သော စနစ်ဆိုးများကြောင့် မြန်မာလူမျိုးအများစုသည် ပြဿနာများကို ချစ်စိတ်၊ မုန်းစိတ် ခံစားချက်ဖြင့် ကြည့်လေ့၊ မြင်လေ့ရှိတတ်ခြင်းမှာ အများသိနေသော ကိစ္စဖြစ်သည်။

စနစ်ဆိုးအောက်တွင် ရှိနေသော မူဝါဒများ၊ အကောင်အထည်ဖော်ပုံများ၊ ပညာသင်ကြားရေးပုံစံများကလည်း ပြောင်းလဲနေသော ကမ္ဘာ့ရေစီးကြောင်းများနှင့် အံဝင်မှုမရှိဘဲ အရာရာကို ဆန့်ကျင်၊ ထောက်ခံ အမြင်နှစ်မျိုးဖြင့်သာ ချဉ်းကပ်လေ့ရှိသည်။

သဘာဝကျသော သာမန် ချစ်စိတ်၊ မုန်းစိတ်၊ ဆန့်ကျင်၊ ထောက်ခံစိတ်မှာ ပြဿနာမရှိသော်လည်း ပုဂ္ဂိုလ်ရေး ခါးခါးတူးတူး မုန်းတီးမှု၊ ကိုးကွယ်မှုဆန်သော ချစ်စိတ်၊ မုန်းစိတ်၊ ဆန့်ကျင်၊ ထောက်ခံစိတ်တို့ အစွန်းနှစ်ဖက်သို့ ရောက်သွားခြင်းမှာမူ ပြဿနာ ရှိပေသည်။

သမိုင်းကို ပြန်ကြည့်လျှင်လည်း ခံစားချက်ကို ဦးစားပေးခြင်းနှင့် အစွန်းရောက်သော ဆန့်ကျင်၊ ထောက်ခံ၊ အချစ်၊ အမုန်းစိတ်တို့ကို အခြေခံကာ အချင်းချင်း ကွဲကြ၊ ပြဲကြ၊ ဆန့်ကျင်၊ ပုန်ကန်ကြ၊ သူသေ၊ ကိုယ်သေ တိုက်ခိုက်ကြသည့် သာဓကများစွာကြောင့် အရှေ့တောင်အာရှတွင်သာမက အာရှတွင်ပါ တောက်မည့် မီးခဲ တရဲရဲ ဖြစ်နေသည့် မြန်မာနိုင်ငံ ပြာဖုံး အရောင်မှိန်ခဲ့ရသည်။

ငြိမ်းချမ်းသော ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကြောင့် ဖွံ့ဖြိုးတိုးတက်ရာ အလားအလာကောင်းများ ရှိနေသည်ဟု ကျွမ်းကျင်သူများက နိမိတ်ဖတ်ခံထားရသော ယနေ့ကာလအထိတိုင် မြန်မာ့နိုင်ငံရေးလောက အပါအဝင် အခြားသော စီးပွားရေး၊ လူမှုရေး နယ်ပယ်များတွင် ခြေလှမ်းများ တုံ့နှေးနေခြင်းမှာလည်း ဝင်ရိုးစွန်းနှစ်ဖက်သို့ ရောက်နေသော ခံစားချက်များကြောင့်ဟု ဆိုလျှင် မမှားနိုင်ပေ။

ယနေ့အစိုးရသစ်သည် ယခင်အိမ်ငှားနေသူက ထင်သလို ဖျက်ဆီးထားသကဲ့သို့ ဖြစ်နေသော အိမ်အို၊ အိမ်ပျက်ကြီးတစ်လုံးကို ရုတ်တရက် ဝင်နေရသူနှင့်တူသောကြောင့် အားလုံးနီးပါးက နားလည်ခွင့်လွှတ်စိတ်ဖြင့် ကြည့်နေကြသော်လည်း ယင်းသို့ ကြည့်နေကြသူများတွင်ပင် အစွန်းနှစ်ပါး မလွတ်သော ခံစားချက်များက မိမိတို့ကိုယ်ကိုပြန်အနှောင့်အယှက်ပေးသကဲ့သို့ ဖြစ်နေပေသည်။

ဆိုလိုသည်မှာ အစိုးရနှင့် လက်ရှိအာဏာရပါတီ ခေါင်းဆောင်အပေါ်တွင် လွန်ကဲသော ချစ်စိတ်၊ အာဏာရှင်အစိုးရဟောင်းနှင့် ၎င်းတို့ ကျောထောက်နောက်ခံပြု အဖွဲ့အစည်း၊ ပါတီတို့အပေါ် ခါးသီးပြင်းထန်သည့် အမုန်းစိတ်တို့က အချို့ကိစ္စရပ်များတွင် နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများအပေါ် မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုများ ရှိသွားတတ်ခြင်းကို ဆိုလိုသည်။

အထူးသဖြင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး၏ ပထမအဆင့်ဖြစ်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားလူနည်းစု၏ အငုံ့စိတ်နှင့်၊ နာကြည်းချက်များကြောင့် ထွက်ပေါ်လာသော အမြင်များ၊ ခံစားချက်များကို အစွန်းရောက်သော ခံစားချက်အမြင်ဖြင့် တုံ့ပြန်ရန်ထောင်သည့်အသွင်ဆောင်နေခြင်းမှာ ကောင်းသည့် လက္ခဏာမဟုတ်ပေ။

လူနည်းစု တိုင်းရင်းသားများ၏ မျက်မှောက်နှင့် အတိတ်ကာလ ဖြတ်သန်းမှုများ၊ ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများ၊ ပညာဆည်းပူးလေ့လာခွင့်စသည့် အခြေအနေများစွာကြောင့် ဖြစ်ပေါ်လာသော ၎င်းတို့၏ အသံများကို အပေါ်စီးဆန်ဆန်၊ အစွန်းရောက်၊ မယဉ်ကျေးသော မှတ်ချက်အမြင်များဖြင့် တုံ့ပြန်နေကြခြင်းကို မပြုပြင်နိုင်လျှင် အမျိုးသားပြန်လည်သင့်မြတ်ရေး အဆင့်ကိုပင် နှစ်များစွာ အချိန်ယူရဖွယ်ရှိကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ (၁၁ - ၉ - ၂၀၁၆ )**

# NLD ပါတီ ရှမ်းပြည်နယ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အချို့ကို CEC ဆုံးဖြတ်ချက်အရ ထုတ်ပယ်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

NLD ပါတီ ရှမ်းပြည်နယ်ဥက္ကဋ္ဌနှင့် တောင်ကြီးခရိုင် ပါတီဥက္ကဋ္ဌအပါအဝင် ရှမ်းပြည်နယ်ပါတီထိပ်ပိုင်းခေါင်းဆောင် လေးဦးအား CEC အစည်းအဝေး ဆုံးဖြတ်ချက်အရ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဦးဝင်းထိန် က ပြောကြားသည်။

နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာ၌ စက်တင်ဘာလ ၁၁ ရက်နေ့ကပြုလုပ်သော ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် NLD ပါတီ ဗဟို အလုပ်အမှုဆောင်များဖြစ်သော ဒေါက်တာဇော်မြင့်မောင် (မန္တလေးတိုင်းဝန်ကြီးချုပ်)၊ ဦးမန်းဂျော်နီ (ဧရာဝတီတိုင်းဝန်ကြီးချုပ်) အပါအဝင် ပါတီထိပ်ပိုင်းခေါင်းဆောင်များတက်ရောက်ခဲ့သော်လည်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ဝင် ဦးညာဏ်ဝင်းတို့ တက်ရောက်ခြင်းမရှိပေ။

"ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာ ရှမ်းပြည်က ပါတီခေါင်းဆောင်တွေရဲ့ကိစ္စ ပါဝင်တယ်။ သူတို့ကို CEC အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပယ်လိုက်ပါပြီ" ဟု ဦးဝင်းထိန်က ပြော ဆိုသည်။

ရှမ်းပြည်နယ် NLD ပါတီဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုး၊ တောင်ကြီးခရိုင် ဥက္ကဋ္ဌ ဦးတင်မောင်တိုးအပါအဝင် အမှုဆောင်အချို့ကို စက်တင်ဘာလ ၄ ရက်နေ့၌ ပါတီထိပ်ပိုင်းခေါင်းဆောင် ဦးဝင်းထိန်၏ နှုတ်မိန့်ဖြင့် ထုတ်ပယ်လိုက်ပြီးနောက် စက်တင်ဘာလ ၅ ရက်နေ့တွင် ဦးဇော်မင်းလတ် (ဥက္ကဋ္ဌ)၊ ဦးမောင်မောင်စိန် (အတွင်းရေးမှူး)၊ ဒေါ်စန်းစန်းမောင် (အဖွဲ့ဝင်)၊ စိုင်းသိန်းဝင်းထွန်း (အဖွဲ့ဝင်) စသည့် လေးဦးကို ခန့်အပ်ကြောင်း ဦးဝင်းထိန်က လက်မှတ်ရေး အတည်ပြုခဲ့သည်။

ထိုကဲ့သို့ ဗဟိုဦးစီးစနစ်ဖြင့် ပါတီမှထုတ်ပယ်ခြင်းကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း NLD ပါတီမှ ထုတ်ပယ်ခံရသူ တောင်ကြီးခရိုင် ပါတီဥက္ကဋ္ဌ (ဟောင်း) ဦးတင်မောင်တိုးက ဆိုသည်။

"ပါတီစည်းကမ်းထိန်းသိမ်းရေးနဲ့ အညီ လုပ်ပေးဖို့ စာရေးသားပြီး တင်ပြထားတယ်၊ဒီနေ့ CEC အစည်းအဝေးအမီဆွေးနွေးဖို့ တင်ပြခဲ့တာရှိတယ်။ ရလဒ်ဘယ်လို ဖြစ်မှာလဲတော့ ကျွန်မကိုယ်တိုင် မသိသေးဘူး" ဟု NLD ပါတီ ရှမ်းပြည်နယ်ဥက္ကဋ္ဌ (ဟောင်း) ဒေါ်ခင်မိုးမိုးက ပြောကြားသည်။■

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Editor in Charge** -Kyaw San Min , **Senior Executive Editors** - Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Mandalay Reporters** - Ye Win Naing, Nay Lin, Yan Moe Naing, Myat Min, Aung Phyo, Than Pe Thar.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too, Aung Thura.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ပုသိမ်တွင် ပထမဆုံးအကြိမ် တန်ဖိုးသင့်တိုက်ခန်း အငှားစနစ် စတင်

**ပုသိမ်၊ စက်တင်ဘာ ၁၁**



ဓာတ်ပုံ- မောင်မျိုးထက်

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်မြို့ရှိ ဥမ္မာဒန္တီ အငှားအိမ်ရာတွင် တန်ဖိုးသင့် တိုက်ခန်းများကို ပြည်သူများ ငှားရမ်း နေထိုင်နိုင်ရန် လျှောက်လွှာများ စတင် ရောင်းချနေကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြေညာသဖြင့် ပုသိမ်မြို့တွင် နှစ် ၅၀ ကျော်အတွင်း ပထမဆုံး တန်ဖိုးသင့် တိုက်ခန်းအငှားစနစ် စတင်မည် ဖြစ်ကြောင်း ယင်းအစိုးရအဖွဲ့ရုံးထံမှ သိရှိရသည်။

အဆိုပါ တိုက်ခန်းများကို ငှားရမ်းရာတွင် နေအိမ်အခက်အခဲရှိနေသော ဝန်ထမ်း၊ ပင်စင်စား၊ ကုမ္ပဏီဝန်ထမ်း၊ ပြင်ပပြည်သူ ဟုလျှောက်လွှာ အမျိုးအစားကွဲပြားသော်လည်း လျှောက်ထားသူများကို ညီမျှစွာ ငှားရမ်းပေးမည်ဖြစ်ပြီး တိုက်ခန်း အမျိုးအစားအလိုက် ငှားရမ်းခမှာ ၃၂,၅၀၀ ကျပ်မှ ၄၃,၅၀၀ကျပ် ရှိကြောင်း၊ ရွေးချယ်ရာတွင် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှု လျှပ်စစ်နှင့်လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဦးဝင်းဌေးကပြောသည်။

"မည်သူမဆို လျှောက်ထားနိုင်ပါတယ်၊ လျှောက်လွှာမှာပါတဲ့ထောက်ခံချက်တွေတော့ ပါရှိဖို့တော့ လိုအပ်ပါမယ်၊ တိုက်တစ်လုံးစီက ကိုယ်စားလှယ် တစ်ဦးစီနဲ့ အိုးအိမ်ဦးစီးဌာနက ဝန်ထမ်းတစ်ဦးပါဝင်တဲ့ တိုက်ခန်းသာယာရေး ကော်မတီဖွဲ့ပြီး အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုများ ဆောင်ရွက်မှာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ တန်ဖိုးသင့် လူနေတိုက်ခန်းများ လျှောက်လွှာကို ဧရာဝတီတိုင်းဒေသကြီး အိုးအိမ်ဦးစီးဌာနတွင် ဝယ်ယူနိုင်ကြောင်း၊ ငှားရမ်းရာတွင် ပြီးစီးသော အခန်း ၉၂ ခန်းကို ငါးနှစ်အငှား စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပြီး တစ်လဝင်ငွေတစ်သိန်းမှ ၃သိန်းကြားရှိသူများ လျှောက်ထားနိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦး မြင့်ဇော်ဦးက ပြောသည်။

၂၀၁၅ ခုနှစ် မေလပိုင်းက ယင်းစီမံကိန်းကို ပုသိမ်မြို့ ၁၄ ရပ်ကွက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားသတ်မှတ်ထားကြောင်း မြေ ၉ ဒသမ ၃၄ ဧကပေါ် တွင် စုစုပေါင်း အဆောက်အအုံ ၂၇ လုံး တည်ဆောက်ပြီး အခန်း ၄၀၀ ခန့်ရှိပြီး ဆောက်လုပ်ရေး ကုမ္ပဏီ ၈ ခု က တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်ကြောင်း ဥမ္မာဒန္တီ တန်ဖိုးနည်း အိမ်ရာ စီမံကိန်းနှင့် တန်ဖိုးသင့် အငှားအိမ်ရာစီမံကိန်း ကွပ်ကဲရေးရုံးထံမှ သိရှိရသည်။ ■

# ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်လိုင်စင် လျှောက်ထားသူ မြင့်တက်

**ပုသိမ်၊ စက်တင်ဘာ ၁၁**

လိုင်စင်မဲ့ယာဉ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သည့် ယာဉ်များကို စီမံချက်ချကာ တင်းကျပ်စွာ ဖမ်းဆီးစစ်ဆေးမှုကြောင့် ယာဉ်လိုင်စင် အပါအဝင် အခြားလိုင်စင် လျှောက်ထားမှု မြင့်တက်လာကြောင်း ဧရာဝတီတိုင်း ဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနထံမှ သိရှိရသည်။

"ပုံမှန်က ၁၀၀၊ ၁၅၀ ဝန်းကျင်ပေါ့၊ လိုင်စင်အသစ်လုပ်တာတို့၊ လိုင်စင် သက်တမ်းတိုးတာတို့ ဆောင်ရွက်နေကြတာပါ၊ စစ်မယ်ဖမ်းမယ် မလုပ်ခင် ပညာပေးကာလမှာတစ်နေ့ကို လူ ၂၀၀လောက် လုပ်ပေးရပါတယ်၊ အခု တကယ်ဖမ်းပြီလည်းဆိုရော တစ်နေ့ ၈၀၀ လောက်ကို ဆောင်ရွက်ပေးနေရပါတယ်" ဟု အဆိုပါဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဝင်းတင်က ရှင်းပြသည်။

ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် လုပ်ကိုင်ရာတွင် ကညနရုံး၊ အာမခံရုံးနှင့် အကောက်ခွန်ရုံးတို့မှာ အလှမ်းဝေးသဖြင့် ကုန်ကျမှု စရိတ်များကြောင်း၊ တစ်ခါတစ်ရံ ညအိပ်ရသဖြင့် တည်းခိုစရိတ်များပါ ကုန်ကျနေကြောင်း၊ ကျေးရွာများမှ လိုင်စင်လာရောက် ပြုလုပ်သူများအနေနှင့် ရုံးတည်နေရာများ မသိခြင်း၊ အချိန်ကုန် လူပန်းခြင်းများရှိနေသဖြင့် ပွဲစားများထံ အပ်နှံ၍သာ ဆောင်ရွက်နေရကြောင်း လိုင်စင်လာရောက် ဆောင်ရွက်သူများထံမှ သိရသည်။

"လိုင်စင် လုပ်မထားလို့တော့ မဖြစ်ဘူးဗျ၊ နဂိုဆိုဖမ်းတဲ့အဖွဲ့မှာတင် ချလန်ဖြတ် ဒဏ်ငွေဆောင်ရင်ရတယ်၊ အခုက ဖမ်း တာကလည်း အဖွဲ့စုံတယ်။ ဖမ်းတဲ့နေရာမှာ ဒဏ်ငွေဆောင်လို့မရတော့ဘူး၊ တရားရုံးကို သွားရတယ်၊ တရားစွဲတာခံရတယ်၊ ပြီးမှ တရားရုံးက ဒဏ်ရိုက်တာကို ဆောင်ရတာ" ဟု ပုသိမ်မြို့နယ် ရှောပြာကျေးရွာအုပ်စုမှ ကိုစည်သူက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတ၊ မအူပင်နှင့်ဖျာပုံတို့၌ ကညနရုံးများရှိပြီး ယင်းရုံးများတွင် ဆိုင်ကယ်မောင်းလိုင်စင်ကိုလာရောက်လျှောက်ထားသူများကို နေ့ချင်းပြီး ဆောင်ရွက်ပေးနေကြောင်း၊ ယာဉ်မောင်း လိုင်စင်များ အပြင် လိုင်စင်မဲ့ ထော်လာဂျီယာဉ်များ၊ ဆိုင်ကယ်များကိုလည်း ကျသင့်သော အခွန်ပေးဆောင်စေ၍ ယာဉ်လိုင်စင်များ ထုတ်ပေးနေကြောင်း တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

စက်တင်ဘာလဆန်းမှစတင်ကာ ယာဉ်မောင်းလိုင်စင် အသစ်ဆောင်ရွက်ပေးရန်လာရောက် လျှောက်ထားသူ ၁၀၀၀ ခန့်နှင့် လိုင်စင်သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပေးခြင်းတို့မှာ တစ်နေ့ လူဦးရေ ၈၀၀ခန့်ရှိနေကြောင်း၊ တိုင်းဒေသကြီး ကညနရုံးသို့ ကျောင်းကုန်း၊ ရေကြည်၊ ငါးသိုင်းချောင်း၊ အိမ်မဲ၊ မြောင်းမြနှင့် ကန်ကြီးထောင့်မြို့နယ်များမှ အများဆုံး လာရောက်လျှောက်ထားကြောင်း ယင်းရုံးထံမှ သိရှိရသည်။

"ဧရာဝတီတိုင်းတွင် ဆိုင်ကယ်မောင်း လိုင်စင်များကို ၂၀၁၄-ခုနှစ်တွင် ၁၉,၀၀၀ ကျော်၊ ၂၀၁၅-ခုနှစ်တွင် ၁၀,၀၀၀ ကျော် ထုတ်ပေးခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလမှ ဩဂုတ်လ အထိ ၇၃,၀၀၀ ကျော် ထုတ်ပေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းတစ်ခုလုံး မှတ်ပုံတင်ထားသော ဆိုင်ကယ်စီးရေမှာ ၄၁၀,၀၀၀ ကျော်ရှိနေပြီး ယာဉ်မောင်းလိုင်စင်ပြုလုပ်ထားသူမှာ ၂၄၀,၀၀၀ ကျော်သာ ရှိသေးကြောင်း တိုင်းကညနရုံးထံမှ သိရသည်။ ■

**Tips**




# အလုပ်က ထွက်သင့်နေပြီဆိုတဲ့ လက္ခဏာ (၆) ခု

အလုပ်မှာ အဆင်မပြေတာတွေ ရှိပေမယ့် လခအတော်အသင့်ကောင်းပြီး လုပ်ဖော်ကိုင်ဖက်တွေနဲ့လည်း ခင်မင်နေတဲ့အခါ "ရပါတယ်လေ၊ ငါလုပ်ချင်တဲ့ အလုပ် မဟုတ်ပေမယ့် လောလောဆယ်တော့ မထွက်သေးပါဘူး" ဆိုပြီး ဆက်လုပ် ဖြစ်တတ်ကြပါတယ်။

ဒါပေမဲ့ နေပျော်တယ်ဆိုတဲ့ ခံစားချက်ကနေ တဖြည်းဖြည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြေတွေပေးပြီး အလုပ်က မထွက်ရဲတော့ဘဲ ဖြစ်လာတတ်ပါတယ်။ အဲဒီအခါ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ဘယ်တော့မှ မလုပ်ဖြစ်ဘဲ ကိုယ်တကယ်ဖြစ်ချင်တဲ့ ဘဝနဲ့ ဝေးကွာသွားပါတော့တယ်။

ဒါကြောင့် အောက်မှာ ဖော်ပြထားတဲ့ လက္ခဏာတွေ ရှိနေတယ်ဆိုရင် အလုပ်က တတ်နိုင်သမျှ အမြန်ဆုံး ထွက်သင့်ပါပြီ။

### (၁) တိုးတက်မှုမရှိရင်

သင်ဟာ ဒီအလုပ်မှာ သုံးနှစ်ဝန်းကျင်လောက် လုပ်လာပေမယ့် လခတိုးပေးတာ ရာထူးတိုးပေးတာ မရှိသေးဘူး၊ သင်ကကျတော့ တိုးတက်မှု လိုချင်နေတယ်ဆိုရင် အလုပ်ပြောင်းဖို့ စဉ်းစားသင့်ပါပြီ။

### (၂) တုံ့ပြန်မှုမရရင်

အချိန်တိုအတွင်းမှာ လခတိုးပေးဖို့ ရာထူးတိုးပေးဖို့ မလွယ်ပေမယ့် အရည်အချင်းပြည့်ဝတဲ့ မန်နေဂျာတွေဟာ သူတို့လက်အောက်က ဝန်ထမ်းတွေကို ဂရုတစိုက်စောင့်ကြည့်ပြီး အကြံပြုတာ ချီးမွမ်းတာတွေ လုပ်တတ်ပါတယ်။ သင့်ရဲ့အထက်လူကြီးဆီက အဲဒီလိုတုံ့ပြန်မှုမျိုး တစ်ခါမှမရဘူးရင် သင်တခြားမှာ အလုပ်ရှာသင့်ပါပြီ။

### (၃) အသိပညာတစ်ခုခု မရရင်

အလုပ်မှာ ငွေကြေးနဲ့ ရာထူး တိုးတက်မှု မရှိရင်တောင် အသိပညာကိုယ်ရည်ကိုယ်သွေး တိုးတက်လာဖို့ လိုအပ်ပါတယ်။ အလုပ်တစ်မျိုးတည်းကိုပဲ ထုံးစံအတိုင်း လုပ်ခိုင်းနေပြီး သင့်အရည်အချင်းကို တိုးတက်စေမယ့် စိန်ခေါ်မှုမျိုး မပေးဘူးဆိုရင် သင့်ကုမ္ပဏီဟာ သင့်ကို ဂရုမစိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။

### (၄) ထွက်တဲ့သူများရင်

သင့်အလုပ်မှာ နှုတ်ဆက်ပွဲတွေ မကြာခဏ တက်နေရတယ်ဆိုရင် ထွက်တဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း အလုပ်တွေ မကြာခဏ ပြောင်းတတ်သူတွေ မဟုတ်ဘူးဆိုရင် သူတို့ ဘာကြောင့်ထွက်ရသလဲဆိုတာ မေးကြည့်ဖို့ လိုပါတယ်။ ဒါမှ သူတို့ရဲ့လမ်းကို လိုက်လုပ်သင့် မလုပ်သင့် စဉ်းစားနိုင်မှာပါ။

### (၅) ဖွဲ့စည်းပုံတွေ ပုံမှန်ပြောင်းနေရင်

သင့်ကုမ္ပဏီရဲ့ ရာထူးအမြင့်ဆုံးနေရာတွေက ပုံမှန်လို အပြောင်းအလဲရှိနေတယ်၊ ခေါင်းဆောင်တွေ မကြာခဏ ပြောင်းနေမယ်ဆိုရင် အခြေအနေ မကောင်းပါဘူး။ ဖွဲ့စည်းပုံပြောင်းတာဟာ ဝန်ထမ်းတွေအတွက် စိန်ခေါ်မှု ဖန်တီးပေးဖို့လည်း ဖြစ်နိုင်ပေမယ့် များသောအားဖြင့်တော့ ကုမ္ပဏီမှာ ပြဿနာတွေ ရှုပ်ထွေးနေကြောင်း ပြသတာပါ။

### (၆) နာမည်ကြီးလုပ်ငန်းတွေက ကမ်းလှမ်းလာရင်

အလုပ်ခေါ်စာ အီးမေးလ်တွေက များသောအားဖြင့်တော့ ဘာမှအကျိုးမထူးတတ်ပါဘူး။ ဒါပေမဲ့ နာမည်ကြီးလုပ်ငန်းတွေ အဖွဲ့အစည်းကြီးတွေဆီ ကမ်းလှမ်းစာတွေ ဝင်တာများလာပြီဆိုရင် သူတို့ပေးမယ့် ရာထူးနဲ့ လစာကို ကြည့်ပြီး သင့်ရဲ့တက်လမ်းအတွက် ပြောင်းသင့်ပါတယ်။

**Ref: Time**

# "နည်းပညာသစ်ကတော့ ခွဲစိတ်ကုသမှုနည်းပညာတွေကို လေ့လာလုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ထားတာပါ"

## ဆေးတက္ကသိုလ် (မန္တလေး) ခန္ဓာဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာလသဘန်ခွန်နှင့်တွေ့ဆုံခြင်း

မောင်သန့်

**အဆင့်မြင့်ခွဲစိတ်ပညာလေ့လာနိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့ ငွေကြေးများစွာကုန်ကျခံ သွားရောက်လေ့လာနေကြရာ ငွေကြေးမတတ်နိုင်သည့် ဆရာဝန်ငယ်များ ပြည်တွင်း၌ပင် လေ့လာနိုင်စေရန် သေဆုံးပြီးခန္ဓာကိုယ်များကို သက်ရှိခန္ဓာကိုယ်များအတိုင်း ထိန်းသိမ်းထားနိုင်မည့် Saturated Salt Solution ဆေးနည်းအသစ်ကို အသုံးပြုသည့် ခွာတ်ခွဲခန်းတစ်ခုကို မြန်မာနိုင်ငံတွင် ပထမဆုံးစတင်အကောင်အထည်ဖော်နိုင်ပြီဖြစ်ရာ ယင်းသို့ဆောင်ရွက်နိုင်ရေး ဦးဆောင်ခဲ့သည့် ဆေးတက္ကသိုလ် (မန္တလေး) ခန္ဓာဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာလသဘန်ခွန်နှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြပါသည်။**

**Voice : အခု ဆေးတက္ကသိုလ် (မန္တလေး) မှာ စတင် အသုံးပြုနိုင်ပြီဖြစ်တဲ့ လူသေခန္ဓာကိုယ်ထိန်းသိမ်းနည်း အသစ်အကြောင်းလေး ရှင်းပြပေးပါခင်ဗျ။**

**Prof. LBK :** ဖော်မလင်ဆေး ရာခိုင်နှုန်းနည်းတဲ့ နည်းပညာသစ်ကတော့ တခြားနိုင်ငံတွေ အထူးသဖြင့် ဂျပန်နိုင်ငံမှာ အသုံးပြုနေတဲ့ ဆားရည်များတဲ့ နည်းပညာ (Saturated Salyt Solution-SSS) ကို ဒီက ရာသီဥတု အခြေအနေတွေနဲ့ အဆင်ပြေအောင် ပြင်ဆင်အသုံးပြုထားတာဖြစ်ပါတယ်။

**Voice : အရင်က စဉ်ဆက်မပြတ်အသုံးပြုလာခဲ့တဲ့ ဖော်မလင်ပမာဏများတဲ့နည်းကို အသုံးပြုပြီး ခန္ဓာကိုယ်တွေကို ထိန်းသိမ်းခဲ့ရစဉ်က ဆေးကျောင်းသားတွေ၊ ဘွဲ့လွန်ကျောင်းသားတွေ ခွဲစိတ်ကုဆေးပညာလေ့လာခဲ့ရတဲ့ အခြေအနေကို ပြောပြပေးပါခင်ဗျ။**

**Prof. LBK :** ဆေးတက္ကသိုလ်တွေမှာ ခန္ဓာကိုယ်ကို ကြာရှည်ထိန်းသိမ်းဖို့အတွက် အရင်ကတည်းက အစဉ်အဆက် အသုံးပြုခဲ့ကြတဲ့ ဆေးရည်တွေမှာ ဖော်မလင်ဆေး ရာခိုင်နှုန်း အများကြီးပါပါတယ်။ ဒါကြောင့်လည်း ထိန်းသိမ်းထားတာ ကြာလာတာနဲ့ အမျှ အရောင်ကညိုလာပြီး မာကျောလာတတ်ပါတယ်။ ဒုတိယနှစ်ဆေးကျောင်းသားတွေအတွက်ကတော့ ခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံကိုသာ လေ့လာကြတာဖြစ်တဲ့အတွက် မာကျောတာက သင်ကြားရေးမှာ ပြဿနာမရှိပါဘူး။ ဘွဲ့လွန်တွေအတွက်ကျတော့ နည်းပညာနဲ့ကျွမ်းကျင်မှုကို လေ့လာကြတာဖြစ်တဲ့အတွက် လူအရှင်နီးပါး ပျော့ပျောင်းနေမှပဲ ပိုအဆင်ပြေပါတယ်။ ဒါကြောင့် ဖော်မလင်ဆေး ပမာဏနည်းတဲ့ နည်းပညာအသစ်ကို ပြောင်းလဲအသုံးပြုဖို့ ကြိုးစားရတာပါ။

**Voice : ဒီထိန်းသိမ်းမှုနည်းနှစ်ခုရဲ့ ကွာခြားချက်၊ အားနည်းချက်၊ အားသာချက်တွေ၊ နည်းစနစ်အသစ်ကို အသုံးပြုလို့ရလာမယ့် အကျိုးကျေးဇူးတွေဘာတွေများရှိမလဲခင်ဗျ။**

**Prof. LBK :** ဒီနည်းပညာနှစ်ခုရဲ့ အားသာချက်၊ အားနည်းချက်တွေကတော့ နည်းဟောင်းကညိုပြီးတော့ မာကျောသွားတတ်တယ်။ ဒါပေမဲ့ ကုန်ကျစရိတ်နည်းတယ်။ နည်းစနစ်ကလည်း ရိုးရှင်းတယ်။ ကြာရှည်ပိုအထားခံတယ်။ ဘွဲ့ကြိုသင်ကြားရေးအတွက် အဆင်ပြေတယ်။

နည်းသစ်ကတော့ လူအရှင်နီးပါးပျော့ပျောင်းနေအောင် ထိန်းသိမ်းထားနိုင်တဲ့အတွက် ခွဲစိတ်နည်းပညာတွေကို လေ့ကျင့်ဖို့အတွက် ပိုပြီးအထောက်အကူပြုတယ်။ ဒါပေမဲ့ ကုန်ကျစရိတ်များပါတယ်။ ကြာရှည်ထားဖို့အတွက် အအေးစနစ်လိုတယ်။ နည်းဟောင်းထက် ဆေးသွင်းတဲ့စနစ် အဆင့်တွေ ပိုများတယ်။

**Voice : အနောက်နိုင်ငံတွေမှာ ၁၉ ရာစုအကုန်၊ ၂၀ ရာစုအစကတည်းက အသုံးပြုလာခဲ့ကြတဲ့ ဒီခန္ဓာကိုယ်ထိန်းသိမ်းနည်းသစ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဘာကြောင့် နှစ်ပေါင်းများစွာနောက်ကျပြီးမှ အသုံးပြုနိုင်ရတာလဲခင်ဗျ။**

**Prof. LBK :** အခုနည်းပညာအသစ်ကတော့ ဆေးပညာဂျာနယ်တွေမှာ ၂၀ ရာစုနောက်ပိုင်းမှာစတင်ဖော်ပြလာခဲ့ပေမယ့် နိုင်ငံတကာဆေးတက္ကသိုလ်တိုင်းမှာတောင် အပြည့်အဝအသုံးပြုနိုင်ခြင်း မရှိသေးပါဘူး။ တိုးတက်လာတဲ့ဆေးပညာတွေနဲ့အတူ သင်ကြားရေးနည်းပညာတွေလည်း မြှင့်တင်ဖို့ကြိုးစားလာရတဲ့အတွက် ဒီနည်းပညာအသစ်ကို စတင်အသုံးပြုနိုင်ဖို့အတွက် ကြိုးစားတာပါ။ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံး စတင်ကြိုးစားရတာပါ။ ဂျပန်နိုင်ငံလို အဆင့်ကိုမီဖို့အတွက်ကတော့ လိုအပ်ချက်တွေရှိနေပါသေးတယ်။ ထပ်ကြိုးစားရပါဦးမယ်။

“ တိုးတက်လာတဲ့ ဆေးပညာတွေနဲ့အတူ

သင်ကြားရေးနည်းပညာတွေလည်း

မြှင့်တင်ဖို့ကြိုးစားလာရတဲ့အတွက်

ဒီနည်းပညာအသစ်ကို စတင်အသုံးပြုနိုင်ဖို့အတွက်

ကြိုးစားတာပါ ”

**Voice : အရင်က ဒီနည်းပညာကို အသုံးမပြုနိုင်တဲ့ အခြေအနေမှာ ခန္ဓာဗေဒကို လေ့လာသင်ကြားရာမှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲတွေများ ရှိပါသလားခင်ဗျ။**

**Prof. LBK :** ဒုတိယနှစ် ဆေးကျောင်းသားတွေအတွက်ကတော့ ခန္ဓာဗေဒဘာသာဆိုတာ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံကိုသာ လေ့လာကြရတာဖြစ်တဲ့အတွက် နည်းပညာအသစ်သုံးပြီးသင်တာနဲ့ နည်းပညာအဟောင်းသုံးတာမှာ ကွာခြားချက် ကြီးကြီးမားမား မရှိပါဘူး။ နိုင်ငံတိုင်းမှာလည်း ဘွဲ့ကြိုသင်ကြားရေးမှာ ဖော်မလင်ဆေးရာခိုင်နှုန်းများတဲ့စနစ်ကိုပဲ အသုံးပြုနေကြပါတယ်။ နည်းပညာသစ်ကတော့ ခွဲစိတ်ကုသမှုနည်းပညာတွေကို လေ့လာလုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ထားတာပါ။ အခုအသစ်ဖွင့်တဲ့ Cadaveric Surgical Training Centre အတွက် အဓိကလိုအပ်တာဖြစ်ပါတယ်။



ဓာတ်ပုံ-မောင်သန့်

**Voice : ဒေါက်တာအနေနဲ့ ခန္ဓာကိုယ်ထိန်းသိမ်းမှု ၊ ဆေးကျောင်းသား၊ ဆေးပညာလွဲ့လွန်ကျောင်းသားတွေ၊ ရရှိလာနိုင်တဲ့ အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားချင်တာများ ရှိရင် ပြောပေးပါခင်ဗျ။**

**Prof. LBK :** ဒီနည်းပညာအသစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်မယ်ဆိုရင် ခုလို Cadaveric Surgical Traing Centre တွေများများဖွင့်လာနိုင်မယ်ဆိုရင်၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး International Traing Workshop တွေဖိတ်ခေါ် ကျင်းပလာနိုင်မယ်ဆိုရင် နိုင်ငံအတွက် လိုအပ်တဲ့ ခွဲစိတ်ပညာရှင်တွေ လေ့ကျင့်ပျိုးထောင်မှုမှာ ပိုပြီးအထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကလည်း ဆေးပညာသင်ကြားရေးကို တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ကူညီနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနည်းပညာသစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ဖို့အတွက်က ခန္ဓာကိုယ်အလှူရှင်များရဲ့ ကူညီမှုကလည်း အရေးကြီးပါတယ်။ လှူဒါန်းထားသော်လည်း သေဆုံးပြီး ၂၄ နာရီအတွင်းဆေးသွင်းနိုင်မှသာ နည်းစနစ်အားလုံးအတွက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

**Voice : အခုလို အချိန်ပေးဖြေကြားပေးတဲ့ ဒေါက်တာကို ကျေးဇူးတင်ပါတယ်ခင်ဗျ။** ■

# မြဝတီကုန်သွယ်ရေးဇုန်တွင် အွန်လိုင်းလိုင်စင် လျှောက်နိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ၏ အရေးပါသော နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန်မှ လုပ်ငန်းရှင်များသည် အွန်လိုင်းမှတစ်ဆင့် လုပ်ငန်းလိုင်စင်များ လျှောက်ထားခြင်းစနစ် (Fully Online Licence System) ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

ယင်းစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနက လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ခြင်းနှင့် e-Token ရောင်းချခြင်းလုပ်ငန်းများကို ဩဂုတ်လအတွင်းက ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ထို့ကြောင့် မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်ပစ္စည်းတင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုလုပ်ရာတွင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့သို့ သွားရောက်၍ လိုင်စင်လျှောက်ထားရန် လိုအပ်တော့မည်မဟုတ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ထိုစနစ်အသုံးပြုခြင်းကို ကြိုဆိုပြီး အွန်လိုင်းစနစ်သည် အချိန်ကုန်သက်သာခြင်း၊ လူပင်ပန်းသက်သာစေခြင်းအပြင် ငွေကုန်ကြေးကျလည်း သက်သာစေနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောဆိုသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အွန်လိုင်းမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားခြင်းစနစ်ကို ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ စတင်၍ စမ်းသပ်လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ပထမအဆင့်အနေနှင့် ပို့ကုန်ပစ္စည်း ၂၈ မျိုး၊ သွင်းကုန် ၁၅ မျိုးတို့ဖြင့် စုစုပေါင်း ၄၃ မျိုးကို ခွင့်ပြုထားသည်။ ■

# ချက်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ချက်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် စက်တင်ဘာလ ၅ ရက်နေ့က နားလည်မှုစာချွန်လွှာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ (International Business Promoting Centre- IBPC) ထံမှ သိရသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ (IBPC) နှင့် ချက်နိုင်ငံ ကုန်ထုတ်လုပ်ငန်းရှင်များအသင်း(Confederation of Industry of the Czech Republic) တို့သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးရုံးတွင်ပြုလုပ်သည့် ချက်-မြန်မာ စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ကြရန် ရွှေတောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းအပါအဝင် လုပ်ငန်းရှင်ကိုယ်စားလှယ် ၃၀ ကျော်နှင့် ချက်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Martin Tlapa တို့ လက်မှတ်ရေးထိုးခဲ့ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

စက်မှုယန္တရားပစ္စည်းများ၊ နည်းပညာဆိုင်ရာလုပ်ငန်းများ၊ သယံဇာတနှင့် လယ်ယာကဏ္ဍများတွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စက်မှုလယ်ယာစိုက်ပျိုးမှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပို့ကုန်အဖြစ်သာမက နှစ်နိုင်ငံလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာစနစ်နှင့် မူပိုင်ခွင့်ကာကွယ်ရေးကဏ္ဍများကို ချက်နိုင်ငံက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း IBPC ထံမှ သိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချက်နိုင်ငံမှ စက်မှုလုပ်ငန်း စက်ရုံများ၊ ဘီယာ၊ ဝိုင်လုပ်ငန်းများ၊ ချက်ရိုးရာဖန်ချက်စက်ရုံနှင့် စီးပွားရေးဇုန်များသို့ လိုက်လံလေ့လာကြပြီး စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်ကာ အနောက်နိုင်ငံများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားမှု အားကောင်းလာကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။ ■



တ်ပုံ - The Voice

# ၂၀၀ ကျပ်တန်ထီအကွာရာ လျှော့ထုတ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ကျပ် ၅၀၀ တန်ထီထွက်ရှိမည့် ၂၀၁၇ ခုနှစ် မတ်လတွင် ၂၀၀ ကျပ်တန်ထီများကို အကွာရာသုံးလုံးအထိသာ ထုတ်တော့မည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောကြားသည်။

လက်ရှိတွင် ၂၀၀ ကျပ်တန်ထီကို အကွာရာအလုံး ၄၀ ထုတ်ကာ ရောင်းချနေခြင်းဖြစ်ပြီး ဆုကြေးနည်းသည့် ကျပ် ၂၀၀ တန်ထီထက် ဆုကြေးများသည့် ကျပ် ၅၀၀ တန်ထီကို စိတ်ဝင်စားမှု ပိုများမည်ဟု ယူဆသောကြောင့် ယင်းကဲ့သို့ လျှော့ထုတ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"မတ်၊ ဧပြီ၊ မေမှာ ၂၀၀ ကျပ်တန်ထီတွေကို လျှော့ထုတ်ပြီးရင် နောက်ပိုင်းမှာ ကျပ် ၅၀၀ တန်ထီတွေကိုပဲ ထုတ်သွားမယ်လို့ ရည်ရွယ်ထားတယ်။ ၂၀၀ တန်ထီတွေကို ဖျက်သိမ်းသွားဖို့အထိ ရှိတယ်" ဟု ၎င်းကဆိုသည်။

၂၀၀ ကျပ်တန်ထီမှာ အုပ်ရေတစ်အုပ်ရောင်းချလျှင် ကျပ် ၂၀၀ သာမြတ်သောကြောင့် ပြင်ပဈေးကွက်အတွင်း ဈေးပိုရောင်းချမှုများ ရှိနေခြင်းဖြစ်ပြီး အသစ်ထွက်မည့် ကျပ် ၅၀၀ တန်ထီမှာ တစ်အုပ်ရောင်းရလျှင် ကျပ် ၅၀၀ မြတ်သောကြောင့် ဈေးအများကြီးတက်ခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ဈေးပိုရောင်းချပါက အရေးယူရန်မှာမူ အောင်ဘာလေထီ ဥပဒေထွက်မှသာ အရေးယူနိုင်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲထံမှ သိရသည်။

ထီတစ်စောင်ကျပ် ၅၀၀ မှာ အခြေခံလူတန်းစားများထိုးနိုင်ရန် ခက်ခဲသည့်ဈေးနှုန်းဖြစ်ပြီး ပြင်ပတွင် ကျပ် ၅၀၀ ထက်ပိုရောင်းပါက ထီထိုးမည့်သူများ စိတ်ဝင်စားမှု ပိုနည်းနိုင်သောကြောင့် ကျပ် ၂၀၀ တန်ထီနှင့် ကျပ် ၅၀၀ တန်ထီကို ပူးတွဲထုတ်သင့်ကြောင်း၊ ထီထွက်သည့်အချိန်ကိုလည်း လလယ်နှင့် လကုန်ဟူ၍ နှစ်မျိုးထားရှိသင့်ကြောင်း ထီလုပ်ငန်းရှင် ဦးမြင့်သောင်းက ပြောဆိုသည်။

၂၀၁၇ ခုနှစ် မတ်လတွင် အမြင့်ဆုံးဆုကြေး ကျပ်သိန်းတစ်သောင်းပေးမည့် ကျပ် ၅၀၀ တန်ထီကို ရောင်းချမည်ဖြစ်သည်။ ■

မဂွင်လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့

MDCG

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မဂွင် လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့သည် ပြည်တွင်းမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအဝှမ်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်တွင်းပြည်ပ မှ အလှူရှင်များ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာ (၂)ရွာတွင် ရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၁၂-၉-၂၀၁၆) (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - (၁၉-၉-၂၀၁၆) (တနင်္လာနေ့)
တင်ဒါပိတ်မည့်အချိန် - (၁၆:၀၀)နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို အမှတ်(၂၈၂/ခ)၊ မြို့မတော်ကလပ်အမှတ်(၂) ရပ်ကွက်၊ ကွတ်ခိုင်မြို့ ရှမ်းပြည်နယ်ရှိ မဂွင်လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၉ - ၄၃၁၄၃၁၈၉၂ သို့ဆက်သွယ်နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မဂွင်လူမှုဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့

# ပုဂံဘုရားအချို့အနီး ယာဉ်များ ဖြတ်သန်းခွင့်မပြုရန် အုပ်ချုပ်ရေးထံတင်ပြ

**မန္တလေး၊ စက်တင်ဘာ ၁၁**

ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားစေတီများနှင့် သရပါတံခါးအနီးမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေခြင်းကို ယာယီတားမြစ်ပေးနိုင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများထံ တင်ပြထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။

"ငလျင်ဒဏ်ခံထားရတဲ့အတွက် တုန်ခါမှုကြောင့် ဘုရားတွေ ပိုပြီးထိခိုက်လာမှာ စိုးရိမ်ရတာကြောင့် တားမြစ်ရတာပါ။ ဘုရားတွေအနီးအနားမှာ ကားအသွားအလာတွေမပြုစေဖို့ ခရိုင်အုပ်ချုပ်ရေးမှူးဆီတင်ပြထားတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

သဗ္ဗညု၊ ပုထိုးသားများဘုရား၊ နတ်လှောင်ကျောင်းနှင့် သရပါတံခါး စသည်တို့အနီးမှနေ၍ မော်တော်ယာဉ်များ သွားလာနေခြင်းကို ယာယီတားမြစ်ပေးထားရန် တင်ပြထားခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"ကျွန်တော်တို့ အနေနဲ့ကလည်း အစီအစဉ်ရှိပါတယ်။ ဒီလိုသွားလာခွင့်မပြုဖို့ အစမ်းလုပ်ကြည့်ချင်ပါတယ်။ သို့သော်လည်း ဒီအစီအစဉ်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေကို ချပြပါမယ်။ မြို့လူထုကိုလည်း ချပြပါမယ်။ မြို့လူထု သဘောတူမှုပဲ လုပ်ဖြစ်မယ့် သဘောရှိပါတယ်" ဟု ညောင်ဦးခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ညနေ ၅ နာရီ ၁၄ မိနစ် ၅၅ စက္ကန့်အချိန်က ချောက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု လှုပ်ခတ်ခဲ့သည့် ရစ်ခ်ျစတာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံဒေသရှိ ဘုရားစေတီ ၃၈၇ ဆူ ထိခိုက်ပျက်စီးခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ■




ဓာတ်ပုံ - မောင်ရဲနွေ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေ (လယ်) နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ စေတနာရှင်၊ အလှူရှင်များက သုခရိပ်မြုံ (မန္တလေး) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ HIV/AIDS ကူးစက်ခံနေရသည့် ကလေးသူငယ်များအတွက် အလှူငွေ ကျပ် ၂၁ သိန်းနှင့် အခြားပစ္စည်းများ လှူဒါန်းခဲ့သည်ကို စက်တင်ဘာလ ၁၁ ရက်နေ့က တွေ့ရစဉ်။

# တိုင်းရင်းဆေးကောင်စီဥပဒေ ပြင်ဆင်ရန်လိုဟုဆို

**မန္တလေး၊ စက်တင်ဘာ ၁၁**

တိုင်းရင်းဆေးဆရာများအတွက် အရေးပါသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြုပြင်ပြောင်းလဲရန်လိုနေပြီဖြစ်ကြောင်း တိုင်းရင်းဆေးဆရာများက ပြောကြားသည်။

မန္တလေးမြို့ရှိ တိုင်းရင်းဆေးပညာတက္ကသိုလ်၌ စက်တင်ဘာလ ၁၀ ရက်နေ့က ပြုလုပ်သည့် တိုင်းရင်းဆေးကောင်စီဥပဒေပြင်ဆင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ၎င်းတို့က ပြောကြားခဲ့ခြင်းဖြစ်သည်။

"လက်ရှိကျင့်သုံးနေတဲ့ တိုင်းရင်းဆေးကောင်စီဥပဒေက လွန်ခဲ့တဲ့ ၁၆ နှစ်ကတည်းက ပြဋ္ဌာန်းခဲ့တာ။ ခေတ်နဲ့မညီတာတွေ၊ တိုင်းရင်းဆေး ဆရာတွေ တိုင်းရင်းဆေးပညာအတွက် အကျိုးမပြုတာတွေရှိလာတဲ့အတွက် အမည်နာမအပါအဝင်၊ ဖွဲ့စည်းပုံကို အစကနေ ပြန်ပြောင်းဖို့ လိုနေပြီ" ဟု သနပ်ပင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးက တိုင်းရင်းဆေးကောင်စီဥပဒေပြင်ဆင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် မီဒီယာများကို ပြောကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ပြဋ္ဌာန်းအတည်ပြုခဲ့ပြီး လက်ရှိအသုံးပြုနေသည့် တိုင်းရင်းဆေးကောင်စီဥပဒေသည် ယင်းအချိန်က အစိုးရအဖွဲ့၏ အုပ်ချုပ်မှုစနစ် လွယ်ကူစေရေးအတွက် ဦးစားပေးရေးဆွဲဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြင်ပတိုင်းရင်းဆေးဆရာများပါဝင်မှု အရေအတွက် နည်းပါးခဲ့ကြောင်း၊ ယင်းအချက်များကြောင့် တိုင်းရင်းဆေးဆရာ အရေအတွက်သည် ခေတ်ကာလပြောင်းလဲမှုများအရ ကိုက်ညီမှုမရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"အဲဒီဥပဒေအရ ကောင်စီဝင်က ၁၁ ဦးရှိတယ်၊ ခြောက်ဦးကို အစိုးရဌာနက တာဝန်ပေးရမယ်၊ ငါးဦးက ပြင်ပတိုင်းရင်းဆေး ဆရာဖြစ်ရမယ်လို့ပြဋ္ဌာန်းထားတာ။ ဒါပေမဲ့ အဲဒီငါးယောက်ကလည်း ပြင်ပက မဟုတ်ဘူး၊ အစိုးရဌာနတွေကပဲ ဖြစ်နေတယ်၊ ဒီတော့ ပြင်ပကတိုင်းရင်းဆေး ဆရာတွေကို ကိုယ်စားမပြုဘူးဖြစ်နေတယ်၊ လက်ရှိမှာ တိုးလာတဲ့တိုင်းရင်းဆေးဆရာ အရေအတွက်ကလည်း များနေတယ်၊ ၁၁ ဦးတည်းနဲ့ အဆင်မပြေနိုင်တော့ဘူး၊ ဥက္ကဋ္ဌတာဝန်ကိုလည်း (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန) ညွှန်ကြားရေးမှူးချုပ်က ယူထားတယ်။ သူ့အနေနဲ့ ဌာနများစွာကိုင်တွယ်နေရသူဆိုတော့ တိုင်းရင်းဆေးကဏ္ဍကို အာရုံမစိုက်နိုင်ဘူးဖြစ်နေတယ်" ဟု ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းဆေးဆရာများကဏ္ဍနှင့် ပတ်သက်၍ အဆိုတင်သွင်းနေသူ ဦးမြင့်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးဆရာ ၇၀၀၀ ကျော်ရှိနေပြီး ကျေးလက်ဒေသများတွင် တိုင်းရင်းဆေးဝါး အသုံးပြုသူ မြင့်မားနေဆဲဖြစ်ကြောင်း၊ ယင်းကြောင့် တိုင်းရင်းဆေးဆရာများကို ကိုယ်စားပြုပြီး အကာအကွယ်ပေးနိုင်သော တိုင်းရင်းဆေးကောင်စီဥပဒေ ဖြစ်ပေါ်လာရေးအတွက် ယင်းဥပဒေကို ပြင်ဆင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းရင်းဆေးကောင်စီဝင် ဦးဝင်းကိုက ပြောကြားသည်။

တိုင်းရင်းဆေးကောင်စီဥပဒေ ပြင်ဆင်နိုင်ရေးအတွက် တိုင်းရင်းဆေးဆရာများ၏ သဘောထားမှတ်ချက်များ ကောက်ယူခြင်းကို စက်တင်ဘာလ ၁၀ ရက်နေ့ကကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲမှ စတင်ခဲ့ခြင်းဖြစ်ပြီး အများဆန္ဒဖြင့် ပြင်ဆင်ခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဟု ၎င်းကဆိုသည်။

တိုင်းရင်းဆေးကောင်စီ ဥပဒေပြင်ဆင်ရေး သဘောတူညီမှုများရရှိပါက ဥပဒေပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းခြင်းမှ စ၍ ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းဆေးကောင်စီ ဥပဒေပြင်ဆင်ရေးအဆိုများ တင်သွင်းသွားမည်ဖြစ်ပြီး ပြင်ဆင်ခွင့်ရခဲ့ပါက တိုင်းရင်းဆေးဆရာများ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ရမည့်ပုဒ်မများကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းဆေးဆရာများထံမှ သိရသည်။ ■

# သပိတ်ကျင်းတွင် တရားမဝင်သစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်ကို ပိုင်ရှင်မဲ့ဖမ်းမိ

**သပိတ်ကျင်း၊ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာအဝင်၌ တရားမဝင်သစ်များ တင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာလ ၁၀ ရက်နေ့ ညနေ ၆ နာရီ ၃၀ အချိန်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

နယ်မြေခံ တပ်မတော်သားများ အပါအဝင် သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ကြီးရွာအဝင်လမ်းတွင်ရပ်ထားသည့် ခြောက်ဘီးတပ် ကုန်တင်ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ကို မတွေ့ရဘဲ တရားမဝင်သစ်များကို တွေ့ရှိခဲ့သည်ဟု သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်ပေါ်မှ ပိတောက်သစ်ခွဲသား အရွယ်စုံ ၃၆ ချောင်း ၇ ဒသမ ၁၈၃၀ တန် သိမ်းဆည်းရမိခဲ့သည်ဟု သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ တရားမဝင်သစ်များ ဖမ်းဆီးရမိမှု မှတ်တမ်းတွင် ဖော်ပြထားသည်။



ဓာတ်ပုံ-တင်ဇော်ဦး

ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည့် တရားမဝင်သစ်တင်ယာဉ်ကိုသစ်တော၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ ပူးပေါင်းစစ်ဆေးနေစဉ်

အဆိုပါတရားမဝင်သစ်များ တင်ဆောင်ထားသော မော်တော်ယာဉ်နှင့် တရားမဝင်သစ်များကို ၇ မိုင် သစ်တောရုံးတွင်ထားရှိကာ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကို ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သပိတ်ကျင်းမြို့မှ ရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းဌေးက ပြောကြားသည်။ ■




မန္တလေးကုန်စည်ဒိုင်တွင် ပဲ၊ နှမ်းကုန်သည်များ ရောင်းဝယ်ဖောက်ကားနေသည်ကိုတွေ့ရစဉ်

# မန္တလေး ကုန်စည်ဒိုင် ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းခန့်ကျ

**မန္တလေး၊ စက်တင်ဘာ ၁၁**

တရုတ်ဝယ်လက်ကိုသာ အဓိက အားထားနေရသည့် မန္တလေးမြို့တော် အခြေစိုက် ပွဲစား၊ ကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အနေနှင့် လတ်တလောတွင် ပဲ၊ နှမ်းနှင့် ကုန်စည်အမျိုးမျိုး အရောင်းအဝယ်ပြုလုပ်သည့် ကုန်စည်စီးဆင်းမှုမှာ ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းနေကြောင်း အဆိုပါ ကုန်စည်ဒိုင်အသင်းထံမှ သိရသည်။

ယင်းသို့ ကျဆင်းရခြင်းမှာ တရုတ်ဝယ်လက်များက ပဲ၊ နှမ်းနှင့် အခြားကုန်စည်များ မှာယူမှုမရှိခြင်းနှင့် ပြည်ပတွင် ပဲ၊ နှမ်းမျိုးစုံ ပေါ်ထွက်နေသည့် ကာလနှင့် ကြုံနေသောကြောင့်ဖြစ်ကြောင်း ယင်းအသင်း သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးကျော်သွင်က ပြောကြားသည်။

"လက်ရှိကာလမှာ အရောင်းအဝယ် အေးနေတာကတော့ အမှန်ပဲ။ ခုနစ်ဆယ်ရာခိုင်နှုန်းလောက် ကျသွားနေတယ်။ အဓိက ကတော့ ပြည်ပဝယ်လက်မရှိလို့ပေါ့၊ ပုံမှန်အားဖြင့် ကျွန်တော်တို့ ကုန်စည်ဒိုင်အနေနဲ့ တရုတ်နဲ့ အိန္ဒိယဝယ်လက်ကိုပဲ အားကိုးနေရတာ။ နိုဝင်ဘာလလောက်မှ ပုံမှန်ပြန်လည်ပတ်ဖို့ရှိတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

အဆိုပါ မန္တလေး ကုန်စည်ဒိုင် အသင်းအနေနှင့် ပြည်တွင်းထက် ပြည်ပဝယ်လက်များကိုသာ အားကိုးနေရပြီး ကုန်စည်စီးဆင်းမှုအရ တရုတ်သို့ ၇၀ ရာခိုင်နှုန်း၊ အိန္ဒိယသို့ ၃၀ ရာခိုင်နှုန်း တင်ပို့နေရသည့် အနေအထားရှိကြောင်း ယင်းအသင်းဝင်များထံမှ သိရသည်။

"ပြီးခဲ့တဲ့ မေလနဲ့ ဇွန်လလောက်ကတည်းက အရောင်းအဝယ် ကျသွားတာ။ အခုထိ အေးနေတုန်းပဲ။ မကောင်းဘူး" ဟု အဆိုပါ အသင်းဝင် ဦးခင်မောင်နိုင်ဦးက ပြောဆိုသည်။

မန္တလေးမြို့တော်အခြေစိုက် ပွဲစား၊ ကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) သည် ဥပုသ်နေ့ တစ်ရက်မှလွဲ၍ နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိသာ ဖွင့်လှစ်ခြင်းဖြစ်ပြီး လက်ရှိတွင် အသင်းသားဦးရေ လေးထောင်ကျော်ဖြင့် အရောင်းအဝယ် လည်ပတ်လျက်ရှိကြောင်း အဆိုပါ အသင်းထံမှ သိရသည်။ ■

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ဆရာများဥပဒေရေးဆွဲမည်

**မန္တလေး၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်က ဆရာ၊ ဆရာမများ၏အခွင့်အရေး ကာကွယ်နိုင်ရန်အတွက် ဆရာများဥပဒေ ရေးဆွဲသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်နိုင်ဦးက The Voice သို့ ပြောကြားသည်။

အခြေခံပညာဦးစီးဌာနအောက်မှ ဆရာ၊ ဆရာမများ၊ အဆင့်မြင့်ပညာ ဦးစီးဌာနအောက်မှ ဆရာ၊ ဆရာမများအတွက် ရည်ရွယ်သော ဥပဒေဆိုင်ရာ အချက်အလက်များ ပါဝင်မည်ဖြစ်ကာ နိုဝင်ဘာလအတွင်း ရေးဆွဲနိုင်ရန်ပြင်ဆင်ထားပြီး ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်း၌ပြုလုပ်မည့် လွှတ်တော်တွင် တင်သွင်းနိုင်ရန် အကောင်အထည်ဖော်သွားမည်ဟု ၎င်းကဆိုသည်။

ယင်းဥပဒေသည် ဆရာ၊ ဆရာမများ၏ အလုပ်အကိုင်နှင့်အခွင့်အရေးကို ကာကွယ်နိုင်မည်ဖြစ်ရာ ဥပဒေအတည်ပြုပြီးချိန်တွင် လက်တွေ့ဖော်ဆောင်မှုများ၊ ဥပဒေကို လေးစားလိုက်နာမှုများလည်း ဆောင်ရွက်ရန်လိုကြောင်း မုံရွာစီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခတစ်ဦးက မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့မှ အဖွဲ့ဝင် ၁၅၀ ကျော်သည် စက်တင်ဘာလ ဒုတိယပတ်အတွင်းက ပြည်သူ့လွှတ်တော်သို့ သွားရောက်လေ့လာခဲ့ကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်ကို ၂၀၁၄ ခုနှစ် မေလ ၂၈ ရက်နေ့က ယာယီဖွဲ့စည်းခဲ့ပြီး မန္တလေးမြို့၌ ၂၀၁၅ ခုနှစ် မေလပထမပတ်က ပြုလုပ်သည့် နှစ်ပတ်လည် အစည်းအဝေးတွင် တက္ကသိုလ်ဆရာ၊ ဆရာမများအလွှာ၊ အခြေခံပညာဦးစီးဌာနအောက်မှ ဆရာ၊ ဆရာမများအလွှာ၊ ကိုယ်ပိုင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများအလွှာတို့မှ အလုပ်အမှုဆောင် ၃၆ ဦးဖြင့် ပြန်လည်ရွေးချယ် ဖွဲ့စည်းခဲ့ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အင်အား ၄၀၀၀ ခန့်ရှိကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် Myanmar Teachers' Federation-MTF ကို မြန်မာနိုင်ငံ၏ ပညာရေး အဆင့်အတန်းမြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အသီးသီး၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဒီမိုကရေစီပညာရေးစနစ် ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ရန်၊ အဖွဲ့ချုပ်ဝင် ဆရာ၊ ဆရာမများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်၊ ကျောင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရန်၊ ဆရာ၊ ဆရာမများ၏ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် နစ်နာမှုများကို ကူညီဆောင်ရွက်ပေးရန်၊ ဆရာ ဆရာမများ၏ သဘောထားဆန္ဒများကို လွတ်လပ်စွာဖော်ထုတ်ရာတွင် ကူညီမှုပေးရန်၊ ဆရာ၊ ဆရာမများအနေနှင့် မိမိတတ်ကျွမ်းသော ပညာရပ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် လွတ်လပ်စွာအသုံးချခွင့်ရှိစေရန်၊ ပညာရပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒေသတွင်း အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ရန် သို့မဟုတ် ဆက်သွယ်နိုင်ရန် ကူညီဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။ ■

# လင်းလင်း၏ Tour ဖျော်ဖြေရေး အစီအစဉ် မန္တလေးမြို့မှစတင်

**မန္တလေး၊ စက်တင်ဘာ ၁၁**

ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်သည့် တေးသံရှင် လင်းလင်းသည် မြို့ကြီးငါးခု၌ ခရီးသွား Tour ဖျော်ဖြေရေး အစီအစဉ် ပြုလုပ်မည်ဖြစ်ရာ အဆိုပါအစီအစဉ်ကို မန္တလေးမြို့တွင် စတင်မည်ဖြစ်ကြောင်း လင်းလင်းက ပြောကြားသည်။

Tour ဖျော်ဖြေရေး အစီအစဉ် အဖြစ် မန္တလေး၊ မကွေး၊ မုံရွာ၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့တွင် တစ်ကိုယ်တော် ဖျော်ဖြေပွဲများ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်နေ့တွင် Rock For Mandalay ခေါင်းစဉ်ဖြင့် တစ်ကိုယ်တော် ဖျော်ဖြေမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"တစ်ကိုယ်တော် Tour ဖျော်ဖြေရေးတွေ နှစ်စဉ်လုပ်နိုင်ဖို့ စီစဉ်ထားပါတယ်၊ တစ်ကိုယ်တော်ရှိုးပွဲ လုပ်ရတာက ကိုယ့်ပရိသတ်တွေကို သီချင်းတွေအများကြီးနဲ့ ဖျော်ဖြေချင်တဲ့စိတ်နဲ့ပါ၊ နောက်ပိုင်းမှာ စုပေါင်းပွဲတွေမှာ လိုက်ဆိုတာလျော့ပြီး တစ်ကိုယ်တော်ရှိုးပွဲတွေပဲ အများဆုံးလုပ်သွားဖို့ရှိပါတယ်။ အခု မန္တလေးရှိုးပွဲမှာလည်း သီချင်း ၃၅ ပုဒ်လောက်ထိ ဖျော်ဖြေမယ်" ဟု လင်းလင်းက ထပ်လောင်း ပြောဆိုသည်။

တေးသံရှင် လင်းလင်းအနေနှင့် မန္တလေးမြို့၌ တစ်ကိုယ်တော် ဖျော်ဖြေပွဲများ မလုပ်ဖြစ်သည်မှာ ၂ နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ မန္တလေးသားတစ်ဦးဖြစ်သည့် လင်းလင်း၏ အမာခံပရိသတ်များအနေနှင့် ယခုအစီအစဉ်ကို ကြည့်ရှုသူများနိုင်ကြောင်း ချမ်းအေးသာစံမြို့နယ်မှ အသက် ၃၄ နှစ်အရွယ်ရှိ ဦးဝဏ္ဏစိုးက ပြောကြားသည်။

တေးသံရှင် လင်းလင်း၏ Rock For Mandalay တစ်ကိုယ်တော် ဖျော်ဖြေပွဲကို မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး ကားပါကင် အပေါ်ဆုံးထပ်၌ အောက်တိုဘာ ၂ ရက်နေ့ ညနေ ၆ နာရီအချိန်တွင် စတင်မည်ဖြစ်ရာ လက်မှတ်ဈေးနှုန်းများ အနေနှင့် ခုံမဲ့များအတွက် တစ်ဦးလျှင် ၇၀၀၀ ကျပ်၊ အထူးတန်းများအတွက် ကျပ် ၂၀,၀၀၀ နှင့် ကျပ် ၃၀,၀၀၀ ဟု သတ်မှတ်ထားပြီး အထူးတန်း လက်မှတ်စောင်ရေ ၄၀၀ နီးပါးသာရောင်းချပေးမည် ဖြစ်ကာ လက်မှတ်များကို စက်တင်ဘာ ၂၀ ရက်နေ့စ၍ ရောင်းချမည်ဖြစ်သည်။ ■




မြို့ကြီးငါးမြို့တွင် တေးသံရှင်လင်းလင်းတစ်ကိုယ်တော်ဖျော်ဖြေမည်ဖြစ်သည်

# မြောက်ဦးဒေသရှိ ငလျင်ဒဏ်သင့် ရတနာ့မာန်အောင်စေတီ ထိန်းသိမ်းခြင်းလုပ်ငန်း စတင်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ဩဂုတ်လအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရတနာ့မာန်အောင်စေတီတော်ကို ပြင်ပအလှူငွေဖြင့် ကနဦးထိန်းသိမ်းခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ (မြောက်ဦးဌာန) ညွှန်ကြားရေးမှူး ဦးစောငြိမ်းက ပြောကြားသည်။

ငလျင်ဒဏ်သင့်မှုကြောင့် ရတနာ့မာန်အောင်စေတီတော်မှာ ငှက်ပျောဖူးနှင့်ထီးတော်ပြိုကျခဲ့ရပြီး အခြားထိခိုက်ခဲ့ရမှုများ ရှိခဲ့သောကြောင့် ရတနာ့မာန်အောင်ဆရာတော်က မတည်ငွေကျပ်သိန်းနှစ်ရာဖြင့် အရေးပေါ်ထိန်းသိမ်းခြင်းကို စတင်လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ဦးစောငြိမ်းက ရှင်းပြသည်။

"မိုးတွေကလည်း များလာတော့ စေတီတော်ထဲ မိုးရေတွေရောက်ရင် အောက်က ကျောက်သားတွေနဲ့စေတီတော်ရဲ့ ကြံ့ခိုင်မှုအခြေအနေစိုးရိမ်ရနိုင်တယ်။ ဒါမို့ ကန့်ငြမ်းဆင်းတဲ့လုပ်ငန်းစပြီး အရေးပေါ်ပြင်နေတာပါ"ဟု ၎င်းက ဆိုသည်။

မြောက်ဦးဒေသအတွင်း ငလျင်ဒဏ်သင့်မှုကြောင့် ရတနာ့မာန်အောင်စေတီတော် အပါအဝင် မြဝါတောင်စေတီ၊ ရတနာပုံစေတီ၊ ကိုးသောင်းပုထိုးတော်နှင့် သင်းကျစ်တော်စေတီတို့ ထိခိုက်ပျက်စီးခဲ့ပြီး လက်ရှိတွင် ကိုးသောင်း ပုထိုးတော်ရှိ ထိခိုက်မှုများကို ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာန)ထံမှသိရသည်။

ငလျင်ဒဏ်သင့် စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းရန် ပြည်နယ်အစိုးရထံ တင်ပြထားပြီး လက်ရှိတွင် ငလျင်ဒဏ်သင့် ဘုရားများကို မိုးအဆက်မပြတ်ရွာသွန်းနေမှုများကြောင့် အလေးပေးထိန်းသိမ်းဆောင်ရွက်ရန် ခရိုင် အုပ်ချုပ်ရေးမှူးရုံးသို့ ထပ်မံတင်ပြထားကြောင်း အဆိုပါဦးစီးဌာနထံမှ သိရသည်။ ■

# ဘုရားဖူးလမ်းခရီးတာဝန်ခံ လမ်းညွှန်သင်တန်းအမှတ်စဉ် ၂ ဖွင့်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ပြည်တွင်းဘုရားဖူးလုပ်ငန်း၏ ဝန်ဆောင်မှုကဏ္ဍ တိုးတက်စေရန် ဘုရားဖူးခရီးစဉ်မှ လမ်းခရီးတာဝန်ခံ ဧည့်လမ်းညွှန် သင်တန်း အမှတ်စဉ် (၂) ကို စက်တင်ဘာလ ၂၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု အသင်း DPTOA ထံမှ သိရသည်။

"ဘုရားဖူးယာဉ်ပေါ်မှာ ဧည့်လမ်းညွှန်အဖြစ်ပါလာတဲ့သူက ကားတစ်စီးလုံးအတွက်အရေးကြီးတယ်။ ကားရဲ့ အခြေအနေ၊ လမ်းခရီးအခြေအနေတွေကို သူက တာဝန်ယူရမှာ ဖြစ်တယ်။ ဒါကြောင့် ဝန်ဆောင်မှု၊ တာဝန်ခံမှုနဲ့ ပတ်သက်ပြီး သင်တန်းပို့ချတာပါ"ဟု ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးသန်းဋ္ဌေးက ဆိုသည်။

သင်တန်းကာလမှာ စက်တင်ဘာလ ၂၆ ရက်မှစတင်ပြီး ရှစ်ပတ်သင်ကြားမည်ဖြစ်ကြောင်း၊ တစ်ပတ်လျှင်နှစ်ရက်ခန့်သာ သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"သင်တန်းက ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးဖို့တင်မက လူမှုဆက်ဆံရေးကောင်းမွန်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ ရည်ရွယ်ထားဖြစ်လို့ဖောင်ပိတ်ရက် မသတ်မှတ်ထားဘူး၊ ၂၅ ရက်အထိ သင်တန်းသား လက်ခံတယ်" ဟု ၎င်းက ဆိုသည်။

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း DPTOA ရုံးတွင် သင်တန်းပို့ချပြီး အမှတ်စဉ်(၁) ဘုရားဖူးခရီးစဉ်၏လမ်းခရီး တာဝန်ခံဧည့်လမ်းညွှန်သင်တန်းကို သင်တန်းသား ၈၀ တက်ရောက်ခဲ့သည်။ ■

The VOICE Daily

CARTOON



## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာကတော့ ကျန်းမာရေးအတွက် ငွေကြေး အလှူကုသိုလ်ပြုနိုင်ဖို့ပါ။ အသက် ၉ လအရွယ်ပဲရှိတဲ့ ကလေးငယ် ကျော်ဇင်လင်းထက်က ဦးနှောက်တီဘီရောဂါဝေဒနာကို ခံစားနေရတာ ဖြစ်ပါတယ်။ နေမကောင်းဖြစ်ပြီး အဖျားအပူရှိန်ကြီးလာရာကနေ မိုးမိတ်ဆေးရုံမှာ လာရောက် ပြသရာကနေ ရောဂါမသက်သာလို့ မိုးကုတ်ဆေးရုံကို ပြောင်းရွှေ့ကုသရာ ၉ ရက် ကြာပြီး ဆေးစစ်ကြည့်လိုက်ချိန်မှာတော့ ဦးနှောက်တီဘီရောဂါဝေဒနာကို အသက်အရွယ်နဲ့မလိုက်အောင် ဝေဒနာခံစားနေရတာပါ။ မိဘတွေကလည်း အုန်းချောရွာသစ်၊ မိုးမိတ်မြို့နယ်မှာနေထိုင်ပြီး တောင်သူတွေမို့ ကလေးငယ်အတွက် ဆေးဆက်လက်ကုသဖို့ လတ်တလောမှာတော့ ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ကလေးငယ်အတွက် ကျန်းမာရေးအလှူဒါနပြု ချင်ရင်တော့ ကိုဝမ်း ဖုန်း ၀၉-၄၄ ၂၁ ၂၄ ၂၄၄ နဲ့မောင်လူပျော် ဖုန်း ၀၉-၄၀ ၂၅၇၇၁၄၃ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### နားထဲကအညစ်အကြေးတွေကို အလွယ်တကူစုပ်ယူပေးမယ့်စက်

ကျန်းမာရေးကို အမြဲဂရုစိုက်တတ်တဲ့သူတွေအတွက် အခုညွှန်ပေးချင်တာကတော့ နားထဲမှာရှိတဲ့ အညစ်အကြေးတွေကို စုပ်ယူသန့်ရှင်းပေးမယ့် စက်ပစ္စည်းပါ။ နားထဲမှာရှိတဲ့ အညစ်အကြေးတွေကို နားကြပ်တံတွေနဲ့ကလော်မိလို့မတော်တဆ နားစည်ကို ဒဏ်ရာအနာတရဖြစ်တတ်တဲ့သူတွေနဲ့ နားအတွင်းသားတွေကို ကလော်တာများလို့ ပွန်းပဲ့မိတတ်တဲ့သူတွေအတွက် ဒီပစ္စည်းကတော့ နားအတွင်းထဲမှာရှိတဲ့ အညစ်အကြေးတွေကို လေနဲ့စုပ်ယူပေးတာဖြစ်ပါတယ်။ ဒါ့အပြင် ကလေးငယ်တွေကို သန့်ရှင်းရေးလုပ်ပေးတဲ့အခါမှာလည်း ချော်ထိုးမိ မှာစိုးတတ်တဲ့သူတွေအတွက် နူးညံ့တဲ့စုပ်တံကိုအသုံးပြုပေးထားတာမို့နားစည် ကိုမထိခိုက်ပါဘူးလို့ ရောင်းချသူက ဆိုပါတယ်။ ကျန်းမာရေးအတွက်သန့်သန့် ရှင်းရှင်းသုံးချင်သူတွေအတွက် စက်ကို အလွယ်တကူ ဆေးကြောနိုင်မှာဖြစ်ပါ တယ်။ ဓာတ်ခဲနဲ့အသုံးပြုရမှာဖြစ်ပြီး ထိုင်ဝမ်နိုင်ငံက ထုတ်လုပ်ထားတာပါ။ ဈေးနှုန်းက ၁၃၀၀၀ ကျပ်ဖြစ်ပြီး မှာယူသူတွေကို အိမ်တိုင်ရာရောက်ပို့ဆောင် ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ ဖုန်း ၀၉-၂၅၃၁၅၅၄၄၅ ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၅၇၇၂

# ရင်လေးဖွယ်ပင်လုံ

ဘမောင်ညို



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) ကတော့ ပြီးဆုံးခဲ့ပါပြီ။ ဒီညီလာခံမှာ မတူကွဲပြားလှတဲ့အမြင်တွေကို တင်ပြခဲ့ကြတာဖြစ်ပြီး အထစ်အငေါ့ အလွဲအချော်တချို့နဲ့ ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းပြည်ပလေ့လာသူအများစုရဲ့အကောင်းမြင်ကိုတော့ ရရှိခဲ့တာဖြစ်ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြဿနာရှိတာက စိုးရိမ်စရာမဟုတ်ဘဲ ပြဿနာမရှိချင်ယောင်ဆောင်တာက စိုးရိမ်စရာဖြစ်ကြောင်းပြောပြီး သတ္တိရှိရှိနဲ့ ရင်ဆိုင်ဖြေရှင်းကြဖို့လိုကြောင်းပြောခဲ့တာဖြစ်ပါတယ်။ ဒီညီလာခံ တင်ပြချက်တွေအရ တွေ့ရတာကတော့ ရှမ်းနီ၊ ပအိုဝ်း၊ ပလောင်၊ 'ဝ' စတဲ့လူမျိုးများက ပြည်နယ်အဆင့်အတန်းရရှိဖို့ တောင်းဆိုခဲ့တာဖြစ်ပြီး အာခါ၊ လားဟူ၊ လီဆူ စတဲ့လူမျိုးများကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ တောင်းဆိုခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုတောင်းဆိုလာမှုတွေအပေါ် အဆိုးမြင်နဲ့ သုံးသပ်လို့တော့ မရပါဘူး။ ဒါဟာ ၂၀ ရာစုနဲ့ ၂၁ ရာစုကြား ကွာဟလာတဲ့အခြေအနေတွေလို့ ဆိုရမှာပါ။ လူမျိုးငယ်အများအပြားဟာ ၁၉၄၇ ကာလနဲ့ ယနေ့ကာလကြား နှစ်ပေါင်း ၇၀ လောက်အတွင်း နိုင်ငံရေးအရ နိုးကြားလာကြတာဖြစ်သလို လူမှုရေး၊ စီးပွားရေးနဲ့ အခြားအသိအမြင်ဆိုင်ရာတွေအားလုံးလောက်မှာ တိုးတက်ဖွံ့ဖြိုးလာကြတာဖြစ်ပါတယ်။ ဒါကို အသိအမှတ်ပြုကြရမှာဖြစ်တယ်။

ဥပမာ- 'ဝ' လူမျိုးများဟာ ၁၉၆၈ ခုမတိုင်မီကာလက ခေါင်းဖြတ်ယဇ်ပူဇော်တဲ့ ဓလေ့တောင် ရှိနေခဲ့သေးတာဖြစ်တယ်။ အဲဒီအချိန်မှာ တရုတ်ပြည်ဘက်က 'ဝ' တွေကတော့ အလယ်တန်း၊ အထက်တန်းအဆင့်အထိ စာသင်နေနိုင်ကြပြီဖြစ်ပါတယ်။ ဗကပအင်အားများ အဲဒီဒေသတွေမှာ အခြေခံစခန်း ထူထောင်လာတဲ့နောက်ပိုင်းမှာ သူတို့ဟာ နိုင်ငံရေး၊ လူမှုရေးအဆင့်မြင့်လာကြတာဖြစ်တယ်။ နဂိုက အကျီတောင်မရှိတဲ့ အနေအထားကနေ အခုလိုအဆင့်ကို ရောက်လာတာပါ။ အခုချိန်မှာတော့ သူတို့ဟာ 'ဝ' လူမျိုးသမိုင်းကြောင်းတွေကို ပြန်လည်ဖော်ထုတ်ပြီး ရှေးခေတ်က ဘယ်လိုအခြေခံရှိခဲ့တဲ့လူမျိုးဆိုတာမျိုး ပြောဆိုလာကြတာပါ။ အခု 'ဝ' ပြည်နယ်တောင်းရာမှာ လက်ရှိ 'ဝ' မြို့နယ် ခြောက်မြို့နယ်သာမက ကျိုင်းတုံနဲ့ အောက်ပိုင်းက ၁၀ မြို့နယ်ပါ 'ဝ' ပြည်နယ်ထဲမှာ ထည့်သွင်းဖို့ တောင်းဆိုလာတာဖြစ်တယ်။

ရှမ်းနီလူမျိုးကတော့ ၄၇ ခုနှစ်ကာလက ယဉ်ကျေးမှုနိမ့်နေသေးလို့ အခွင့်အရေး ဆုံးရှုံးခဲ့တာမဟုတ်ဘဲ မြင့်နေခဲ့တဲ့အတွက်ကြောင့် ဆုံးရှုံးတယ်လို့ ဆိုရမှာပါ။ ကချင်ပြည်နယ် ဖွဲ့စည်းထူထောင်ရေးမှာ မြစ်ကြီးနားနဲ့ ဗန်းမော်ခရိုင်တွေထဲက ရှမ်းလူမျိုးတွေ နေထိုင်တဲ့ မြေပြန့်ဒေသတွေမပါရင် ဘယ်လိုမှဖြစ်မှာမဟုတ်တဲ့အတွက် သူတို့ကို ကချင်ပြည်နယ်ထဲ ထည့်သွင်းခဲ့တာပါ။ အဲဒီအချိန်က ရှမ်းနီဒေသမှာ ဖဆပလအမတ်တွေ ရှိနေခဲ့ပါပြီ။ သူတို့က 'ရီးစ်ဝီလျံ' ကော်မရှင်အထိတက်ပြီး ကန့်ကွက်ခဲ့သေးတာဖြစ်ပါတယ်။ ဒါပေမဲ့ ဖဆပလမူကို နာခံပြီး ဒီကိစ္စကို လက်လျှော့ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်လုံစိတ်ဓာတ်က ကောင်းပင်ကောင်းသော်ငြားလည်း ၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ နိုင်ငံတည်ထောင်ရာမှာ သူမနာ ကိုယ်မနာပုံစံမျိုး မရှိခဲ့တာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါတွေကတော့ အခု ၂၁ ရာစုမှာ သင်ခန်းစာယူနိုင်ဖို့ပြောတာ ဖြစ်ပါတယ်။ အတိတ်ကို ပြန်လှန်တာများရင် မကောင်းနိုင်ပေမယ့် သင်ခန်းစာယူရမယ့် ကိစ္စတွေအတွက် လိုသလောက်ကိုတော့ အတိတ်မှာ ပြန်လည်ရှာဖွေသင့်တာ ဖြစ်ပါတယ်။

အခု တိုင်းရင်းသားလက်နက်ကိုင်များဘက်က တင်ပြချက်တွေကို ကြည့်ရင် UNFC တင်ပြချက်နဲ့ 'ဝ' အဖွဲ့ တင်ပြချက်ကြားမှာ ကွဲလွဲမှုတွေ ရှိတာ တွေ့ရပါတယ်။ UNFC တင်ပြချက်မှာ လူများစုကို ပြန်လည်ကန့်သတ်လိုတဲ့သဘောတွေ တွေ့ရပြီး 'ဝ' တင်ပြချက်မှာတော့ 'ဝ' အပါအဝင် အခြားသောလူမျိုးငယ်များရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြည်နယ်ထူထောင်ခွင့်တွေကိုပဲ အပီအပြင်တောင်းဆိုတာ ဖြစ်တယ်။

'ဝ' အဖွဲ့ တင်ပြချက်တွေထဲက အရေးကြီးတဲ့အချက်တွေကို အချုပ်သဘောတင်ပြရရင် (၁) ပြည်ထောင်စုအသစ်တစ်ခု တည်ထောင်ရေး၊ (၂) တူညီသောစာချုပ်တစ်ခုတည်းနဲ့ တိုင်းရင်းသားအသီးသီးရဲ့ တောင်းဆိုမှုများကို တရားမျှတစွာ ပြည့်ဝမည်ဟု မယူဆနိုင်ကြောင်း၊ အဖွဲ့လိုက်ဖြစ်ဖြစ်၊ နှစ်ဖက်သဘောတူညီချက်ဖြစ်ဖြစ် ရခဲ့မယ်ဆိုလျှင် ထောက်ခံသည်၊ (၃) နိုင်ငံတော်ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးမှလွဲ၍ အခြားအခွင့်အရေးအားလုံးကို တိုင်းရင်းသားပြည်နယ်များမှ စီမံဆောင်ရွက်ရန်၊ (၄) ပုဒ်မ ၅၉(စ) နဲ့ပတ်သက်လို့ သူတို့မထောက်ခံကြောင်း၊ ဖြေရှင်းရန် နည်းလမ်းကို တင်ပြထားခြင်း၊ (၅) ရွေးကောက်ပွဲများက လူဦးရေနည်းပြီး ယဉ်ကျေးမှုမမြင့်သေးသောလူမျိုးများအတွက် မျှတမှုမရှိစေဘဲ နိုင်ငံရေးအရ ဘေးသို့ ရောက်သွားနိုင်စေတာပဲ ဖြစ်ကြောင်း၊ ဒါကြောင့် တပ်မတော်မှပါဝင်နေသော ၂၅ ရာခိုင်နှုန်းကို တိုင်းရင်းသားလူနည်းစုများသို့ပေးရန်၊ လူဦးရေ ပို၍နည်းသူများကို ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပညာရေးနှင့်ယဉ်ကျေးမှု ပိုနိမ့်သောလူမျိုးများကို ၁၂ ဒသမ ၅ ရာခိုင်နှုန်း ခွဲဝေပေးလိုက်ရန်၊ (၆) လူမျိုးတစ်မျိုးရဲ့ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုကို သက်ဆိုင်ရာပြည်နယ်မဲများနဲ့ ဆုံးဖြတ်ခြင်းဟာ လူများစုလူမျိုးရဲ့သဘောဖြင့် အခြားလူမျိုးတစ်မျိုး၏ နိုင်ငံရေးရပိုင်ခွင့်ကို ဆုံးဖြတ်သလို ဖြစ်နေသည့်အတွက် ထိုပုဒ်မက ပြင်ရန်လိုကြောင်း (ဒါကတော့ ရှမ်းပြည်နယ်ထဲရှိ 'ဝ' အနေအထားနဲ့ တိုက်ရိုက်သက်ဆိုင်နေတာဖြစ်)၊ ဒါကြောင့် လူမျိုးအရေအတွက် နှစ်သောင်းမှ တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်း စသဖြင့်ရှိကြတဲ့ လူမျိုးအသီးသီးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းနိုင်ခွင့်ရှိရမှာဖြစ်ကြောင်း၊ လက်ရှိ တအာင်း/ပလောင်၊ ပအိုဝ်း၊ ဓနု၊ လားဟူ၊ အာခါ၊ ကိုးကန့် စတဲ့လူမျိုးများရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ပြည်နယ်တောင်းခြင်းများကို ထောက်ခံကြောင်း၊ (၇) နိုင်ငံရေးအရ ဖြေရှင်းပြီးသည့်တိုင်အောင် တန်းတူညီမျှရှိမှုအတွက် အချိန်ကြာမြင့်စွာ သက်သေပြရန်လိုသည့်အတွက် တပ်များကို ဒီအတိုင်းထားရမှာဖြစ်ကြောင်း၊ ကြားကာလအတွင်း ပြည်ထောင်စုတပ်သည် တိုင်းရင်းသားတပ်အား နှစ်ဖက်ညှိနှိုင်းထားသောလုပ်ငန်းများတွင်သာ လမ်းညွှန်မှုပေးရန်ဖြစ်ပြီး တိုက်ရိုက်ညွှန်ကြားကွပ်ကဲခွင့်နှင့် ရာထူးစီမံပိုင်ခွင့်မရှိကြောင်း ဖော်ပြထားတယ်။

ခြုံပြောရရင်တော့ လက်နက်ကိုင်များရဲ့တင်ပြချက်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရရေးနဲ့ လက်နက်ကိုင်တပ်များကိုလည်း ဒီအတိုင်း ဆက်ထားရေးပဲ ဖြစ်ပါတယ်။ UNFC ဘက်က ဒါထက်ပိုတာကတော့ ပြည်နယ်များကို ဗမာပြည်နယ်၊ တိုင်းရင်းသားများပြည်နယ် စသဖြင့် ဖွဲ့စည်းဖို့ဆိုတာတွေနဲ့ ကာကွယ်ရေးဦးစီးချုပ်၊ ရေချုပ်၊ လေချုပ်တွေကို လူမျိုးတစ်မျိုးစီဖြစ်ရမယ် စတာမျိုးတွေပါပဲ။ ပြောရရင်တော့ ကွန်ဖက်ဒရေးရှင်းပုံစံလို အကြာကြီးသွားပြီး တန်းတူမှ တပ်မတော်တစ်ခုတည်း လုပ်မယ်၊ တန်းမတူရင် မလုပ်သေးဘူးဆိုတဲ့သဘောဖြစ်တယ်။ တန်းတူမတူဆိုတာကို ဘာနဲ့သတ်မှတ်သလဲဆိုတာကလည်း ကွဲလွဲနိုင်သေးတာပဲ ဖြစ်တယ်။

ဒီအချက်တွေကတော့ ဖြစ်နိုင်တာ မဖြစ်နိုင်တာ အပထား၊ တောင်းချင်တာကိုတောင်းတယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ဒါတွေကို ကြိုတွက်မိလို့ တောင်းချင်တာကို တောင်းနိုင်ပေမယ့် ရမယ်လို့တော့ အာမ မခံနိုင်ကြောင်း ပြောခဲ့တာဖြစ်တယ်။ နောက်ကိုယ့်ဘက်က ဘာရယူလိုတယ်ဆိုတာထက် ဘာကိုပေးမလဲဆိုတာ စဉ်းစားဖို့လိုကြောင်း၊ အသက်အရွယ်ကြီးလှပြီဖြစ်တဲ့ ခေါင်းဆောင်တွေအနေနဲ့ အနာဂတ်မျိုးဆက်များအတွက် ဘာတွေချန်ပေးခဲ့မလဲဆိုတာ စဉ်းစားဖို့လိုကြောင်း၊ ညီလာခံကာလမှာလည်း အခုဆွေးနွေးပွဲများဟာ ဒီညီလာခံတက်ရောက်နေသူတွေအတွက်မဟုတ်ဘဲ အနာဂတ် မျိုးဆက်များအတွက်ဖြစ်ကြောင်း အာပေါက်အောင် ပြောခဲ့၊ ဟောခဲ့ပါတယ်။ ဒါပေမဲ့ နားမဝင်ကြဘူးဆိုတာတွေ့ရတဲ့အတွက် ရင်လေးမိတာ အမှန်ပါပဲ။

ဒီလို တစ်ဖက်က တောင်းဆိုမှုများ သိပ်မြင့်လာတဲ့အတွက် တပ်မတော်ဘက်ကလည်း မူခြောက်ချက်ကို ပြန်တင်လာတာပါပဲ။ ဖက်ဒရယ်ဆိုတာတောင် ထည့်မပြောတော့တာ တွေ့ရပါတယ်။ ဒီညီလာခံဟာ အစိုးရသစ်လက်ထက်မှာ ပထမဆုံးဖြစ်တာကြောင့် အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာကိုတော့ ပြောဖို့ အလွန်စောနေပါသေးတယ်။ ကြားကာလအမျိုးသားအဆင့် ဆွေးနွေးပွဲများမှာ လွယ်ကူတဲ့ ဘုံသဘောတူညီချက်တချို့ ရရှိအောင် ဆွေးနွေးနိုင်ရင်တော့ နောက်ထပ်ညီလာခံတစ်ခုမှာ တစ်ခါ ထပ်မံတွေ့ဆုံကြရစရာ ရှိပါတယ်။ ဒီလို ညီလာခံကျင်းပလိုက်၊ အောက်ခြေဖြန့်ပြီး ဆွေးနွေးပွဲများလုပ်လိုက်နဲ့ လွယ်ကူတဲ့သဘောတူညီချက်များမှတစ်ဆင့် ခက်ခဲသောအဆင့်များကို တက်လှမ်းလာနိုင်မလားဆိုတာကတော့ နှစ်ဖက်ပုဂ္ဂိုလ်များရဲ့အမြော်အမြင်များနဲ့ပဲ သက်ဆိုင်နေပါတယ်။

ဒီနေရာမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့သြဇာရှိမှု၊ စိတ်ဓာတ်ခွန်အား ကြံ့ခိုင်မှုတို့ကို အားကိုးမိပေမယ့် 'ပြည်တွင်းစစ်ဆိုသည်မှာ စမိလျှင် ပြီးဆုံးရန် အလွန်ခက်ခဲကြောင်း၊ တစ်ဖက်က တကယ်သဘောပေါက်လာလို့ စစ် ရပ်စဲချင်လျှင်တောင် တစ်ဖက်က အင်အားနည်းလို့ ပရိယာယ်သုံးတာလို့ ထင်တတ်ကြောင်း၊ ဒါကြောင့် အလျှော့မပေးရာကနေ စစ်ပွဲပြန်ဖြစ်ပြီး သံသရာပြန်လည်သွားတတ်ကြောင်း' စသဖြင့်ရေးသားထားတဲ့ ကစ်ဆင်းဂျားရဲ့ 'ကသောင်းကနင်းနှစ်များ' (Years of Upheaval) စာအုပ်ထဲက စာပိုဒ်ကိုလည်း တစ်ဖက်က သတိရမိနေပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတယ်။

**ဘမောင်ညို**

**ဒီလို ညီလာခံကျင်းပလိုက်၊ အောက်ခြေဖြန့်ပြီး ဆွေးနွေးပွဲများ လုပ်လိုက်နဲ့ လွယ်ကူတဲ့သဘောတူညီချက်များမှ တစ်ဆင့် ခက်ခဲသောအဆင့်များကို တက်လှမ်းလာနိုင်မလားဆိုတာကတော့ နှစ်ဖက်ပုဂ္ဂိုလ်များရဲ့အမြော်အမြင်များနဲ့ပဲ သက်ဆိုင်နေပါတယ်။**



# ရာသီခွင် ၁၃ ခုဖြစ်သည်ဟုဆိုသော BBC မှ NASA ၏အဆိုက မမှန်ပါ

ဘဲလားလေဘာတီ (Political Scientist USA)

'88 modern constellations' In modern astronomy, the sky (celestial sphere) is divided into 88 regions called constellations, generally based on the asterisms (which are also called 'constellations') of Greek and Roman mythology. Those along the ecliptic are the constellations of the zodiac.

ဒီလိုခေါင်းစီးတပ်ထားတော့ အာကာသနဲ့ပတ်သက်လို့ NASA ကို မှားတယ်လို့ပြောတာက အရူးပဲဖြစ်မယ်လို့တော့ ဆန္ဒစောပြီး မှတ်ချက်မချလိုက်ပါနဲ့ဦး။ ဆုံးအောင်ဖတ်ရင် NASA က ပညာရှင်က အမြဲမမှန်ပါလားဆိုတာကို သိရမှာပါ။

တကယ်တော့ ဒီသတင်းက လွန်ခဲ့တဲ့ ၂၀၁၁ လောက်ကတည်းက BBC မှသတင်းတစ်ခုပါ။ အဲဒီနှစ်ကတည်းက စာရေးသူက နိုင်ငံခြားသတင်းဌာနနဲ့ Website တွေကနေလည်း ရှင်းပြပေးပြီးဖြစ်ပါတယ်။ အိန္ဒိယနက္ခတ်ဗေဒင်လောကကတော့ ထို NASA ၏အဆိုကို အရေးပင်မစိုက်ခဲ့ပေ။ ဒါပေမဲ့ ကျွန်ုပ်တို့ဆီမှာ ယခုမှ Facebook တွေမှာ တင်လာကြသလို ဂျာနယ်တွေမှာလည်း တင်လာကြတာမို့ ဗေဒင်ကို အလေးအနက်ထားကြကုန်သော ပြည်သူတွေနှင့် နက္ခတ်ဗေဒင်လောကကြီးတစ်ခုလုံးအတွက် များစွာ စိတ်အနှောင့်အယှက်တွေဖြစ်ပြီး သို့လောသို့လော ဖြစ်နေကြရပါတယ်။ တကယ်တော့ ဘယ်အရာမဆို သူ့ Field နဲ့သူပါပဲ။ NASA က သူ့ Field နဲ့သူဖြစ်သလို နက္ခတ်ဗေဒင်လောကကလည်း သူ့ Field နဲ့သူပါပဲ။ ပြီးတော့ နက္ခတ်ဗေဒင်ကို NASA က တည်ဆောက်ပေးထားခဲ့တာ မဟုတ်ပါဘူး။ အာကာသမှ ကြယ်တာရာနက္ခတ်တွေကို ပထမဆုံးမော့ကြည့်ပြီး လေ့လာခဲ့သူတွေက Astrologer (နက္ခတ်ဗေဒပညာရှင်) တွေပဲ ဖြစ်ကြပါတယ်။ ပြီးတော့ Varahamihira (ဝါရဟမိဟိရ) ဈာန်ရရသေ့ပညာရှင်တွေဟာ အိန္ဒိယရဲ့ပထမဦးဆုံး အာကာသ တွက်ရိုးပညာရှင်ဖြစ်ပြီး (505–587 AD) အတွင်းမှာ ဈာန်ရရသေ့တို့က အာကာသတွက်ရိုးပညာ၌ ကျင်လည်နေချိန်ဖြစ်ပြီး အာကာသမှ ဂြိုဟ်တစ်လုံးချင်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုပေးထားပြီး နက္ခတ်ဗေဒင်အတွက် ဥပဒေသများကိုလည်း ရေးဆွဲပေးထားခဲ့ကြသလို မှန်ဘီးလူးပင်မပေါ်ခင် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်လောက်ကတည်းက အင်္ဂါဂြိုဟ်ကိုဂြိုဟ်နီတစ်လုံးဟု သတ်မှတ်ထားခဲ့ကြပါသည်။ နောက်ပိုင်း NASA ကပင် ယနေ့တိုင် အင်္ဂါဂြိုဟ်ကို The Red Planet ဟု ဆက်လက်ခံနေကြရာစမြဲပင် ဖြစ်သည်။ ထို ခေတ်အခါက Varāhamihira (ဝါရဟမိဟိရ) ရသေ့ပညာရှင်က နက္ခတ်ဗေဒင်ပညာရှင်ဖြစ်သလို အာကာသတွက်ရိုးပါရဂူတွေလည်း ဖြစ်ခဲ့ကြပါ တယ်။ အိန္ဒိယက သုရိယသိဒ္ဓန္တရအာကာသတွက်ရိုးကျမ်းဆိုရင် NASA ထက် နောက်ကျစရာအကြောင်း မရှိပါဘူး။

NASA ဟာ အနန္တစကြဝဠာတစ်ခွင်ကို ခရီးနှင်နိုင်သူများဖြစ်ကြပါတယ်။ ကျွန်တော်တို့ နက္ခတ်ပညာရှင်တွေက လိုက်လို့မမီနိုင်ပါဘူး။ ဒါပေမဲ့ အတွေးအခေါ် ဒဿနပိုင်းတွေမှာတော့ အဆင့်မြင့်နက္ခတ်ပညာရှင်တစ်ယောက်က NASA ထက် အဆင့်နိမ့်ကျစရာမရှိနိုင်သလို တချို့အပိုင်းတွေမှာ NASA က ပညာရှင်တွေထက် သာလွန်နေတာတွေ ရှိနေတတ်ပါတယ်။ ဒါကြောင့် နက္ခတ်ဗေဒင်ပညာရဲ့တန်ဖိုးကိုနားလည်တဲ့ပညာရှင်တွေက ဘယ်လိုဆိုထားခဲ့ကြသလဲဆိုတော့ 'Astronomers are travel to the planet or solar system by space shuttle but Astrologers are travel to the planet or solar system by philosophy' လို့ ဆိုထားကြပါတယ်။ တကယ်တော့လည်း ဟုတ်ပါတယ်။ အာကာသနက္ခတ်ဗေဒပညာရှင်ဆိုတာက စကြဝဠာတစ်ခွင်ကို အတွေးအခေါ်နဲ့ ခရီးနှင်နေကြရသူတွေပါ။ ပြီးတော့ ယနေ့ NASA အဘယ်မျှပင် ခေတ်မီတိုးတက်လို့နေပါစေ၊ အဘယ်မျှပင် ကျွမ်းကျင်တဲ့ကွန်ပျူတာပညာရှင်တွေ ရှိနေကြပါစေ 'Columbia' အာကာသယာဉ် ပျက်ကျလာမှာကို သူတို့ကြိုမသိနိုင်ခဲ့သလို ကမ္ဘာပတ်လမ်းကြောင်းက Satellites (ဂြိုဟ်တု) တွေ ပျက်ကျလာမှာကို အာကာသခေတ် ပျက်လာမယ့်အချိန်တွေကို သူတို့ မသိနိုင်ကြပါဘူး။ ဒါပေမဲ့ ကျွမ်းကျင်အာကာသနက္ခတ်ဗေဒပညာရှင်တွေကတော့ ထိုအချင်းအရာတို့ကို ကြိုသိနိုင်စွမ်းတွေက ရှိနေတတ်ပါတယ်။ နက္ခတ်ဗေဒပညာရှင်မှာ ပင်ကို Skill နဲ့ Knowledge တွေ အပြည့်အဝရှိနေမှလည်း ပညာရှင်ကောင်းဖြစ်နိုင်သလို လောကမှာ ဘယ် ပညာရပ်မှာမဆို ကာယကံရှင်ရဲ့ပင်ကို Skill နဲ့ Knowledge တွေမရှိရင် ထိုထိုသောပညာရပ်နဲ့ ဂုဏ်ဒြပ်တွေက အချည်းနှီးသာ ဖြစ်နေတတ်ပါတယ်။

ဒီတော့ ယနေ့ NASA ရဲ့ပညာရှင်မှာက မိမိရဲ့ပင်ကို Skill နဲ့ Knowledge မရှိဘဲ သူတစ်ပါး Field ထဲကိုဝင်ပြီး Zodiac sign က ၁၂ ခွင်မဟုတ်ဘဲ ၁၃ ခုရှိတယ်လို့ လက်လွတ်စပယ်ပြောလိုက်တာပဲ ဖြစ်ပါတယ်။ တကယ်တော့ NASA က ပညာရှင်က နက္ခတ်ဗေဒင်ပညာရှင်က ဒီ Zodiac sign ၁၂ ရာသီခွင်ကို ဘယ်ပေါ်မှာ ဘယ်လိုစံထားပြီး သတ်မှတ်ထားလဲဆိုတာကို သူမလေ့လာခဲ့ဘဲ NASA ဆိုတဲ့ဂုဏ်ဒြပ်ကို ဦးထိပ်ပန်ပြီး ပြောခဲ့တာပါပဲ။ တကယ်တော့ ကျွန်ုပ်တို့ရဲ့အရှေ့တိုင်းဟိန္ဒူမူရဲ့ နိယာနစနစ် (Sidereal System) မှာ ရာသီခွင်တွေကို Equal System သုံးပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လက်ရှိ Zodiac ရာသီ ၁၂ ရာသီခွင်တွေကို Star Constellations တွေအပေါ်မှာ စံထားပြီး သတ်မှတ်ပိုင်းခြားထားတာ မဟုတ်ပါဘူး။ NASA ကပြောသလို Star Constellation အရဆိုရင် ယခု သူပြောတဲ့ ၁၃ ခွင်မကပါဘူး။ ကျွန်ုပ်တို့ Navigation List အရဆို နက္ခတ်ကြယ်စု Star Constellations ပေါင်း ၈၈ ခုရှိနေပါတယ်။ အနည်းဆုံး ကြယ်တာရာစု Constellation ၅၄ ခု ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ရာသီခွင် Zodiac ကိုသတ်မှတ်ရာမှာ နိယာနစနစ် (Sidereal System) မှာ ကြယ်တာရာစု Star Constellation အပေါ်ကိုစံထားပြီး မသတ်မှတ်ထားပါဘူး။ ဟိန္ဒူမူ Equal House System မှာ စက်ဝိုင်းတစ်ခုရဲ့ ၃၆၀ ဒီဂရီကို ရာသီအိမ်တစ်ခုကို ၃၀ ဒီဂရီ အညီအမျှပိုင်းဖြတ်ထားတာမို့ (၃၆၀ ÷ ၃၀ = ၁၂ ရာသီ) ရအောင် အညီအမျှပိုင်းဖြတ်ထားတာပဲ ဖြစ်ပါတယ်။ အဲဒီ ၁၂ ရာသီအပေါ်မှာ အလိုလိုကျရောက်နေကြတဲ့ Star Constellations ကြယ်တာရာစုတို့ရဲ့နာမည်တွေကိုသာ ယူထားတာဖြစ်ပါတယ်။ ဥပမာ- Aries ကြယ်ကို သုညဒီဂရီသတ်မှတ်ပြီး အဲဒီကနေ အရှေ့၃၀ ဒီဂရီအတွင်းကို မိဿရာသီ စသဖြင့် အစဉ်လိုက်ယူသွားကြတာပဲ ဖြစ်ပါတယ်။ ပြီးတော့ ရာသီခွင်တစ်ခုကို သတ်မှတ်ပြီးလို့ ဒီအတိုင်းအခေါ်အဝေါ်သတ်မှတ်ထားရုံနဲ့လည်း မပြီးပါဘူး။ ဒီသတ်မှတ်လိုက်တဲ့ရာသီရဲ့ စရိုက်နဲ့သဘာဝတွေကို ဖော်ထုတ်ဖို့ ရာစုများစွာ သုတေသနပြုလုပ်ရပါတယ်။ နက္ခတ်ဗေဒင်လောကမှာ ဂြိုဟ်အသစ်တစ်လုံးကိုတွေ့တိုင်း လက်တန်းသုံးလို့မရသလို စောစောကပြောတဲ့ ရာသီခွင်အသစ်တွေ ပြန်လည်လက်တန်းသုံးလို့မရပါဘူး။ ရာစုနဲ့ချီပြီး သုတေသန လုပ်ရပါတယ်။ အထက်ပါပုံက NASA ကပြောတဲ့ ၁၃ ခုမြောက်ရာသီခွင် Ophiuchus ပင်ဖြစ်သည်။

သို့ဖြစ်၍ ဤ NASA သတင်းကြောင့် စိတ်ရှုပ်ထွေးကုန်ကြသော ပြည်သူများနဲ့ နက္ခတ်ဗေဒင်လောကသားများ သိသာစေရန်မှာ ကျွန်ုပ်တို့ နက္ခတ်ဗေဒင်လောကမှာ ရာသီအိမ်များကို သတ်မှတ်ခဲ့ကြရာမှာ ကြယ်တာရာနက္ခတ်စု (Star Constellations) တွေအပေါ်စံထားလို့သတ်မှတ်ထားခြင်းမျိုးမဟုတ်ပါ။ အထက်မှာဖော်ပြထားသလို ဟိန္ဒူမူရဲ့ Equal House System အရ ရာသီအိမ်တွေကို ၃၀ ဒီဂရီစီ အညီအမျှပိုင်းခြား၍ ၃၆၀ ဒီဂရီကို ၃၀ နဲ့စား၍ရထားသော ရလဒ် ၁၂ ရာသီခွင်မျှသာဖြစ်ပါသည်။ သို့ဖြစ်၍ တစ်နှစ်မှာ ၁၂ လနဲ့ Sidereal System နဲ့ Equal House System တည်နေသရွေ့ Zodiac ရာသီခွင် ၁၃ ခုဖြစ်လာစရာအကြောင်း လုံးဝမရှိနိုင်ကြောင်း ပြည်သူတွေနဲ့ နက္ခတ်ဗေဒင်လောကသို့ သိစေအပ်ပါသည်။

**ဘဲလားလေဘာတီ**

**(Political Scientist USA)**

## CARTOON

The VOICE Daily



# ရန်ကုန်မှာ ယာဉ်မတော်တဆမှု ပိုများလာသလား

**ဟိန်းမြတ်စိုး၊ ခိုင်ချယ်ရီထွန်း**

ရန်ကုန်မြို့တော်တွင် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်နေသည့်အကြောင်းအရင်းများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းအချို့ကို လမ်းအသုံးပြုသူပြည်သူများနှင့် ယာဉ်မောင်းအချို့၏ အမြင်များကို စုစည်းဖော်ပြအပ်ပါသည်။

## "ကျွန်တော်တို့ဘက်က ဝန်ထမ်းတွေတိုးချဲ့ထားမယ် ဆိုရင်တောင် ယာဉ်မောင်းသူတွေအနေနဲ့ စည်းကမ်းကို ကိုယ်ကိုယ်တိုင် မလိုက်နာဘူးဆိုရင်တော့ ခုလိုပဲယာဉ်တိုက်မှုတွေက ဖြစ်နေမှာပဲ"

### တပ်ကြပ်ကြီး ခင်မြင့်မောင် (ယာဉ်ထိန်းရဲ)



ဓာတ်ပုံ – ချယ်ရီ

ယာဉ်တိုက်မှုတွေများလာလား၊ နည်းလားဆိုအစ်ကိုမြင်နေရတာကတော့ လက်ရှိမှာ များလာတာကို တွေ့ရပါတယ်။ များလာတယ်ဆိုတဲ့အတွက် ဘာပဲဖြစ်ဖြစ် ယာဉ်မောင်းသူတွေအနေနဲ့ကတော့ ကားကိုမောင်းနှင်တဲ့နေရာမှာ စည်းကမ်းတကျတော့ မောင်းနှင်ဖို့လိုမယ်။ ကားက အရမ်းများတယ်။ ကားအရမ်းကျပ်တယ်ဆိုပြီးတော့ မဆင်မခြင် မောင်းနှင်တဲ့သူတွေကြောင့် ယာဉ်တိုက်မှုတွေ ဖြစ်နေတာလည်းပါတယ်။ လက်ရှိမှာတော့ ကားတွေနည်းနည်းများလာလို့ ယာဉ်တိုက်မှုတွေတော့ များလာတာပေါ့နော်။ အဓိကပြဿနာကတော့ ယာဉ်မောင်းတွေက ကားတွေအရမ်းကျပ်လာရင် စိတ်ကမရှည်ကြတော့ဘူး။ စိတ်မရှည်တော့ စွတ်မောင်းကြတာ၊ မဆင်မခြင် မောင်းနှင်ကြတာပေါ့နော်။ အဲဒီလိုလူတွေကြောင့် ယာဉ်တိုက်မှုတွေဖြစ်တော့တာ။ နောက်တစ်ခုက နေ့ခင်းဘက်မှာ ကားတွေအရမ်းကျပ်လို့ မောင်းနှင်ကြတာရှိသလို ညပိုင်းကျတော့ ယာဉ်ကြောရှင်းလို့ဆိုပြီး အရှိန်တင်ပြီးမောင်းတဲ့သူတွေလည်း ရှိတယ်။ အဲဒီလိုဆိုတော့ ယာဉ်တိုက်မှုတွေက ဖြစ်နေဦးမှာပဲ။ ဒါကြောင့် နေ့ခင်းဘက်မှာပဲဖြစ်ဖြစ်၊ ညဘက် ကားမောင်းတဲ့အခါမှာဖြစ်ဖြစ် ကိုယ့်စည်းကမ်းနဲ့ကိုယ် မောင်းနှင်မယ်ဆို ယာဉ်တိုက်မှုတွေ လျော့ကျလာနိုင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ ယာဉ်တိုက်မှုတွေ လျော့ကျလာအောင် အများပြည်သူ ခရီးသွားလာရေးအတွက် လွယ်ကူချောမွေ့အောင်ဆိုတာ ယာဉ်ကြောကျပ်တည်းတဲ့နေရာတွေမှာ ကျွန်တော်တို့အဖွဲ့ဝင်တွေက ကောင်းကောင်း ဆောင်ရွက်ပေးနေပါတယ်။ လက်ရှိမှာ ကားတွေကလည်း များလာတဲ့အတွက် ကျွန်တော်တို့ဝန်ထမ်းတွေလည်း တိုးချထားနေတာပဲ။ တိုးချဲ့နေတယ်ဆိုပေမယ့် တချို့နေရာတွေမှာ အင်အားတော့လိုတာပဲ။ ကျွန်တော့်တို့ဘက်က ဝန်ထမ်းတွေတိုးချဲ့ထားမယ်ဆိုရင်တောင် ယာဉ်မောင်းသူတွေအနေနဲ့ စည်းကမ်းကို ကိုယ်ကိုယ်တိုင် မလိုက်နာဘူးဆိုရင်တော့ ခုလိုပဲ ယာဉ်တိုက်မှုတွေက ဖြစ်နေမှာပဲ။ ဘာပဲဖြစ်ဖြစ် တပ်ဖွဲ့ဝင်တွေအနေနဲ့ကလည်း တပ်ဖွဲ့ဝင်တွေတိုးချဲ့နေသလို ယာဉ်မောင်းသူတွေအနေနဲ့လည်း စည်းကမ်းတကျ မောင်းနှင်မယ်ဆို ယာဉ်တိုက်မှုတွေ လျော့ကျလာနိုင်ပါတယ်။ ကိုယ်ပိုင်ကားမောင်းတဲ့သူပဲဖြစ်ဖြစ်၊ လိုင်းကားမောင်းတဲ့သူပဲဖြစ်ဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလေးတွေကို လိုက်နာပြီးတော့ မောင်းတာ အကောင်းဆုံးပါ။ တချို့လိုင်းကားတွေကျတော့ မော်တော်ပီကယ်ရှိတဲ့ နေရာလောက်ပဲ စည်းကမ်းတကျမောင်းပြီး လစ်ရင်လစ်သလို စည်းကမ်းဖောက်ဖျက်နေတာလေးတွေ ရှိတယ်။ အဲဒီအတွက် ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ တာဝန်ကျတဲ့နေရာတွေမှာ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနေသလို လိုင်းကားသမားတွေအနေနဲ့ ကိုယ်ပိုင်စည်းကမ်းလေးတွေ လိုက်နာဖို့တော့လိုမယ်လို့ ထင်ပါတယ်။

ကျွန်တော်အနေနဲ့ကတော့ ယာဉ်မောင်းတွေအကုန်လုံးကိုမှာချင်တာက ကားကျပ်တယ်ဆိုတဲ့Feeling ကြီးမထားဘဲနဲ့ အများသူငါ သွားလာနေတဲ့လမ်းပေါ်မှာ ကားဆိုတာ လူတိုင်းအသုံးပြုလာနိုင်ပြီ။ အဲဒီအပေါ်မှာ ကားကျပ်တယ်ဆိုတဲ့ အမြင်မျိုးမထားဘဲ အကုန်လုံး ကျပ်နေကြတာပဲ။ အစိုးရအနေနဲ့ကလည်း တံတားတွေဆောက်၊ လမ်းတွေချဲ့ပြီး ယာဉ်ကြောကျပ်တည်းမှုကို ပြေလျော့နိုင်ဖို့ ကြိုးစားနေကြတာပဲ။ အဲဒါကြောင့် အကုန်လုံး ဝိုင်းဝန်းကူညီကြပါလို့တိုက်တွန်းချင်ပါတယ်။ ■

## "အခုယာဉ်တိုက်မှုတွေဖြစ်နေတာက ယာဉ်ကြောကျပ်တည်းပြီး ယာဉ်မောင်းတွေရဲ့ စိတ်တွေကမရှည်ဘဲ စိတ်တိုစိတ်ဆတ်ပြီး ရမ်းကားမောင်းနှင်မှုတွေကြောင့်လည်း ယာဉ်တိုက်မှုတွေ များပြားလာတယ်လို့ ထင်ပါတယ်"

### ဦးညွန့် (ခရီးသည်)

ယာဉ်တိုက်မှုတွေများနေတော့ ကြောက်မိပါတယ်။ လမ်းပေါ်ထွက်ရင်တောင် သိပ်ပြီးမလုံခြုံဘူး။ ဒီလိုဖြစ်နေတာတွေ နည်းသွားအောင်လို့ဆိုရင် ကားတွေကို စည်းကမ်းတကျ မောင်းစေချင်ပါတယ်။ အခုလမ်းတွေပေါ်မှာ မောင်းနေတဲ့ကားတွေက စည်းကမ်းမရှိဘူးလေ။ လုယက်မောင်းနေကြတာ။ ကျော်တဲ့ကားက ကျော်တက်နဲ့ တော်တော်ဆိုးဆိုး မောင်းနေကြတာ။ ဒီလိုမျိုး လုယက်ကျော်တက်ပြီး မောင်းနှင်ခြင်းတွေ မဖြစ်နိုင်အောင်လို့ YBRT (ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီ)လို အများပိုင်ကုမ္ပဏီတွေ ပေါ်ထွက်လာဖို့လိုပါတယ်။ ဒါမှလည်း စည်းကမ်းတကျ မောင်းနှင်မှုတွေ ပြုလုပ်လာနိုင်မှာပါ။ ဒီလိုတွေ ထူထောင်ပေးမယ်ဆိုရင် အခုလက်ရှိဖြစ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှုတွေ၊ ယာဉ်တိုက်ခိုက်မှုတွေ များလာတာတွေကို အကုန်လုံး မဖြေရှင်းနိုင်ပေမယ့် လျော့သွားမယ်လို့ ထင်ပါတယ်။



ဓာတ်ပုံ – ဟိန်းမြတ်စိုး

ပြီးတော့ အခုလက်ရှိ လမ်းမတွေကြောင့်လည်း ယာဉ်တိုက်မှုတွေက တစ်နေ့ထက်တစ်နေ့ များပြားလာရတာပါ။ အခု(ရန်ကုန်မြို့)လမ်းတွေကကျဉ်းပြီး ကားကများနေတယ်လေ။ အဓိကလမ်းတွေက တော်တော်ကျဉ်းနေတယ်လို့ ခံစားရတယ်။ ကျဉ်းတာက လမ်းမကြီးတွေက ပိုကျဉ်းမယ်ထင်တယ်။ ကားနဲ့လမ်းနဲ့က မမျှဘူး။ အခုယာဉ်တိုက်မှုတွေ ဖြစ်နေတာက ယာဉ်ကြောကျပ်တည်းပြီး ယာဉ်မောင်းတွေရဲ့စိတ်တွေက မရှည်ဘဲ စိတ်တိုစိတ်ဆတ်ပြီး ရမ်းကားမောင်းနှင်မှုတွေကြောင့်လည်း ယာဉ်တိုက်မှုတွေ များပြားလာတယ်လို့ထင်ပါတယ်။ ဒီအကြောင်းက အကုန်လုံးမဟုတ်ရင်တောင် နည်းနည်းတော့ပါပါတယ်။ ■

## "ကားတွေလည်း များလာတဲ့အတွက် လူတွေက အချိန်တွေလုမယ်။ အတ္တတွေကြီးလာတော့ စည်းမဲ့ ကမ်းမဲ့တွေများလာတယ်။ အဲဒီလိုတွေကြောင့် ယာဉ်တိုက်မှုတွေ အဖြစ်များလာတာပါ"

### ဦးညွန့်လှိုင် (အငှားယာဉ်မောင်း)



ဓာတ်ပုံ – ချယ်ရီ

လက်ရှိယာဉ်တိုက်မှုတွေ ဖြစ်နေတယ်ဆိုတာက မဆင်မခြင်မောင်းနှင်သူတွေကြောင့် အဓိကဖြစ်တာ များတာပေါ့နော်။ နောက်တစ်ခုက အတ္တတွေကြီးလာတာလည်း ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အလျှော့ပေးမယ်၊ သည်းခံမယ်ဆိုတဲ့စိတ် မထားကြတော့ဘူး။ အဲဒီလိုဖြစ်နေတဲ့အတွက် ယာဉ်တိုက်မှုတွေ ရာခိုင်နှုန်းတော်တော်များများ ဖြစ်နေတယ်မြင်တာပဲ။ ယာဉ်တိုက်မှုဖြစ်ရင် အဓိကက လူငယ်တွေအဖြစ်များတယ်ဆိုပေမယ့် တစ်လောက စစ်တမ်းတွေထုတ်လိုက်တာ ဖတ်ရတာတော့ အသက်လေးဆယ်လောက်တွေ အဖြစ်များတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ဦးတို့ ဒီအသက်အရွယ်တွေကျတော့ ကိုယ့်အသိတရားကိုက ဆင်ခြင်ပြီးမောင်းပါတယ်။ ဦးလေးတို့ကျ အသက်နှစ်ဆယ်၊ သုံးဆယ်ဝန်းကျင်အရွယ်တွေတွေ့ရင် ဆင်ဆင်ခြင်ခြင်မောင်းဖို့ ဆုံးမရတယ်။ တစ်ယောက်က ခေါင်းထိုးဝင်လိုက်လို့ မင်းအတွက် ဘယ်လောက်နစ်နာမှာမို့လို့လဲ။ ရပ်ပေးလိုက်၊ ဟပေးလိုက်။ တချို့က လမ်းမှန်တယ်ဆိုပြီး အသားကုန်မောင်းကြတော့တာ။ ဦးရဲ့ခံယူချက်ကတော့ တစ်နေ့ Taxi မောင်းတာ ကိုယ့်အတွက် သိန်းနဲ့လည်း ချီမရဘူး။ သောင်းနဲ့လည်း ချီမရဘူးဆိုပြီး လျှော့ပေးလိုက်တယ်။

ယာဉ်တိုက်မှုတွေ အဖြစ်များတာက ညပိုင်းတွေမှာဆို Taxi တွေ အဖြစ်များတာတွေ့ရတယ်။ အဲဒီလိုဖြစ်တာမှာ ၇၅ ရာခိုင်နှုန်းက လူငယ်တွေဖြစ်တာ များတယ်။ မီးဝါ၊ မီးနီဖြတ်တယ်။ ဦးတို့ဆို ညပိုင်းမောင်းတယ်ဆို ကိုယ်ဖြတ်ရမယ့်ပွိုင့် မီးစိမ်းရင်တောင် ချက်ချင်းမဖြတ်သေးဘူး။ မီးနီကဖြတ်လာမယ့်ကားကို စောင့်သေးတယ်။ ရှေ့မှာဖြစ်နေတာတွေ ကြုံနေရတော့။ အခုက ကားတွေလည်း များလာတဲ့အတွက် လူတွေက အချိန်တွေလုမယ်။ အတ္တတွေကြီးလာတော့ စည်းမဲ့ကမ်းမဲ့တွေများလာတယ်။ အဲဒီလိုတွေကြောင့် ယာဉ်တိုက်မှုတွေ အဖြစ်များလာတာပါ။ အဓိကကတော့ ကိုယ်မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သည်းခံလိုက်။ သူ အရေးကြီးနေသလား။ သူ့(တခြားကား) အခြေအနေ တစ်ချက်ကြည့်လိုက်ပေါ့။ ဦးတို့ အခုခံယူထားတာက ကိုယ်ကမှားပြီး မတိုက်သလို မှားပြီးလာတိုက်မယ့်ကားကိုလည်း ကိုယ်ကရှောင်နိုင်အောင် ကြိုးစားပြီးမောင်းမယ်လို့ ခံယူထားတာ။ လက်ရှိမှာ ယာဉ်တိုက်မှုတွေ ဖြစ်နေတယ်ဆိုတာ စည်းကမ်းမဲ့မောင်းနှင်တာတွေ များလာလို့ဖြစ်နေတာကြောင့် လမ်းဆုံနေရာတွေမှာ သတိထားပြီးမောင်းနှင်တာ အကောင်းဆုံးပါလို့ အကြံပေးချင်ပါတယ်။ ■

# စလစ်ဈေး ကျပ်သိန်း ၁၀၀ ကျော်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မော်တော်ယာဉ်ဟောင်းအပ်နှံသည့် စလစ်များ အဝယ်လိုက်လာခြင်းကြောင့် အမည်ပေါက်စလစ် တစ်စောင်လျှင် ကျပ် ၁၀၅ သိန်းခန့်သို့ ရောက်ရှိလာကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းမှစတင်၍ စလစ်ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်နေရာမှ ယခုအပတ်အတွင်း၌ ယခင်ကထက် စလစ်တစ်စောင်လျှင် ကျပ်ငါးသိန်းခန့် မြင့်တက်လျက်ရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

"အပ်ကားကရှားပြီး အဝယ်လိုက်လာတော့ ဈေးကတက်တာပေါ့" ဟု စလစ်ဝယ်ရောင်း ဦးမောင်မောင်ဇော်က ပြောဆိုသည်။

လာမည့်နှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်ပုံစံများ ပြောင်းလဲလာနိုင်ခြေရှိခြင်းနှင့် စလစ်ကပ် ယာဉ်များသာ ဦးစားပေးတင်သွင်းခွင့်ပေးဖွယ် ရှိနေခြင်းတို့ကြောင့် စလစ်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ပြောကြားသည်။

ယခုအခါ အမည်ပေါက်စလစ်တစ်စောင်လျှင် ကျပ် ၁၀၅ သိန်း၊ ရိုးရိုးစလစ်တစ်စောင်လျှင် ကျပ် သိန်း ၁၀၀ ခန့်နှင့် ယာဉ်အိုယာဉ်ဟောင်းအပ်ကား တစ်စီးလျှင် ကျပ် ၉၅ သိန်းခန့်ဈေးရှိကြောင်း စလစ်ဝယ်ရောင်းများထံမှ သိရသည်။ ■

# အရောင်းစင်တာများတွင် Consignment မော်တော်ယာဉ်များ သောင်းဂဏန်းခန့်ရှိဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မော်တော်ယာဉ် အရောင်းစင်တာများတွင် အပ်ကုန်စနစ် (Consignment)ဖြင့် တင်သွင်းထား သည့် မော်တော်ယာဉ်အစီးရေ သောင်းဂဏန်းခန့်ရှိ နိုင်ကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ပြော ကြားသည်။

အဆိုပါစနစ်ဖြင့် ရောင်းချရန် တင်သွင်းထားသော မော်တော်ယာဉ်များ (၂၀၀၃၊ ၀၄ မော်ဒယ်လ်)သည် ယခုနှစ်အတွင်း ရောင်းချနိုင်ခြင်းမရှိပါက မူလနိုင်ငံများသို့ ပြန်လည်တင်ပို့ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

"ကားအစီးရေကများနေတော့ ဒီနှစ်အတွင်း အကုန်ရောင်းနိုင်ဖို့က ခက်ခဲပါတယ်" ဟု မော်တော်ယာဉ်လုပ်ငန်းရှင် ဦးမြတ်မင်းချစ်က ပြောဆိုသည်။

အဆိုပါ ၂၀၀၃၊ ၀၄ မော်ဒယ်လ်မော်တော်ယာဉ်များကို ပြီးခဲ့သည့်နှစ်များအတွင်းက တင်သွင်းခဲ့ကြ ခြင်းဖြစ်ပြီး စီးပွား/ကူးသန်း၏ မော်တော်ယာဉ် တင်သွင်းခွင့်မူအရ အရောင်းစင်တာများအနေနှင့် တင်သွင်းပြီး ၂နှစ်အတွင်း မရောင်းချနိုင်သောယာဉ်များကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းမည်ဖြစ်သည့်အတွက် ယခုနှစ်အတွင်းရောင်းချနိုင်ရန် လိုအပ်နေခြင်းဖြစ်သည်။

သို့သော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် ထိုသို့ ၂ နှစ်ပြည့်မော်တော်ယာဉ်များ ရောင်းချနိုင်ခြင်းမရှိပါက မူလနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်း (သို့မဟုတ်) အခြားနိုင်ငံသို့ အစိတ်အပိုင်းများအဖြစ်ပြုလုပ်၍ တင်ပို့ရောင်းချခြင်းများ ပြုလုပ်ရမည်ဟုဆိုသော်လည်း အရေးယူမှုအပိုင်းတွင်မူ အားနည်းကြောင်း အခြားစီးပွားရေးလုပ်ငန်းရှင်အချို့က ဆိုသည်။ ■

# Honda Fit Headlamp



ဒီပစ္စည်းလေးက Headlamp သီးသန့် ဂျပန် နိုင်ငံထုတ် Original ပစ္စည်းလေးပါပဲ။ Honda Fit ကထုတ်တဲ့ နောက်ဆုံးမော်ဒယ်လ်တွေဖြစ်တဲ့ ၂၀၁၄ နဲ့ ၂၀၁၅ မော်ဒယ်လ်တွေမှာ တပ်ဆင်အသုံးပြုဖို့ပါ။ ဒီပစ္စည်းလေးကို အလှဆင်တာအနေနဲ့ အသုံးမပြုနိုင်ပေမယ့် သူ့မော်ဒယ်လ်ကားအမျိုးအစားမှာပဲ တပ်မယ်ဆိုရင်တော့ အလှဆင်လိုက်သလို လှပတင့်တယ်သွားစေမှာဖြစ်ပါတယ်။ Honda Fit စီးနေပြီး Honda Fit ရဲ့ Original ပစ္စည်းတွေကိုမှ သီးသန့်တပ်ဆင် အသုံးပြုလိုတဲ့ ကားပိုင်ရှင်တွေအတွက်တော့ ဒီပစ္စည်းလေးတွေက အသုံးဝင်စေမှာ ဖြစ်ပါတယ်။ ဒီပစ္စည်းလေးက Original ဖြစ်တဲ့အတွက် ရေရှည်အသုံးခံနိုင်မှာဖြစ်ပြီး ရေရှည်မှာ မီးလုံးအရောင်မှိန်ခြင်းနဲ့ တာရှည်မခံခြင်းတွေကို စိုးရိမ်စရာမလိုပါဘူး။ လက်ရှိပစ္စည်းကတော့ နှစ်လုံးစာပဲရှိ ပေမယ့် မှာယူချင်တယ်ဆိုရင်လည်း ဝန်ဆောင်မှုတွေ ပေးသွားမှာဖြစ်ပါတယ်။ Honda Fit Headlamp ရဲ့ ဈေးနှုန်းကတော့ ကျပ် ၂၀၀,၀၀၀ ကျသင့်မှာဖြစ်ပါတယ်။ ဆက်သွယ်မှာယူချင်တယ်ဆိုရင်တော့ တာမွေအခွန်လွတ်ဈေးအနီးမှာရှိတဲ့ မင်းမဟာ ကားပစ္စည်းဆိုင်ကိုပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ်- ၀၉၄၅၀၀၂၂၉၉၉ ကိုပဲဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price - Kyats(Lakh) |
|---|---|---|---|
| 1 | Toyota Wish | 2003-04 | Over 210 |
| 2 | Royal Saloon | 2004 | 310 to 360 |
| 3 | Kluger | 2003-04 | Over 310 |
| 4 | Hijet | 2006-07 | 80 to 90 |
| 5 | Probox | 2011-12 | 110 to 125 |
| 6 | CorollaX | 2007 | 160 |
| 7 | Mazda Demio | 2010-11 | 120 to 130 |
| 8 | Honda Fit | 2011-12 | 150 |
| 9 | Crown Athlete | 2004 | 260 to 330 |
| 10 | Mark 2 (ရွှေငါး) | 2003 | 200 to 240 |
| 11 | Toyota Ractis | 2010-11 | 135 to 140 |
| 12 | Suzuki Swift | 2010-11 | Over 130 |
| 13 | Alphard | 2003 | 320 to 360 |
| 14 | Tiger(Double Cab) | 2003 | 270 |
| 15 | Toyota Vitz | 2011-12 | 130 |

**မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

### J o k e s

## တစ်ယောက် တစ်ဝက်စီပေါ့

လူတစ်ယောက် တက္ကစီ စီးလာသည်။ လိုရာခရီးသို့ရောက်သောအခါ အဆိုပါပုဂ္ဂိုလ်က ၁၀ ဒေါ်လာ ထုတ်ပေးလိုက်သည်။

"ခင်ဗျား . . .ဘာလို့ ၁၀ ဒေါ်လာတည်းပေးတာလဲ။ ဒီခရီးက ဒေါ်လာ ၂၀ ကျတယ်ဗျ" ဟု အငှားယာဉ်မောင်းက ဒေါသသံစွက်ကာ ပြောလိုက်သည်။

ထိုလူက ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော် တစ်ယောက်တည်းမှ မဟုတ်တာ။ ခင်ဗျားလည်း စီးလာတာပဲလေ"

## ဝါရင့်ချင်း အတူတူ

လူငယ်တစ်ဦးသည် ၎င်းမောင်းလာသောကားနှင့် လူကြီးတစ်ဦးကို တိုက်မိလုဆဲဆဲ ဖြစ်သွားသည်။ ကားမောင်းသူလူငယ်က ကားပြတင်းပေါက်မှနေ၍ ဦးခေါင်းပြူကာ ပြောလိုက်သည်။

"ခင်ဗျား အရမ်းကို နမော်နမဲ့ နိုင်တာပဲ။ ကျွန်တော် ဘရိတ်နင်းချိန်မြန်လို့သာ ခင်ဗျား ကံကောင်းသွားတာ။ ကျုပ် ကားမောင်းလာတာ ၁၀ နှစ်ရှိပြီ။ ဒါမျိုးတစ်ခါမှ မကြုံဖူးသေးဘူး"

လူကြီးကလည်း လူငယ်ဘက်သို့လှည့်ကာ ပြန်ဟောက်လိုက်သည်။

"မင်းကရော ငါ့ကို ဘယ်လိုထင်လို့လဲ။ လမ်းလျှောက်နေတာ နှစ်ပေါင်း ၅၀ ကျော်နေပြီကွ"

## ပြိုင်ကား

စိတ်ကျန်းမာရေးဆေးရုံသို့ အမျိုးသမီးတစ်ဦးရောက်ရှိလာကာ ဆရာဝန်နှင့်တွေ့ဆုံသည်။

"ဒေါက်တာရယ်။ ကျွန်မယောကျ်ားကို ကယ်ပါဦး။ သူကိုယ့်သူ ပြိုင်ကားလို့ ထင်နေတယ်ရှင့်"

ဆရာဝန်က ပြန်ပြောလိုက်သည်။

"ဒီရောဂါမျိုးကို ကုရတာက အချိန်ကြာတတ်တယ်နော်။ ပိုက်ဆံလည်း အရမ်းကို အကုန်အကျများတယ်"

အမျိုးသမီးဖြစ်သူက ခပ်အေးအေးဖြင့် အဖြေပေးလိုက်သည်။

"ဒေါက်တာရယ်။ ပိုက်ဆံအတွက်က စိတ်ပူစရာမလိုပါဘူး။ ကျွန်မယောကျ်ားက ပြိုင်ပွဲသုံးခုတောင် နိုင်ထားပြီးပြီရှင့်"

The Voice Daily
လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# သင့်ကားကနေ ဘာမီးခိုးအရောင်ထွက်နေလဲ၊ ဘယ်မီးခိုးအရောင်က သင့်ကား ဘာရောဂါဖြစ်နေတယ်ဆိုတာကို ဖော်ပြနေတယ်ဆိုတာ သင်သိပါသလား

### အိတ်ဇောပိုက်က အရောင်တစ်မျိုးမျိုး ထွက်နေမယ်ဆိုရင်

သင့်ကားအိတ်ဇောပိုက်ကနေ အရောင်အမျိုးမျိုးသော အိတ်ဇောငွေ့တွေထွက်နေပါတယ်။ သင့်ကားမှာ ဘာ Warning Light မှမပေါ်ဘဲ အရောင်တစ်မျိုးမျိုး အိတ်ဇောငွေ့တွေထွက်နေပြီဆိုရင် သင့်ကားရဲ့စက်ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာတွေ တစ်ခုခုချို့ယွင်းနေပါပြီ။ အဲဒီအိတ်ဇောငွေ့အရောင်တွေကို ဂရုစိုက်လေ့လာထားခြင်းအားဖြင့် သင့်ကားရောဂါလက္ခဏာတွေကို သင်သိနိုင်ပြီး ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမဖြစ်ခင် အချိန်မီကာကွယ်ပြုပြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီတစ်ခါတော့ ကားအိတ်ဇောကနေထွက်ပေါ်လာတဲ့ အရောင်အမျိုးမျိုးသော အငွေ့တွေအကြောင်း ဖော်ပြပေးပါ့မယ်။

### အပြာရောင်မီးခိုးတွေ ထွက်နေတယ်ဆိုရင်

အိတ်ဇောပိုက်ကနေ အပြာရောင်မီးခိုးတွေ ထွက်နေခြင်းအကြောင်းရင်းက အင်ဂျင်ခန်းထဲမှာ အင်ဂျင်ဝိုင်တွေရောပြီး မီးလောင်ကျွမ်းရခြင်းရဲ့ထင်ရှားသောအကြောင်းရင်းပါ။ အင်ဂျင်ထဲက Valve Guide Seals တွေ ပျက်စီးနေမယ်။ ပစ်စတင် (Piston Ring ) တွေ ပျက်စီးနေမယ်ဆိုရင် ချောဆီအဖြစ်ဆောင်ရွက်နေတဲ့ အင်ဂျင်ဝိုင်တွေက သူရှိရမယ့်နေရာကနေ အင်ဂျင်မီးလောင်ခန်းထဲ ယိုစိမ့်ပြီး လောင်စာဆီ (ဓာတ်ဆီ၊ ဒီဇယ်) တွေနဲ့အတူ မီးလောင်ပါတယ်။ အဲဒါကြောင့် အပြာရောင်မီးခိုးတွေ ထွက်လာခြင်းပါ။

အဲဒီလို အပြာရောင်မီးခိုးတွေ အများကြီးထွက်လာပြီဆိုရင် ပထမဆုံးလုပ်ဆောင်သင့်တာက သင့်ကားအင်ဂျင်ဝိုင် ဘယ်လောက်လျော့သွားလဲဆိုတာ ပုံမှန်စစ်ဆေးပါ။ အင်ဂျင်ဝိုင်တွေ တအားစားသွားတယ်ဆိုရင်တော့ သင့်ကားကို ချက်ချင်းပြုပြင်ဖို့ လုပ်ဆောင်သင့်ပါတယ်။ ဂရုစိုက်မှုမရှိဘဲ ပေါ့ဆပြီးအချိန်ကြာသွားရင် အင်ဂျင်အတွင်းပိုင်း ကလီစာတွေထိခိုက်ပြီး ပိုက်ဆံအကုန်အကျ များသွားနိုင်ပါတယ်။

ခြွင်းချက်တစ်ချက်အနေနဲ့က သင့်ကားအင်ဂျင်က အိုနေမယ်၊ အင်ဂျင်ကျနေမယ်၊ ပြီးတော့ မီးခိုးကလည်း နည်းနည်းပဲလိုက်ပြီး အင်ဂျင်ဝိုင်စားတာကလည်း နည်းနည်းလေးပဲဆိုရင်တော့ အင်ဂျင်ဝိုင်ကိုပုံမှန်လေးဖြည့်ပေးပြီး မေးသုံးနိုင်ပါတယ်။ အင်ဂျင်ဝိုင်မီးလောင်ခြင်းအပြင် သက်ရောက်မှုအနေနဲ့ ကားစက်အနှိုးထိုင်းတာနဲ့ ကားပလပ် (Spark Plugs) ပျက်စီးတာတွေလည်း အပိုဖြစ်နိုင်ပါသေးတယ်။

တာဘို (Turbo Charge) ပါတဲ့ အင်ဂျင်တွေဆိုရင်တော့ အပြာရောင်မီးခိုးတွေထွက်တာဟာ Blower ပြုပြင်လဲလှယ်ရမယ်ဆိုတဲ့ ရောဂါလက္ခဏာတစ်ခုပါပဲ။

### မီးခိုးရောင်မီးခိုးတွေ ထွက်နေတယ်ဆိုရင်

အိတ်ဇောပိုက်ကနေ မီးခိုးရောင်တွေထွက်တာကလည်း အပေါ်ကအပြာရောင်လို အင်ဂျင်ဝိုင်တွေ လောင်ကျွမ်းတာ တာဘိုက Blower တွေလဲလှယ်ဖို့ လိုနေတာမျိုးတွေ ဖြစ်နိုင်ပါတယ်။ ဒီတော့ မီးခိုးရောင်မီးခိုးတွေမြင်ရင်လည်း အင်ဂျင်ဝိုင်ဘယ်လောက်စားနေသလဲ စစ်ဆေးကြည့်သင့်ပါတယ်။

မီးခိုးရောင်တွေထွက်ရတဲ့ အခြားအကြောင်းရင်းက အော်တိုဆီ (Automatic Transmission Fluid) တွေ အင်ဂျင်ထဲဝင်ပြီး လောင်ကျွမ်းခြင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်။ Transmission Vacuum Modulator ပျက်ပြီး အင်ဂျင်ထဲကို အော်တိုဆီတွေစုပ်သွင်းပြီး မီးလောင်ကျွမ်းတာကြောင့်လည်း မီးခိုးရောင်မီးခိုးတွေ ထွက်တတ်ပါတယ်။

အခြားအကြောင်းတစ်ချက်ကတော့ PCV Valve (Positive Crankcase Ventilation) ကပ်နေတာကြောင့်လည်း ဖြစ်တတ်ပါတယ်။ PCV Valve ဆိုတာက မီးလောင်ကျွမ်းပြီးတဲ့အငွေ့တွေ မီးလောင်ခန်းထဲကို ပြန်ပြီးမဝင်အောင် ကာကွယ်ပေးထားတဲ့အရာပါ။ အဲဒီလို PCV Valve (Positive Crankcase Ventilation) ကပ်နေမယ်ဆိုရင် အတွင်းပိုင်းမှာ ဖိအားတွေဖြစ်စေပြီး အင်ဂျင်ဝိုင်ယိုစိမ့်မှုကို ဖြစ်စေပါတယ်။

အဲဒါကြောင့် အိတ်ဇောကနေ မီးခိုးရောင်တွေထွက်မယ်၊ အင်ဂျင်ဝိုင်လည်း တအားစားသွားမယ်ဆို ကျွမ်းကျင်ဝပ်ရှော့ပို့ပြီး စစ်ဆေးမှုလုပ်သင့်ပြီလို့ အကြံပြုချင်ပါတယ်။


httpsi.ytimg.com

> သင့်ကားကနေပြနေတဲ့ သေးသေးမွှားမွှားရောဂါလက္ခဏာလေးတွေကို သင်ဂရုစိုက်မှ သင့်ကားလည်း သက်တမ်းရှည်ပြီး သင့်ပိုက်ဆံအိတ်ထဲကငွေတွေလည်း သက်တမ်းရှည်ပါမယ်

### အဖြူရောင်မီးခိုးတွေ ထွက်နေတယ်ဆိုရင်

အိတ်ဇောပိုက်ကနေ အဖြူရောင်မီးခိုးထွက်ရခြင်းကတော့ အခြေအနေအရပ်ရပ်ရှိတယ်လို့ ပြောချင်ပါတယ်။ မနက်ခင်း စက်စနှိုးနှိုးချင်း မီးခိုးဖြူတွေထွက်တယ်။ ထွက်တဲ့မီးခိုးပမာဏကလည်း နည်းနည်းလေးပဲဆိုရင်တော့ ဘာပြဿနာမှမရှိဘူးလို့ ပြောချင်ပါတယ်။ အဲဒါဟာ အိတ်ဇောပိုက်ထဲမှာ ရေခိုးရေငွေ့တွေနဲ့ ဓာတ်ငွေ့အကြွင်းအကျန်တွေ ငွေ့ရည်ဖွဲ့ခြင်းရဲ့ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုမို့ပါပဲ။ အဲလိုပဲ မနက်ပိုင်း ကားစက်စနှိုးချင်း မီးခိုးဖြူလေးနည်းနည်းထွက်ပြီး ခဏဆိုပျောက်သွားပါလိမ့်မယ်။

ဒါပေမဲ့ ကားစက်နှိုးပြီးချိန်မဟုတ်ဘဲ မောင်းနေတဲ့အချိန်တွေမှာပါ မီးခိုးအဖြူတွေ အများကြီးဆက်ထွက်နေမယ်ဆိုရင်တော့ အဲဒါရောဂါအကြီးကြီး တက်နေပါပြီ။ အဲဒါ ဘာကြောင့်ဖြစ်ရတာလဲဆိုရင်တော့ အင်ဂျင်ထဲမှာ Coolant ရေတွေယိုစိမ့်ပြီး အင်ဂျင်မီးလောင်ခန်းထဲဝင် မီးလောင်နေပါပြီ။ အဲဒီကနေ Head gasket ပျက်တာ၊ Cylinder Head ပျက်တာ၊ Engine Block တွေပျက်တာတွေလည်း ဖြစ်နိုင်ပါတယ်။ အကုန်လုံးကတော့ ငွေကုန်ကြေးကျများမယ့် ပြင်ဆင်မှုတွေပါ။

အဲဒါကို သေချာဂရုစိုက်ပြီး မပြုပြင်ဘူးဆိုရင် အခြေအနေပိုဆိုးလာပြီး Coolant တွေ ယိုဖိတ်မှုကနေစပြီး အင်ဂျင် Heat တက်ပြီး အင်ဂျင်တစ်ခုလုံး ပျက်စီးဆုံးရှုံးစေမှာပါ။ Coolant နဲ့ အင်ဂျင်ဝိုင်တွေ ရောနှောခြင်းကလည်း သင်နဲ့ သင့်ကားနှစ်ခုစလုံးကို ခေါင်းကိုက်စေမှာ ဖြစ်ပါတယ်။

သင့်ကားက ဒီဇယ်အင်ဂျင်လည်းဖြစ်မယ်၊ ကားစက်စနှိုးနှိုးချင်း အဖြူရောင်မီးခိုးတွေအများကြီးထွက်မယ်ဆိုရင်တော့ အဲဒါ Fuel Pump Injection တိုင်ပင်အောက်တဲ့ ရောဂါပါ။ အမြန်သွားပြုပြင်သင့်ပါတယ်လို့ အကြံပြုလိုက်ပါရစေ။

### အမည်းရောင်မီးခိုးတွေ ထွက်နေတယ်ဆိုရင်

အမည်းရောင်မီးခိုး အများကြီးထွက်ရခြင်းကတော့ အင်ဂျင်ထဲမှာ လောင်စာဆီတွေ လိုအပ်တာထက်ပိုလောင်ကျွမ်းနေတယ်ဆိုတဲ့ ရောဂါလက္ခဏာပါပဲ။ ပြောရမယ်ဆိုရင် ဆီပိုစားနေတာပါ။ ဖြစ်နိုင်တဲ့ရောဂါတွေကတော့ လေစစ် (Air-Filter) မကောင်းတာ၊ Fuel Injector မကောင်းတာ၊ Fuel pressure regulator တွေ Sensor တွေ ချို့ယွင်းတာတွေ ဖြစ်နိုင်ပါတယ်။ အခြားဖြစ်တတ်တာကလည်း Fuel return line ပိတ်ဆို့တာကြောင့် ဖြစ်တတ်ပါတယ်။

အခုဆိုရင် ကားအင်ဂျင်ကနေထွက်လာတဲ့ မီးခိုးအရောင်တွေကိုကြည့်ပြီး သင့်ကား ဘာတွေဖြစ်နေတယ်ဆိုတာ အကြမ်းဖျင်းခန့်မှန်းပြီး ကြီးကြီးမားမားပျက်စီးမှုမဖြစ်ခင် အချိန်မီပြုပြင်ထိန်းသိမ်းနိုင်လိမ့်မယ်လို့ထင်ပါတယ်။

သင့်ကားကနေပြနေတဲ့ သေးသေးမွှားမွှားရောဂါလက္ခဏာလေးတွေကို သင်ဂရုစိုက်မှ သင့်ကားလည်း သက်တမ်းရှည်ပြီး သင့်ပိုက်ဆံအိတ်ထဲကငွေတွေလည်း သက်တမ်းရှည်ပါမယ်လို့ Prime Auto Technology ကနေ အကြံပြုတင်ပြလိုက်ပါတယ်။

■ **Source - Prime Auto Technology**

---

## Honda Fit ရဲ့



ဒီပစ္စည်းလေးက ဂျပန်ကနေ တိုက်ရိုက်မှာသွင်းထားတဲ့ Honda Fit ၂၀၁၄၊ ၁၅ မော်ဒယ်လ်တွေမှာ အသုံးပြုလို့ရနိုင်မယ့် Spare Part လေးဖြစ်ပါတယ်။ Original ပစ္စည်းကိုမှ တပ်ဆင်အသုံးပြုချင်သူတွေအတွက် ဒီပစ္စည်းလေးက သင့်တော်စေမှာဖြစ်ပါတယ်။ ဒီပစ္စည်းလေးက ဂျပန်ကနေ တိုက်ရိုက်မှာယူထားတဲ့ Second Hand လေးဖြစ်ပေမယ့် လုံး၀ Original ပစ္စည်းလေးတစ်ခုပါ။ ဈေးနှုန်းကတော့ မော်ဒယ်လ်ကားပစ္စည်းဖြစ်တဲ့ အားလျော်စွာ ကျပ် ၇၀၀,၀၀၀ ကျသင့်မှာဖြစ်ပြီးတော့ အခုလက်ရှိပစ္စည်းကို ကြိုက်နှစ်သက်ခြင်းမရှိဘူး၊ ဒါမှမဟုတ် အခြား Spare Part တွေကို မှာယူချင်တယ်ဆိုရင်လည်း ရရှိနိုင်မှာဖြစ်ပါတယ်။ တကယ်လို့ ဒီရှဲလေးကိုပဲဖြစ်ဖြစ်၊ အခြားအစိတ်အပိုင်းတွေကိုပဲဖြစ်ဖြစ် မှာယူ၊ ဝယ်ယူချင်တယ်ဆိုရင်တော့ တာမွေအခွန်လွတ်ဈေးအနီးမှာရှိတဲ့ မင်းမဟာ ကားပစ္စည်းဆိုင်ကိုပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ်- ၀၉ ၄၅၀၀ ၂၂၉၉၉ ကိုပဲဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ်။ ■

## Celebrities' Choice

# “ကားကျပ်တာကြီးကိုတော့ သျှားအနေနဲ့ အပြစ်တစ်ခုလို့မမြင်ဘူး။ ကိုယ့်နိုင်ငံ တိုးတက်လာတယ်လို့ပဲ မြင်ပါတယ်”

## Miss Universe Myanmar 2014 အလှမယ် သျှားထွဋ်အိန္ဒြာနှင့် တွေ့ဆုံခြင်း

**ခိုင်ချယ်ရီထွန်း**

**ဒီတစ်ပတ် Celebrities's Choice ကဏ္ဍအတွက် Miss Universe Myanmar 2014 ဆု ရရှိထားပြီး အနုပညာလုပ်ငန်းတွေ တောက်လျှောက်လုပ်နေတဲ့ Miss သျှားထွဋ်အိန္ဒြာရဲ့ အခုလက်ရှိစီးနေတဲ့ကားနဲ့ ကားအပေါ်ထားရှိတဲ့ သူ့ရဲ့စိတ်နေစိတ်ထားတွေကို တွေ့ဆုံမေးမြန်းထားပါတယ်။**


Sharr Htut Eindra FB Page

**Voice း လက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး ပြောပြပေးပါဦး။**

**Sharr** း သျှား လက်ရှိက Toyota Wish နဲ့ Pajero စီးပါတယ်။

**Voice း ဘာလို့ အဲဒီကားတွေ ရွေးဖြစ်တာလဲ။**

**Sharr** း သျှားက ကားဆိုအစုံကြိုက်တယ်။ ဒီအတိုင်း ရွေးချယ်တယ်ဆိုတာ မရှိဘူး။ Wish ကျတော့လည်း ရှုတင်တွေသွားတဲ့အခါကျတော့ အဆင်ပြေတယ်။ ဘာလို့လဲဆိုတော့ လူလည်းများများဆံ့တယ်။ ပြီးတော့ သျှားပစ္စည်းတွေ ဘာတွေထည့်၊ အင်္ကျီတွေ ဘာတွေ လဲတာကျတော့ ဒီ Wish လေးက အဆင်ပြေတယ်။ Pajero ကတော့ သျှားကားအကြီးတွေကြိုက်တယ်။ ကားအကြီးကြီးတွေ မောင်းရတာ သဘောကျတယ်။ ကားသေးသေးလေးတွေဆို ကြားထဲမှာညပ်နေမှာ အရမ်းကြောက်တာ။ အဲဒီတော့ ကားကြီးကြီးမောင်းရတာကို ကြိုက်တယ်။ ဒါကြောင့်မို့ သျှား Pajero နဲ့ Wish လေးကို ရွေးချယ်ဖြစ်သွားတာ။ မိန်းကလေးတော်တော်များများကတော့ ကားသေးသေးလေးတွေ သဘောကျတာများတယ်။ သျှားကျတော့ အကြမ်းခံပြီးတော့ ကိုယ်နဲ့အသုံးတည့်တဲ့ကားမျိုးကို ပိုကြိုက်တယ်။

**Voice း နောက်ပြီး ပြိုင်ကားတွေ ဘာတွေရော သဘောကျလား။**

**Sharr** း ပြိုင်ကားတော့ သျှားသဘောကျပါတယ်။ မောင်းကြည့်ခဲ့ဖူးတယ်။ ဒါပေမဲ့ သျှားအရမ်းကြီးတော့ မကြိုက်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ့်အတွက် အဆင်မပြေဘူး။ မိန်းကလေးတစ်ယောက်အနေနဲ့ ပြိုင်ကားလေးနဲ့ လှတာကတော့လှတယ်။ ဒါပေမဲ့ သျှား ရှုတင်တွေ ဘာတွေသွားတာကျ အဆင်မပြေဘူးပေါ့နော်။ ပြီးတော့ ကားတွေ ဘာတွေကျပ်တာနဲ့ဆိုတော့ ပြိုင်ကားနဲ့ကျတော့ အဆင်သိပ်မပြေတာလည်း ပါတယ်။

**Voice း အခုစီးနေတဲ့ ကားအပေါ်မှာရော သျှား သဘောကျမိတဲ့ အချက်လေးတွေရှိလား။**

**Sharr** း အခု Wish ဆိုရင် ငြိမ့်လည်းငြိမ့်တယ်။ စီးရတာ ကျယ်လည်းကျယ်တယ်။ အဓိက ကားကျယ်ဖို့ပဲ အရေးကြီးတာပေါ့နော်။ ကားကျယ်တော့ သွားရလာရတာလည်း အဆင်ပြေတယ်။ နောက် ကားဆိုဒ်ကလည်း အကြီးလည်းမဟုတ်ဘူး။ သေးသေးလေးလည်း မဟုတ်ဘူး။ အနေတော်လေးဖြစ်နေလို့ သဘောကျမိတာပါ။

**Voice း Pajero ကျတော့ရော။**

**Sharr** း Pajero ကျတော့ သျှားအရင်ပြောခဲ့သလိုပဲ။ ကားကြီးတော့ ကိုယ်မောင်းရတာ သက်သာတယ်။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ကျတော့ နည်းနည်းခက်တယ်။ ဒါပေမဲ့ သျှားကတော့ ကားမောင်း စသင်ကတည်းက ဒီကားနဲ့စသင်ထားတော့ ဒီကားကိုပဲမောင်းရတာ သဘောကျတယ်။

**Voice း ဒါဆိုသျှားက ကားကိုကိုယ်တိုင်မောင်းတာပေါ့။**

**Sharr** း ဟုတ်။ ကိုယ်တိုင်လည်းမောင်းသလို တစ်ခါတလေကျရင် မေမေလည်း မောင်းပို့ပေးတယ်။ တစ်ခါတလေကျတော့လည်း ခရီးတွေ ဘာတွေသွားတဲ့အခါမျိုးမှာ ဒရိုင်ဘာခေါ်သွားတယ်။

**Voice း လက်ရှိ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်နေတဲ့ အခြေအနေကရော။ ကားမောင်းရသူတစ်ယောက်အနေနဲ့ ဘယ်လိုအကြံပေးချင်လဲ။**

**Sharr** း လက်ရှိမှာတော့ ကားတွေ အရမ်းများလာတာလည်း ပါတယ်။ နောက် ကားတွေလည်းဝယ်နိုင်နေကြပြီဆိုတော့ အနည်းနဲ့အများတော့ စည်းကမ်းတကျ မောင်းမယ်ဆိုရင်တော့ ကားကျပ်တာတွေ လျော့သွားမယ်လို့ ထင်ပါတယ်။ ကားကျပ်တာကြီးကိုတော့ သျှားအနေနဲ့ အပြစ်တစ်ခုလို့ မမြင်ဘူး။ ကိုယ့်နိုင်ငံ တိုးတက်လာတယ်လို့ပဲ မြင်ပါတယ်။ ဒါပေမဲ့ အလုပ်တွေ ဘာတွေရှိရင်တော့ ကိုယ်သွားရမယ့်အချိန်ကို တွက်ဆပြီးမှ သွားစေချင်ပါတယ်။

■ **ခိုင်ချယ်ရီထွန်း**

## CHOICE & GUIDE

# Hyundai SantaFe

**Model -**
**2016**
**အင်ဂျင်ပါဝါ -**
**၂၂၀၀ စီစီ**
**အာမခံ -**
**သုံးနှစ် (သို့) ကီလိုတစ်သိန်း**
**လောင်စာဆီအမျိုးအစား -**
**ဒီဇယ်**
**ဈေးနှုန်း -**
**အမေရိကန်ဒေါ်လာ ၅၈၁၀၀**

Hyundai Santafe ( ၂၀၁၆ မော်ဒယ်လ် ) ဟာ တောင်ကိုရီးယားအခြေစိုက် Hyundai က ထုတ်တဲ့ SUV အမျိုးအစား ဖြစ်ပါတယ်။ ၂၀၁၆ မော်ဒယ်လ် အနေနဲ့ လုံခြုံစိတ်ချမှုကို အသားပေးထားပါတယ်။

6 speed auto gear နဲ့ ကားမောင်းရလွယ်ကူသက်သာစေပါတယ်။ မြူထူထပ်တဲ့အချိန်၊ မိုးသည်းတဲ့အချိန်မှာ မြူခွဲမီးတွေကြောင့် ပိုပြီးမြင်နိုင်စွမ်းအားကောင်းစေပါတယ်။ ဘရိတ်မီးကိုလည်း မြင့်မြင့်တပ်ဆင်ထားတာကြောင့် နောက်ကားတွေအတွက် သိသာမြင်သာစေပါတယ်။ USB နဲ့ AUX ပေါက်တွေကတစ်ဆင့် Santafe ရဲ့အဆင့်မြင့်အသံစနစ်နဲ့ချိတ်ဆက်ပြီး သီချင်းတွေ၊ ရေဒီယိုတွေ နားထောင်နိုင်မှာပါ။ ကားမောင်းနေစဉ်အဆင်ပြေစေဖို့စတီယာရင်ကို (Normal/ Comfort) ဆိုပြီး ချိန်ညှိနိုင်တဲ့ Flex Steer စနစ်ပါရှိပါတယ်။

Santafe ရဲ့ နောက်အားသာချက်ကတော့ မိသားစုခရီးတွေအတွက် အဆင်ပြေစေမယ့် ကျယ်ဝန်းမှုရှိတာပါပဲ။ လူခုနစ်ယောက်စီးနိုင်ပြီး လိုက်ပါစီးနင်းသူတွေ သက်သောင့်သက်သာရှိစေမှာအမှန်ပါ။ လေအေးပေးစက်တွေ အရှေ့အနောက်နဲ့ အလယ်မှာပါဝင်ပြီး နောက်ခုံတွေရဲ့အလယ်မှာ ခွက်ထည့်စရာပါတဲ့ လက်ကိုင်ကို ထည့်သွင်းပေးထားပါတယ်။ နောက်ခုံတွေကို ခလုတ်နဲ့ ချိုးချနိုင်ပြီး ပစ္စည်းတွေများများ တင်ဆောင်နိုင်အောင်လည်း လုပ်ဆောင်နိုင်ပါတယ်။

လုံခြုံရေးအဓိကထားတဲ့မော်ဒယ်လ်ဖြစ်တာကြောင့် ကားရှေ့ခန်း လေအိတ်နှစ်လုံး၊ ဘေးလေအိတ်နှစ်လုံး၊ တံခါးမှန်လေအိတ်တို့နဲ့ စုစုပေါင်း ရှစ်လုံးအထိပါဝင်တဲ့ Round Air-Bag System ဖြစ်ပါတယ်။ လေးဘီးယက်အထောက်အကူစနစ်က နောက်ဘီးတွေကို ကုပ်အားပေးပို့ပြီး အီလက်ထရွန်နစ်ထိန်းချုပ်စနစ် (ESC) ကတော့ ကွေ့တဲ့အချိန် နောက်ဘရိတ်ကို ဖမ်းပေးပါတယ်။ ၎င်းစနစ် နှစ်ခုပေါင်းစပ်မှုကြောင့် ရိုးရိုး ESC စနစ်ထက် ယာဉ်ကို အချိန်မီထိန်းချုပ်စေနိုင်ပါတယ်။ ယာဉ်မောင်းလိုချင်တဲ့ပုံစံအတိုင်း ယာဉ်ကိုကူညီထိန်းချုပ်ပေးပြီး မောင်းနှင်ရာမှာ ပိုတိကျစေတဲ့အတွက် လုံခြုံရေးအတွက် အရေးပါတဲ့စနစ် ဖြစ်ပါတယ်။ မတ်စောက်တဲ့ ကုန်းစောင်းတွေအတွက် အလိုအလျောက် အမြန်နှုန်းထိန်းပေးမယ့် ကုန်းစောင်းဘရိတ် (DBC) ပါဝင်ပါတယ်။ အီလက်ထရွန်နစ်ပါကင်ဘရိတ် (EPB) ကြောင့် ယာဉ်ရပ်တာနဲ့ အလိုအလျောက်ဘရိတ်ဖမ်းပြီးသားဖြစ်ပြီး ကုန်းစောင်းက လိမ့်မဆင်းသွားအောင် ကာကွယ်ပေးမှာပါ။



ကားပါကင်ထိုးဖို့ အဆင်ပြေစေဖို့အတွက် နောက်ကြည့်ကင်မရာမြင်ကွင်းကို ရှေ့မော်နီတာမှာ ပြသပေးပြီး ဘေးကင်းစေမှာပါ။ အေးမြတဲ့ ဆောင်းရာသီအတွက် အပူပေးထားနိုင်တဲ့ ထိုင်ခုံတွေ၊ Smart Key နဲ့ စတိုင်ကျလှပစွာ ဖွင့်ပိတ်ပြီး ခလုတ်တစ်ချက်နဲ့ ကားစက်နှိုးနိုင်ပါတယ်။ ပုံမှန်ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၅၈,၁၀၀ ဖြစ်ပေမယ့် အထူးဈေးနှုန်းအနေနဲ့ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း ဝယ်ယူမယ်ဆိုရင် အမေရိကန်ဒေါ်လာ ၄၃၀၀ လျှော့ပေးမှာဖြစ်ပါတယ်။

ဒီကားလေးကို ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ အမှတ်(၂/၆)၊ ၂ ရပ်ကွက် ၊ အင်းစိန်လမ်းနဲ့ သမိုင်းဘူတာရုံလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၁-၆၅၃ ၂၇၁၊ ၀၉-၄ ၂၁၀၀ ၂၀၅၁ သို့ဖြစ်စေ၊ အမှတ်(၁၀) လမ်း ၄၀၊ ၇၈ လမ်းနဲ့ ၇၉ လမ်းကြား မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၃၆၇၉၇ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■

# Galaxy Note 7 စမတ်ဖုန်းများကို အသုံးပြုမှုရပ်ဆိုင်းရန် Samsung ထုတ်ပြန်

ဆိုးလ်၊ စက်တင်ဘာ ၁၁

တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာကျော် အီလက်ထရွန်နစ်ကုမ္ပဏီ Samsungသည် မကြာသေးမီကမှ ထုတ်ခဲ့သော Galaxy Note 7 စမတ်ဖုန်းများကို ဘက်ထရီ ပေါက်ကွဲမီးလောင်မှုများ ဖြစ်ပြီးနောက် ပြန်လည်သိမ်းယူမှုများ ပြုခဲ့သလို၊ တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းတွင် လက်ဝယ်ရောက်နေသူများအားလည်း ဆက်လက်သုံးစွဲခြင်း မပြုရန်နှင့် မကြာမီ အခြားဖုန်းတစ်ခုခုနှင့် ပြန်လည်လဲလှယ်ပေးရန် စီစဥ်နေကြောင်း သတင်းထုတ်ပြန်ချက်ကို The Washing-ton Post သတင်းတွင်ဖော်ပြ ထားသည်။


AP

Samsung ကုမ္ပဏီမှ ထုတ်သော Galaxy Note 7 ဖုန်းများကို အမေရိကန်အာဏာပိုင်များက လေယာဉ်စီး ခရီးသည်များအနေနှင့် ပျံသန်းနေစဥ်ကာလအတွင်း ဖုန်းများကို ပိတ်ထားရန် အမိန့်များထုတ်ပြီးနောက် တစ်ကမ္ဘာလုံးရှိ ယင်းဖုန်းများကို ဆက်လက်အသုံးမပြုကြရန် သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အမေရိကန်ပြည်ထောင်စုပိုင် လေကြောင်းလိုင်းများက ဖုန်းများကို ပိတ်ထားရန် အမိန့်ထုတ်ပြီး မကြာမီ အခြား လေကြောင်းလိုင်းများကလည်း စမတ်ဖုန်းများကို ပိတ်ထားရန် ညွှန်ကြားသကဲ့သို့ အချို့သောလေကြောင်းလိုင်းများသည် အိတ်ထဲသို့ပင် ဖုန်းများကို ထည့်ယူလာခြင်းအား တားမြစ်မှုများ ဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၁၀ ရက်နေ့တွင် Samsung ကုမ္ပဏီပိုင် Website ကတစ်ဆင့် ထုတ်ပြန်ချက်တစ်ခု၌ ကမ္ဘာတစ်ဝန်းလုံးရှိ Galaxy Note 7 ဖုန်းများကို ပြန်သိမ်းပြီး ယင်းအစား အခြားဖုန်းတစ်ခုခုကို အစားထိုးပြန်လည်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Galaxy Note 7 ဖုန်းများ လက်ဝယ်ရှိနေသူများသည် ဖုန်းများကိုပိတ်လိုက်ပြီး နီးစပ်ရာဝယ်ယူထားသည့် အရောင်းဌာနများကို ပြန်ပေးရန်နှင့် မကြာမီ ဖုန်းအသစ်တစ်လုံး အစားထိုးလဲလှယ်ပေးမည်ဖြစ်ကြောင်း၊ အစားထိုးပေးမည့် ဖုန်းများအတွက် ဝယ်ယူသုံးစွဲသူတိုင်း စိတ်တိုင်းကျဖြစ်စေရမည်ဟု မျှော်လင့်ပါကြောင်း Samsung ကုမ္ပဏီ မိုဘိုင်းလ် ဥက္ကဋ္ဌ ခိုဒေါင်ဂျင်းကပြောကြားသည်။

ယင်းဖုန်းများကို လက်ဝယ်ရှိထားသူများသည် သက်ဆိုင်ရာ အရောင်းဌာနတွင် ဖုန်းကို ပြန်လည်ပေးသွင်းပြီးနောက် လက်ရှိအသုံးပြုရန်အတွက် အစားထိုးဖုန်းတစ်လုံးကို လက်ခံရယူပြီး အသုံးပြုထားနိုင်ကြောင်း၊ ဘက်ထရီအသစ် အစားထိုးပြန်လည် လဲလှယ်ပြီးနောက် ဖုန်းများကို ပိုင်ရှင်များ လက်ဝယ်ပြန်အပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံတွင် ပြုလုပ်ပြီး ကျန်နိုင်ငံများသို့လည်း ဆက်လက် လုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း Samsung ကုမ္ပဏီကဆိုသည်။

Samsung ကုမ္ပဏီသည် Galaxy Note 7 စမတ်ဖုန်းများကို စက်တင်ဘာလအစောပိုင်းကတည်းက စတင်ဖြန့်ချိခဲ့ပြီး ဘက်ထရီပြဿနာကြောင့် ဖြန့်ချိခဲ့သည့် ဖုန်းအလုံးပေါင်း ၂ ဒသမ ၅ သန်းကို ပြန်လည်သိမ်းယူခဲ့ရကြောင်း The Washington Post သတင်းတွင် ရေးသားထားသည်။ ■

# ဟောင်ကောင်မှလာသော USB များကို သတိထားရန် သတင်းထုတ်ပြန်

ဝါရှင်တန်၊ စက်တင်ဘာ ၁၁


Fortune

၂၀၁၆ ခုနှစ် ဧပြီလခန့်ကတည်းက ထုတ်ခဲ့သော ဟောင်ကောင်မှ USB stick များသည် ပူးတွဲအသုံးပြုလိုက်သည့် ဟာ့ဒ်ဝဲများထံမှ ပါဝါကို အလွန်အမင်းဆွဲယူလိုက်ရုံမက ပေါက်ကွဲမှုများကိုပါ ဖြစ်စေနိုင်ကြောင်းတွေ့ရသောကြောင့် USB Killer ဟု သတ်မှတ်ထားသည့် ယင်းပစ္စည်းများကိုသတိထားကြရန် AFP သတင်းတွင်ဖော်ပြထားသည်။

ယင်း USB Killer များကို သဘောရိုးဖြင့် မဟုတ် ဖျက်လိုဖျက်ဆီးစိတ်ဖြင့် ထုတ်ကြခြင်းဖြစ်ပြီး အသုံးပြုမိသူသည် မိမိတို့ ဟာ့ဒ်ဝဲပစ္စည်းများကိုမည်သို့မျှ ကာကွယ်တားဆီးချိန်မရဘဲ ပျက်စီးသွားစေရန်သဘောဖြင့် လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဟောင်ကောင်ကထုတ်သည့် USB stick များသည် ကွန်ပျူတာ PC များကို ပစ်မှတ်ထားခြင်း မဟုတ်ဘဲ လက်ရှိတီဗီများတွင် USB များကို တိုက်ရိုက်တပ်ဆင် အသုံးပြုလာမှုများကိုရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ကြခြင်းဖြစ် ကြောင်း Fortune သတင်းတွင်လည်း ရေးသားထားသည်။

တီဗီများကို USB stick များဖြင့် တွဲ၍အသုံးပြုလျှင် ပေါက်ကွဲပျက်စီးမှု မဖြစ်စေရန်အတွက် ကြားခံအဖြစ် အသုံးပြုရမည့်ပစ္စည်းတစ်မျိုးကို ယင်း USB Killer ကို ထုတ်လုပ်သူများကပင် ထုတ်လုပ်နေသည်ဟု ယူဆရပြီး ကြားခံအကာအကွယ်ပေးနိုင်သည့်ပစ္စည်းကို ၅၆ ဒေါ်လာဖြင့် ရောင်းချနေကြရာ မှာယူသုံးစွဲသူများပြားလျက်ရှိသည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်ကတည်းက USB Killer တစ်မျိုးကို မသမာသူများက ဈေးကွက်တင်ကာ စမ်းသပ်ထားပြီး၊ ယင်းသို့လုပ်ကိုင်နေသူများသည် ဟောင်ကောင်မှဖြစ်ကြောင်း Fortune တွင် ဖော်ပြထားသည်။

လက်ရှိ အသုံးပြုနေကြသော USB stick များသည် တစ်သက်တာ ဝရမ်တီဟူ၍ ပေးထားကောင်း ပေးထား နိုင်သော်လည်း USB တစ်ချောင်းတန်ဖိုးနှင့် တီဗီတစ်လုံးတန်ဖိုးသည် နှိုင်းယှဥ်ခြင်း မပြုနိုင်လောက်အောင် ကွာခြားကြောင်း၊ USB ပေါက်ကွဲပျက်စီးသောကြောင့် အစားထိုးတစ်ခုပြန်ရကောင်း ပြန်ရနိုင်သော်လည်း တီဗီတစ်လုံးကိစ္စမှာ စကားပြောစရာများဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် USB stick များကို တီဗီများနှင့်တွဲကာ အသုံးပြုမည်ဆိုလျှင် အာမခံချက်ရှိသော USB stick များကိုသာ အသုံးပြုသင့်ကြောင်း AFP သတင်းတွင် ရေး သားထားသည်။ ■

## NEWS IN BRIEF

### ကပ်ပါးကောင်တစ်မျိုးအား သမ္မတအိုဘားမားအမည်ပေးဂုဏ်ပြု

အမေရိကန်ပြည်ထောင်စုမှ သမ္မတဟောင်းများကို တောင်၊ ကျောင်း၊ စာကြည့်တိုက်၊ လေဆိပ်၊ လမ်းအမည်များပေးကာ ဂုဏ်ပြုခဲ့ကြသော်လည်း ဘားရက်အိုဘားမားအား သိပ္ပံပညာရှင်အများစုက ရှားပါးမျိုးစိတ်သစ်များ အမည်ပေးဂုဏ်ပြုလျက်ရှိရာ ကပ်ပါးကောင်တစ်မျိုးအမည်ကိုလည်း အိုဘားမားဟု သတ်မှတ်ဂုဏ်ပြုခဲ့ကြောင်း The Gazett သတင်းတွင်ဖော်ပြထားသည်။

Parasitology ဂျာနယ်တွင် ဖော်ပြထားသည့်နောက်ဆုံးတွေ့ရှိရသော flatworm ကပ်ပါးကောင် အမျိုး အစားသစ်တစ်မျိုးကို သမ္မတအိုဘားမားအမည်ပေးကာ ဂုဏ်ပြုကြောင်း ယင်းသတင်းကဆိုသည်။

ယင်းကပ်ပါးကောင် မျိုးစိတ်သစ်ကို စိန့်မေရီ ကောလိပ်မှ ရောဂါဗေဒပညာရှင် သောမတ်စ် ပလိတ်ဆိုသူက ရှာဖွေတွေ့ရှိပြီး အိုဘားမားကို ဂုဏ်ပြုကာ အမည်သစ်ပေးခဲ့ခြင်းဖြစ်သည်။ ■

### ချူလာလောင်ကွန်တက္ကသိုလ်ကျောင်းသားများတီထွင်မှု Microsoft အကူအညီပေး

ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်တက္ကသိုလ်၊ အင်ဂျင်နီယာသိပ္ပံမှ ကျောင်းသားများ၏ အစိုးရမဟာဗျူဟာ စီမံချက် ကို အထောက်အကူဖြစ်စေမည့် တီထွင်မှုများ လုပ်ဆောင်နေခြင်းကို ကမ္ဘာကျော် Microsoft ကုမ္ပဏီကြီးက အထောက်အကူပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်ကို Bangkok Post သတင်းတွင်ဖော်ပြထားသည်။

ချူလာလောင်ကွန် တက္ကသိုလ်မှကျောင်းသားများအနေနှင့် အစိုးရစီမံကိန်းအတွက် Microsoft မှ ပရိုဂရမ်များနှင့် ဆော့ဖ်ဝဲများ တီထွင်မှုအတွက် စိတ်ကြိုက်ယူငင်အသုံးပြုနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

Microsoft ကုမ္ပဏီသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်ပညာရေးလောကတွင်မဆို တီထွင်နေသူများအား အထောက်အကူပေးလျက်ရှိကြောင်း ကမ္ဘာ့အဆင့်အနေနှင့်လည်း မည်သည့်နိုင်ငံကို မဆို Microsoft BizSpark အနေနှင့် အကူအညီပေးလျက်ရှိကြောင်း Bangkok Post တွင်ရေးသားထားသည်။ ■

### Facebook ပေါ်တွင် ဝတ်လစ်စားလစ် ဗီယက်နမ်မိန်းကလေးပုံတင်မှုကို ဖယ်ရှားပေး

၁၉၇၂ ခုနှစ် ဗီယက်နမ်စစ်ပွဲကာလ လမ်းပေါ်ပြေးနေကြရသည့် စစ်ပြေးကလေးငယ်များထဲမှ ကမ္ဘာကျော် ဓာတ်ပုံတစ်ပုံဖြစ်သည့် ဝတ်လစ်စားလစ် မိန်းကလေးငယ်တစ်ဦးပုံကို Facebook ပေါ်တွင် ဖော်ပြခြင်းများအား ရပ်ဆိုင်းလိုက်ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

မကြာသေးမီက AP သတင်းဌာနမှ ဓာတ်ပုံဆရာတစ်ဦးက ပူလစ်ဇာဆုရဓာတ်ပုံများကို Facebook ပေါ်တင် လိုက်ရာတွင် ယင်းပုံပါသွားသဖြင့် နော်ဝေနိုင်ငံမှစတင်ကန့်ကွက်သောကြောင့် Facebook ကပယ်ဖျက်ပေးလိုက်ကြောင်း ယင်းသတင်းကဆိုသည်။

နော်ဝေနိုင်ငံဝန်ကြီးချုပ်၏ ပရိုဖိုင်းတွင်လည်း ယင်းဗီယက်နမ်သူလေး၏ပုံကိုတင်ထားရာ Facebook က ပယ်ဖျက်လိုက်ကြောင်း AFP သတင်းတွင်ရေးသားထားသည်။ ■

### ATM စက်မှ ပီဇာထုတ်ပေးနိုင်သည့်စနစ် တက္ကသိုလ်တွင်တပ်ဆင်

အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုးတက္ကသိုလ်တွင် ATM စက်များ၌ ကတ်သုံးပြီး ပီဇာမုန့်များကို ထုတ်ယူ စားသောက်နိုင်သည့် စက်များ စတင်တပ်ဆင်စမ်းသပ်လျက်ရှိကြောင်း AP သတင်းတွင်ဖော်ပြထားသည်။

Xavier တက္ကသိုလ်မှ ပြင်သစ်နိုင်ငံ ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး ATM စက်များမှ ပီဇာထုတ်စားနိုင်သော စနစ်ကို မြောက်အမေရိကတွင် Pizza ATM ဆိုသည့်အမည်ဖြင့် စတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပြင်သစ်ကုမ္ပဏီ Paline က ပီဇာစက်တစ်လုံးတွင် ပီဇာပေါင်း ၇၀ ကိုထည့်သွင်းထားပြီး၊ သာမန် အရွယ်အစား တစ်ခုလျှင် ၉ ဒေါ်လာမှ ၁၀ ဒေါ်လာ တန်ကြောင်း AP သတင်းတွင် ရေးသားထားသည်။ ■

### ကတ်အရွယ်ဖြင့်အသုံးပြုနိုင်သော Raspberry Pi ကွန်ပျူတာ ၁၀ သန်းကျော်ထုတ်ပြီးဟုဆို

ခရက်ဒစ်ကတ် အရွယ်အစားခန့်သာရှိသော ကွန်ပျူတာကတ်ပြားလေးတစ်ပြားတွင် မော်နီတာ၊ ကီးဘုတ်နှင့် မောက်စ်များကို တွဲဖက်ပြီး ကွန်ပျူတာကြီးများကဲ့သို့ အသုံးပြုနိုင်သော Raspberry Pi ကွန်ပျူတာကတ်လေးများကို ယနေ့အထိ ထုတ်ဝေရောင်းချနိုင်ခဲ့သည့် ပမာဏမှာ ၁၀ သန်းရှိပြီးဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဗြိတိန်အခြေစိုက် Raspberry Pi ဖောင်ဒေးရှင်းသည် ဈေးနှုန်းသက်သာပြီး ကွန်ပျူတာပရိုဂရမ်များကို ကောင်းစွာရေးနိုင်သူများ ပေါ်ထွန်းနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကတ်များကို ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

နောက်ဆုံးထုတ် Raspberry Pi 3 ကတ်များတွင် အခမဲ့ရနိုင်သော Raspbian ကွန်ပျူတာစက်လည်ပတ်ရေး စနစ် (Operation System) ကို ထည့်သွင်း အသုံးပြုထားကြောင်း Reuters တွင် ရေးသားထားသည်။ ■

# ခေတ်သစ်ကေရီ အငြိမ့်အဖွဲ့ရဲ့ ထပ်မံကျင်းပမယ့် ပွဲတွေမှာတော့ ပြက်လုံးတွေကို ဆင်ခြင်သွားမှာပါဆိုတဲ့ ပန်းသီး

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

လူငယ်အမျိုးသမီးသရုပ်ဆောင်တွေ လူရွှင်တော်အဖြစ် ကပြဖျော်ဖြေတင်ဆက်တဲ့ ခေတ်သစ်ကေရီအငြိမ့် အဖွဲ့ရဲ့ ထပ်မံကျင်းပမယ့် ပွဲတွေမှာတော့ ပရိသတ်ဝေဖန်မခံရအောင် ပြက်လုံးတွေကို ဆင်ခြင်သွားမှာပါလို့ ဟာသလူရွှင်တော် ပန်းသီးက The Voice ကို ပြောကြားပါတယ်။

ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံမှာ စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ ခေတ်သစ်ကေရီ အနုပညာကပွဲမှာ တင်ဆက်ခဲ့တဲ့ ပြက်လုံးတွေကို ညစ်ညမ်းတယ်ဆိုပြီး လူမှုကွန်ရက် Facebook မှာ ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ပြီးတဲ့နောက်မှာ ၎င်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

"ခေတ်သစ်ကေရီအဖွဲ့နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နောက်ထပ်ပွဲတွေ လုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ နောက်ပွဲကျရင်တော့ လေ့ကျင့်ချိန် များများယူမယ်။ ပြက်လုံးတွေဆိုရင်လည်း အောက်လုံးကင်းရမယ်။ နိုင်ငံရေးလည်းမပါဘူး။ လက်ရှိအဖြစ်အပျက်တွေနဲ့ လိုက်ဖက်မယ့် ပြက်လုံးတွေကိုရှာပြီး အကောင်းဆုံး ပြန်လုပ်ဖို့ အစီအစဉ်ရှိပါတယ်" လို့ ဟာသလူရွှင်တော် ပန်းသီးက ပြောကြားပါတယ်။

ခေတ်သစ် ကေရီအနုပညာ ကပွဲမှာတော့ သရုပ်ဆောင် အိချောပို၊ နန်းသူဇာ၊ ခင်ဝင့်ဝါ၊ မေမြင့်မိုရ်တို့က လူရွှင်တော်အဖြစ် ကပြဖျော်ဖြေတင်ဆက်ခဲ့ပြီး သရုပ်ဆောင် ကျော်ကျော်နဲ့ တေးသံရှင် သိန်းလင်းစိုးတို့က မင်းသားအဖြစ် ပါဝင်ကပြခဲ့ကြတာဖြစ်ပါတယ်။

ခေတ်သစ်ကေရီ အနုပညာကပွဲမတိုင်ခင်မှာ မင်းသမီးနှစ်ယောက်က ရန်ကုန်မှာ၊ ကျန်မင်းသမီးနှစ်ယောက်က ပြင်ဦးလွင်မှာ ဇာတ်ကားတွေရိုက်နေတာ ဖြစ်တဲ့အတွက် ပြက်လုံးတွေကိုတောင် နှစ်နေရာ ခွဲကာ တိုက်ပေးခဲ့ရပြီး၊ စက်တင်ဘာလ ၈ ရက်နေ့မှသာ ပွဲအတွက် လူစုံလေ့ကျင့် နိုင်ခဲ့တာဖြစ်ကြောင်း ဟာသလူရွှင်တော် ပန်းသီးက ပြောကြားပါတယ်။

"သူတို့က တကယ့်လူရွှင်တော်ကြီးတွေမဟုတ်တဲ့အတွက် ရုပ်ခံတွေ၊ ရှုတွေနဲ့ ရယ်ရမယ့်လူလည်း မပါဘူး။ နိုင်ငံရေးပြက်လုံးကို ပေးပြက်မယ်ဆိုလည်း သူတို့က မပြောရဲသလို၊ ပရိသတ်ကလည်း လက်မခံဘူး။ အဲ့ဒီတော့ သူတို့နဲ့လည်း လိုက်ဖက်ပြီး၊ ရယ်လည်းရယ်ရမယ်။ အောက်လုံးလေးတော့ နည်းနည်းပါမယ် ဆိုတဲ့ အပိုင်းလေးမှာ ရွေးချယ်ရတာပါ။ အဲ့ဒီအပေါ်မှာ နည်းနည်းလေးတော့ အသံလေးထွက်မှာပေါ့" လို့ ၎င်းကဆိုပါတယ်။

ခေတ်သစ် ကေရီအနုပညာကပွဲကိုတော့ ဒီဇင်ဘာလအတွင်း မန္တလေးမြို့မှာ ထပ်မံပြုလုပ်သွားဖို့ စီစဉ်ထားကြောင်း လူရွှင်တော်ပန်းသီးက ပြောကြားပါတယ်။

# ချစ်သူက အနုပညာအလုပ်တွေ ဆက်လုပ်ခွင့်ပြုထားပါတယ် ဆိုတဲ့ ခင်ဇာခြည်ကျော်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

လက်ရှိ တွဲနေတဲ့ ချစ်သူက လက်ထပ်ပြီးသွားတဲ့အခါကျရင်လည်း ချစ်တဲ့ ပရိသတ်တွေအတွက် အနုပညာအလုပ်တွေ ဆက်လုပ်ခွင့်ပြုထားပါတယ်လို့ သရုပ်ဆောင် ခင်ဇာခြည်ကျော်က The Voice ကို ပြောကြား ပါတယ်။

"သူနဲ့ မဇာက စိတ်နေစိတ်ထားရော၊ အနုပညာကို ချစ်မြတ်နိုးမှုရောက နှစ်ယောက်လုံး တိုက်ဆိုင်ပါတယ်။ ကိုယ့် သားသမီး နှစ်ယောက် အပေါ်မှာလည်း သားသမီးအရင်းလို ချစ်ပေးနိုင်မယ့်သူ ဖြစ်တဲ့အတွက် မဇာ ရွေးချယ်လိုက်တာပါ။ သူက ဇာ့ကို အနုပညာအလုပ်တွေလည်း ဆက်လုပ်ခွင့်ပြုထားပါတယ်" လို့ လက်ရှိ တွဲနေတဲ့ ချစ်သူအကြောင်းကို ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

လက်ရှိ အချစ်ရေး သတင်းနဲ့ ပတ်သက်လို့ ကိုယ်နဲ့ ထပ်တူ ဝမ်းသာပျော်ရွှင်ပေးနေကြတဲ့ ပရိသတ်တွေကို ကျေးဇူးလည်းတင်ပြီး၊ အဆင်သင့်ဖြစ်တဲ့ အချိန်ကာလတစ်ခုမှာတော့ အားလုံးကို အသိပေး ပြောပြပေးသွားမှာဖြစ်ကြောင်း သရုပ်ဆောင် ခင်ဇာခြည်ကျော်က ပြောကြား ပါတယ်။

"ဇာတို့က မင်္ဂလာပွဲတွေဘာတွေ လုပ်ဖို့က အရွယ်တစ်ခုလည်း ရနေပါပြီ။ ပရိသတ်တွေကိုလည်း မဇာ အသိပေး မှာပါ။ ဒါပေမဲ့ အချိန်ကာလတစ်ခုလည်း လိုပါသေးတယ်။ မဇာတို့ နှစ်ယောက်ရဲ့ ဆန္ဒကလည်း မင်္ဂလာပွဲကို လောလော လောလောလုပ်ဖို့ အစီအစဉ်မရှိပါဘူး" လို့ ၎င်းက ဆိုပါတယ်။

သရုပ်ဆောင် ခင်ဇာခြည်ကျော်က လက်ရှိတွဲနေတဲ့ ချစ်သူနဲ့ ပတ်သက်တဲ့ ခံစားမှုစာစုလေးတွေကို သူ့ရဲ့ Facebook Page မှာ ရေးသားလေ့ရှိပြီး သူ့ချစ်သူကတော့ အမေရိကန်ပြည်ထောင်စုမှာ အခြေချနေထိုင်နေတာ ဖြစ်ပါတယ်။

# ရုပ်သံဇာတ်လမ်းတွဲ Goblin မှာ ပါဝင်သရုပ်ဆောင်မယ့် ဂေါင်ယိုး

**ဆိုးလ်၊ စက်တင်ဘာ ၁၁**



soompi.com

နာမည်ကျော် ကိုရီးယားသရုပ်ဆောင် ဂေါင်ယိုးက tvN ရုပ်သံလိုင်းကနေ ရိုက်ကူးမယ့် Goblin ရုပ်သံ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ဖို့ရှိကြောင်း kpopherald.com မှာ ဖော်ပြထားပါတယ်။

Gobin ဇာတ်လမ်းကိုတော့ အာရှဒေသတွင်း နိုင်ငံတွေမှာ အောင်မြင်မှုများစွာရရှိခဲ့တဲ့ Descendants of the Sun ဇာတ်လမ်းတွဲကို ရေးသားခဲ့တဲ့ ဇာတ်ညွှန်းရေးဆရာမ Kim Eun–sook က ရေးသားထားတာ ဖြစ်ပါတယ်။

"ကင်ရော ဒါရိုက်တာရောက ကျွန်တော် ဇာတ်ညွှန်းကို ဖတ်တဲ့အသံနဲ့ လေယူလေသိမ်းကို သဘောကျကြတယ်။ သူတို့ရဲ့ ချီးကျူးမှုတွေကြောင့် ကျွန်တော့်မှာ ဖိအားတွေ ဝင်သွားတယ်လို့ ကင့်ကို ပြောဖြစ်တယ်" လို့ဇာတ်ညွှန်းကိုပါဝင်တဲ့ သရုပ်ဆောင်တွေ အတူဖတ်ပြီး လေ့ကျင့်ခဲ့ရတဲ့ အတွေ့အကြုံကို ဂေါင်ယိုးက ဖွင့်ဟပါတယ်။

"ဂေါင်ယိုးနဲ့ လက်တွဲအလုပ်လုပ်ခွင့်ရဖို့ ကျွန်မ အမြဲ မျှော်လင့်နေခဲ့တာပါ။ ကျွန်မ သူနဲ့ စကားပြောခွင့် ရခဲ့တယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ သူ အရမ်းတော်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်ကလည်း သူနဲ့အရမ်း လိုက်ဖက်ပါတယ်" လို့ Kim Eun-sook က ပြောကြားခဲ့ပါတယ်။

ဂေါင်ယိုးပါဝင်တဲ့ Gobin ရုပ်သံဇာတ်လမ်းတွဲကိုတော့ ဒီဇင်ဘာလအတွင်း tvN ရုပ်သံလိုင်း ကနေ ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး The Age of Shadows လို့ အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားမှာလည်း သူပါဝင်သရုပ်ဆောင်ဖို့ ရှိပါတယ်။



contactmusic. com

# အာရှဝင်ငွေ အကောင်းဆုံး သရုပ်ဆောင်အဖြစ် ၂၀၁၆ တွင် ဂျက်ကီချန်း ရပ်တည်

မြန်မာပရိသတ်တွေရဲ့အချစ်တော်လည်းဖြစ်သူ ဂျက်ကီချန်းဟာ အာရှတိုက်ရဲ့ဝင်ငွေ အကောင်းဆုံး သရုပ်ဆောင်အဖြစ် ထိပ်ဆုံးက ရပ်တည်နေလျက်ရှိတယ်လို့ Forbes မဂ္ဂဇင်းက ထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် တစ်နှစ်တည်းမှာပဲ ဂျက်ကီချန်းဟာ အမေရိကန်ဒေါ်လာ သန်း၄၀ ဆယ်ဝင်ခဲ့တာမို့ အာရှဝင်ငွေအကောင်းဆုံး သရုပ်ဆောင်အဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကွန်ဖူးမင်းသား ဂျက်ကီချန်းဟာ အကြမ်းအရမ်းဟာသအပြင် အလွမ်းခန်းတွေကိုပါ ပိုင်နိုင်တဲ့ စွယ်စုံရ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

ဂျက်ကီချန်းရဲ့နောက်မှာ ဒုတိယလိုက်တာကတော့ အမီတာဘာဂျန်း ဖြစ်ပါတယ်။

ရုပ်ရှင်သရုပ်ဆောင် သက်တမ်း ၄၆ နှစ်မှာ ဇာတ်ကားပေါင်း ၁၀၀ ကျော်မှာ ပါဝင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တစ်နှစ်လုံးမှာ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃ဒသမ၅သန်း ရခဲ့တာ ဖြစ်ပါတယ်။

အိန္ဒိယရဲ့အောင်မြင်နေတဲ့ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်နေရင်းသူဟာ ဝင်ငွေကောင်းနေခဲ့တာလည်းဖြစ်ပြီး ဟောလိဝုဒ်ရုပ်ရှင် The Great Gatsby မှာလည်း ပီပြင်စွာ သရုပ်ဆောင်ခဲ့သူပါ။

ဂျက်ကီချန်းဦးဆောင်နေတဲ့ အာရှဝင်ငွေအကောင်းဆုံးစာရင်းမှာ နံပါတ် ၂ ကနေ ၅ အထိက ဘောလိဝုဒ်မင်းသားတွေဖြစ်ကြပါတယ်။ ပရိသတ်အားပေးမှုကို ရနေတဲ့ အမီးရ်ခန်းနဲ့ ဂန္ထဝင်သရုပ်ဆောင် ဂျက်လီလို့ Forbes မဂ္ဂဇင်းရဲ့ ဒီစာရင်းမှာ ပါမလာခဲ့ပါဘူး။

# “မိုးစက်တင်လေလို သီချင်းမျိုးကို ကျွန်တော့်ကို ပြန်ဆိုခိုင်းရင် ဘယ်တော့မှ ဆိုမှာမဟုတ်ဘူး။ ဒီသီချင်းက ကိုလွှမ်းမိုးအတွက် ဖြစ်လာတာလေ”

## မာရဇ္ဇနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**တေးသံရှင် မာရဇ္ဇ နဲ့ တွေ့ဆုံပြီး အောက်တိုဘာလအတွင်း ရန်ကုန်မြို့မှာ ပြုလုပ်မယ့် တစ်ကိုယ်တော်ဖျော်ဖြေပွဲအကြောင်း၊ ပွဲမှာ သီဆိုမယ့် သီချင်းတွေ အကြောင်း၊ လွှမ်းမိုး အမှတ်တရ ဂီတဖျော်ဖြေပွဲမှာ ပါဝင်သီဆိုမယ့်အကြောင်းနဲ့ ပြန်ဆိုတေး သီဆိုရာမှာ သတိထားဆင်ခြင်တဲ့ အကြောင်းအရာတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ကိုမာရဇ္ဇရဲ့တစ်ကိုယ်တော်ရှိုးကို အောက်တိုဘာလထဲမှာ လုပ်မယ်လို့ သိရပါတယ်။ အဲ့ဒီအကြောင်းကနေစပြီး ပြောပြပေးပါဦး။**

**MRZ:** ကျွန်တော့်ရဲ့ One Man Show ကိုတော့ အောက်တိုဘာလ ၂၈ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ မှာ လုပ်ပါမယ်။ အရင်လို ကျွန်တော်တစ်ယောက်တည်းပဲ ဆိုမှာပါ။ ကျွန်တော့်ရဲ့နောက်ဆုံး ထွက်ထားတဲ့ အချိန်အခါ စီးရီးကလည်း ထွက်ထားတာ သုံးလရှိပြီလေ။ အဲ့ဒီခွေ လေးကလည်း အခုချိန်အထိ ရောင်းနေရတယ်ဆိုတော့ အဲ့ဒီအထဲက သီချင်းတွေ တစ်ခွေလုံးပြန် ဆိုပြမယ်။ ဒုတိယတစ်ပိုင်းမှာတော့ ပေါက်ထားပြီးသား သီချင်းတွေကို Unplugged ပုံစံနဲ့ ပြန်ဖျော်ဖြေမယ်။ ဒီပွဲမှာ တီးပေးမှာကတော့ ကျွန်တော်နဲ့ လက်တွဲနေတဲ့ Breakthrough Band ပါပဲ။

**Voice: အချိန်အခါ စီးရီးမှာက သီချင်းပုံစံအပြောင်းအလဲတွေ လုပ်ထားတော့ ပရိသတ်တွေဆီက ဘယ်လိုဝေဖန်သံတွေကြားရလဲ။**

**MRZ:** ဒီခွေကရောင်းရပါတယ်။ ပရိသတ်တွေလည်း ကြိုက်နေကြတယ်။ ဒါကြောင့် ကျွန်တော်က ရှိုးမှာ တစ်ခွေလုံး ပြန်ဆိုပြဖို့ ဆုံးဖြတ်လိုက်တာပါ။ ထူးခြားတာက ဒီခွေမှာ ကျွန်တော်လုပ်ချင်တာ လုပ်ထားပေမယ့် လူတွေ ကြိုက်နေတယ်။ အဲ့ဒီသီချင်း ဆူဆူညံညံတွေကို ကြိုက်နေတာကို ကျွန်တော်လည်း အံ့သြတယ်။ အဲ့ဒါကြောင့် ရှိုးမှာ ဒီစီးရီးတစ်ခွေလုံး ပြန်ဆိုပြမယ်။

**Voice: ကိုမာရဇ္ဇရဲ့ ပေါက်ထားပြီးသား သီချင်းတွေထဲကရော ဘယ်သီချင်းတွေ ရှိုးမှာ ပြန်ပါမလဲ။**

**MRZ:** ကျွန်တော်ထွက်ခဲ့သမျှ စီးရီးတွေထဲက Unplugged ပုံစံပြန်လုပ်လို့ ကောင်းမယ့် သီချင်းအများစုကို ကျွန်တော် ရွေးထားတယ်။ ပရိသတ်တွေကြိုက်တဲ့ သီချင်းတွေ ပိုများပါတယ်။ အဓိကကတော့ Unplugged ပုံစံဖြစ်တဲ့အတွက် ပရိသတ်ကြိုက်တဲ့ သီချင်းအချိုလေးတွေတော့ ပိုများမှာပေါ့။

**Voice: ရှေ့မှာလည်း တစ်ကိုယ်တော်ရှိုးတွေ လုပ်ခဲ့ပေမယ့် ခွေတော့ပြန်မထွက်ဖြစ်ဘူးနော်။ ဒီပွဲကိုရော ခွေပြန် ထုတ်ဖို့ စိတ်ကူးမရှိဘူးလား။**

**MRT:** ခွေတော့ ပြန်ထွက်ဖြစ်မယ် မထင်ဘူးဗျ။ ဒီပွဲကို MRTV4 က ရိုက်ပြီးလွှင့်မှာဆိုတော့လေ။ ဒီပွဲအတွက် သူတို့နဲ့ ကျွန်တော်စာချုပ်ချုပ်ထားပါတယ်။ ခွေတော့ ထုတ်ဖို့ မစဉ်းစားတော့ပါဘူး။ ကျွန်တော်က ရှိုးတွေ ခဏ ခဏ လုပ်ဖြစ်နေမှာ ဆိုတော့လေ။ အဲ့ဒါကြောင့် ရှိုးမှာပဲ သီချင်းတွေကို အားရပါးရ ဖျော်ဖြေမှာပါ။

**Voice: ကိုလွှမ်းမိုးရဲ့ အမှတ်တရ ဂီတဖျော်ဖြေပွဲမှာလည်း ကိုမာရဇ္ဇပါဝင်မယ်လို့ ကြားတယ်။ အဲ့ဒီအကြောင်းလည်းပြောပြပေးပါဦး။**

**MRT:** ကိုလွှမ်းမိုးအတွက် အမှတ်တရပွဲလုပ်မယ် ဆိုကတည်းက MRTV4 က အစ်ကိုမပါလို့မရဘူး ဆိုပြီး ကျွန်တော့်ကို လာပြောထားတယ်။ ရှိုးပွဲမှာတော့ ကျွန်တော့်ကို ကိုလွှမ်းမိုး သီချင်းလေးငါးပုဒ်လောက် ဆိုခိုင်းထားတယ်။ သူတို့ကလည်း ဒီပွဲကို လူများများနဲ့ မလုပ်ချင်ဘူးတဲ့။ လူနည်းနည်းနဲ့ပဲ လုပ်ချင်တယ်။ သူ့သီချင်းတွေကို မပျက်စီးအောင် ထိန်းထိန်းသိမ်းသိမ်း ဆိုနိုင်မယ့်လူတွေနဲ့ ပဲ လုပ်ချင်တယ်လို့ ပြောထားတယ်။

**Voice: ကိုလွှမ်းမိုးသီချင်းတွေ အစ်ကို ပြန်ဆိုထားတာလည်း ပရိသတ်တွေ ကြိုက်ခဲ့ကြတယ် နော်။**

**MRZ:** ကျွန်တော်က ကိုလွှမ်းမိုး သီချင်းသုံးပုဒ်ဆိုဖူးတယ်။ ဟသ်ာတို့ရဲ့ နန်းတော်ရှေ့ မုန်းခိုင်းတိုင်း မမုန်းနိုင်ဘူး၊ မအေးရှိတယ်။ ဒီပွဲမှာတော့ ဟသ်ာတစ်ပုဒ်တော့ ကျွန်တော် ပြန်ဆိုမယ်။ နောက်ထပ် ကိုလွှမ်းမိုးရဲ့ သီချင်းတွေထဲက ကျွန်တော်မဆိုရသေးတဲ့ သုံးပုဒ်လောက်ကို ပြန်ဆို ဖို့ စဉ်းစားထားတယ်။ MRTV4 ကတော့ ကျွန်တော့်ကို ပွဲမှာ လေးပုဒ်ဆိုပေးဖို့ ပြောထားတယ်။

**Voice: ဒီပွဲက ကိုလွှမ်းမိုးကို ချစ်တဲ့ ပရိသတ်တွေအတွက် ဘယ်လောက်အထိ အမှတ်တရဖြစ်စေမယ့် ပွဲဖြစ်မလဲ။**

**MRZ:** ဒီပွဲကို ပရိသတ်တွေ အားရကျေနပ်မှုရှိမှာပါ။ ကျန်တဲ့ သူတွေရဲ့ သီချင်းရွေးချယ်မှု အပိုင်းကတော့ ကျွန်တော်နဲ့ တူချင်မှတူလိမ့်မယ်။ ကျွန်တော်ကတော့ ပြန်ဆိုတေးဆိုပြီဆိုရင် ကျွန်တော် တကယ်လေးစားတဲ့ သူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဆိုပေးတာပါ။ ကျွန်တော်ပြန်လုပ်စားဖို့လည်း မဟုတ်ဘူး။ ကျွန်တော်တို့ လေးစားခဲ့တဲ့သူတွေရဲ့သီချင်းတွေကို ပြန်ဆိုပြီဆိုရင် သူတို့ပေါက်ထားခဲ့တဲ့ သီချင်းတွေကို ကျွန်တော်က သိပ်ရွေးမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ ဒီဂီတကို အဆင့်အတန်းရှိရှိ၊ ခမ်းခမ်းနားနား လုပ်ခဲ့တယ်ဆိုတာကို နောက်လူတွေ သိစေချင်တယ်။ အဓိကက သူတို့ တကယ်ခမ်းနားခဲ့တယ်ဆိုတာကို နောက်မျိုးဆက်တွေကို ပိုသိစေချင်တယ်။ အဲ့ဒါကြောင့် သူတို့တကယ်ခမ်းနားခဲ့တဲ့ သီချင်းတွေကို ရွေးချယ်ပြီးဆိုမှာပါ။

**Voice: ပြန်ဆိုတေးဆိုရင် မူရင်းအဆိုတော်တွေရဲ့ ပေါက်သီချင်းတွေကို ပြန်ဆိုပြီး နာမည်ယူသွားတဲ့ လူတွေလည်း ရှိတယ်လေ။ အဲ့ဒါကြောင့် ပေါက်သီချင်းတွေကို ရှောင်ချင်တာလား။**

**MRZ:** ဂီတမှာ တချို့သီချင်းတွေက ပေါ်ပေါ်ပဲပဲ ဖြစ်သလို၊ တချို့သီချင်းတွေက အဆင့်အတန်း ရှိတယ်လေ။ ပေါက်တာနဲ့ မပေါက်တာနဲ့ မဆိုင်ပါဘူး။ ကျွန်တော် ပြန်ဆိုဖို့ ရွေးတဲ့ သီချင်းက ပေါက်ချင်မှလည်း ပေါက်မယ်။ ဒီအဆိုတော်က ဒီလိုခမ်းနားတဲ့ သီချင်းမျိုးကို ဆိုခဲ့ပါလား ဆိုတာကို ပရိသတ်တွေ သိစေချင်တာပါ။ နောက်ပြီး ကိုယ်ပြန်ဆိုမယ့် သီချင်းရဲ့ တန်ဖိုးကို ကိုယ်တိုင်က နားလည်ဖို့လည်း လိုတယ်။ ဒီသီချင်းက ဘယ်လောက်အထိ ဩဇာကြီးခဲ့တာလဲ။ ဒီသီချင်းက ဘယ်လောက်အထိ ကိုယ်ပြန်လုပ်လို့ရလဲဆိုတာ သိဖို့လိုတယ်။ ရမ်းဆိုလို့ မရဘူး။ ဒီသီချင်းသည် ဘယ်လောက်အထိ ဩဇာကြီးသလဲ၊ ကိုယ့်အတွက် ဘယ်လောက် ဒုက္ခပေးနိုင်သလဲ ဆိုတာကို သိရမယ်။

**Voice: ကိုမာရဇ္ဇကို ပြန်ဆိုတေးဆိုဖို့လာပြောရင် ဘယ်အချက်တွေကို ကြည့်ပြီး ရွေးချယ်လက်ခံဖြစ်လဲ။**

**MRZ:** တချို့သီချင်းတွေက ကိုယ်သွားထိလို့မရတာတွေရှိတယ်။ ဥပမာ - မိုးစက်တင်လေလို သီချင်းမျိုးကို ကျွန်တော့်ကို ပြန်ဆိုခိုင်းရင် ဘယ်တော့မှ ဆိုမှာမဟုတ်ဘူး။ ဒီသီချင်းက ကိုလွှမ်းမိုးအတွက် ဖြစ်လာတာလေ။ နောက်ပြီး ကိုခင်ဝမ်းရဲ့နှုတ်ဆက်ခဲ့ပါတယ် သီချင်းဆိုရင် ကျွန်တော် သွားထိလို့မရဘူး။ ကျွန်တော်ဆိုရင် သူ့ထက် ကောင်းချင်ကောင်းမယ်။ ဒါပေမဲ့ ကိုခင်ဝမ်းလိုတော့ အရသာတစ်ခုပေးနိုင်မှာ မဟုတ်ဘူး။ သီချင်းတွေမှာ မူရင်းအဆိုတော်နဲ့ အတူတူ မွေးဖွားလာတဲ့ သဘောမျိုးတွေရှိတယ်။ အဲ့ဒါကို သွားထိလို့မရ ဘူး။ ပြန်ဆိုတေးဆိုမယ့်သူက အဲ့ဒီလောက်တော့ သိရမယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ကတော့ သီချင်းတစ်ပုဒ်ပြန်ဆိုရမယ်ဆိုရင် ဒီသီချင်းသည် ဘယ်လောက်အထိ ဩဇာကြီးခဲ့သလဲ၊ ဒီသီချင်းရဲ့တန်ဖိုးက ဘယ် လောက်ကြီးမားခဲ့သလဲ၊ ငါဘာပြန်လုပ်လို့ရလဲဆိုတာကို ကျွန်တော် အမြဲတမ်းလေ့လာတယ်။ နောက်ပြီး ပြန်ဆိုရမယ့် သီချင်းကို ကျွန်တော် တကယ်ကြိုက်မှပဲ ဆိုတယ်။ မကြိုက်ရင် မဆိုဘူး။



ဖိုင်၊ ဆန်းသစ်လ



စိုးသီဟ၊ ရွှေစင်



ဆုမြတ်နိုးဦး



သက်သခင်



ထွန်းပုလဲရတနာ

စက်တင်ဘာလ ၁၁ ရက်နေ့က Asia Global Travels & Tours ၊ ရွှေပိုးနန်းတော်၊ Yuzana Garden Hotel နှင့် Aroma Zulu Studio တို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် ရွှေအိပ်မက် မင်္ဂလာခရီးစဉ်နှင့် Wedding Show

သန့်ဇင်ဦး


Reuters

# ဆီးရီးယားအပစ်ရပ်စဲရေး သဘောတူညီချက်ကို မဟာမိတ်အီရန် ကြိုဆို

အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်ဂျာဘရီအန်ဆာရီ

**တီဟီရန်၊ စက်တင်ဘာ ၁၁**

ဆီးရီးယားသမ္မတ ဘာရှားအာဆတ် အစိုးရ၏အနီးကပ် မဟာမိတ်ဖြစ်သော အီရန်နိုင်ငံက အမေရိကန်နှင့် ရုရှားတို့၏ ပံ့ပိုးမှုဖြင့် ရယူလိုက်နိုင်သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကြိုဆိုလိုက်ကြောင်း ထုတ်ပြန်ကြေညာပြီး ဆီးရီးယားပဋိပက္ခအားလုံးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကာ အဆုံးသတ်သင့်သည်ဟု သုံးသပ်လိုက်ကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

ငါးနှစ်တာမျှကြာမြင့်ခဲ့သည့် ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် ကမ္ဘာ့ပါဝါနိုင်ငံကြီးများ ဝိုင်းဝန်းကြိုးပမ်းခဲ့ရာ ယခုအခါ ဆီးရီးယားတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဘာရှားအာဆတ်အစိုးရက လက်ခံလိုက်ပြီဖြစ်သလို အတိုက်အခံ လက်နက်ကိုင်များကလည်း လက်ခံလိုက်ပြီဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို ဆီးရီးယား၏မဟာမိတ်နိုင်ငံလည်းဖြစ် ဆီးရီးယားအစိုးရအပေါ် စစ်ရေးပံ့ပိုးမှုများပြုလုပ်သည့်နိုင်ငံလည်းဖြစ်သော အီရန်က အထူးပင်ကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

'လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော ဆီးရီးယားနိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးနှင့် သက်ဆိုင်သော သဘောတူညီချက်မှန်သမျှကို အီရန်နိုင်ငံက ထောက်ခံပါသည်။ အဆိုပါသဘောတူညီချက် နိုင်ငံရေးဖြေရှင်းချက်လည်း ပါဝင်သင့်သည်ဟု ယုံကြည်သည်'ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်ဂျာဘရီအန်ဆာရီက ပြောကြားသည်။

ဆီးရီးယားပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ဟု အီရန်နိုင်ငံက အမြဲတစေ ယုံကြည်ခဲ့ကြောင်း၊ သို့အတွက်ကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ငြိမ်းချမ်းသော နည်းလမ်းများ ပါဝင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးရီးယားအပစ်အခတ် ရပ်စဲရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် အကျေအလည်ဆွေးနွေးခဲ့ရာ စနေနေ့က သဘောတူညီချက်တစ်ရပ် ရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

သို့သော် ယင်းသဘောတူညီမှု ထွက်ပေါ်လာပြီးနောက် နာရီပိုင်းတွင်ပင် ဆီးရီးယားနိုင်ငံ အလက်ပိုမြို့အား ဗုံးကြဲတိုက်ခိုက်မှုများပေါ်ပေါက်ခဲ့ရာ အရပ်သားများ ထိခိုက်သေဆုံးခဲ့ရသည်။

ရုရှားနှင့်အီရန်တို့သည် ဆီးရီးယားသမ္မတ ဘာရှားအာဆတ်အစိုးရအနေနှင့် အတိုက်အခံ လက်နက်ကိုင်အင်အားစုများနှင့် ဂျီဟတ်အစွန်းရောက်စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ စစ်လက်နက်များ အဓိက ကူညီပံ့ပိုးခဲ့သည့်နိုင်ငံများဖြစ်ကြသည်။ ■

# မြောက်ကိုရီးယား နျူစမ်းသပ်မှုသည် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်မှုကို ထိခိုက်စေနိုင်ကြောင်း တရုတ်သတိပေး

**ပေကျင်း၊ စက်တင်ဘာ ၁၀**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုသည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းတည်ငြိမ်မှုကို ဖြစ်ထွန်းစေမည် မဟုတ်ဟု တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်းယီဆွေက စက်တင်ဘာလ ၁၀ ရက်နေ့တွင် ပြောကြားကြောင်း Xinhua သတင်းတွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး ဂျီဂျေယောင်းနှင့် တွေ့ဆုံစဉ် ကျန်းက တရုတ်ရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုကို ထိန်းသိမ်းပြီး ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့် ပြဿနာများကို ဖြေရှင်းရေး၊ ကိုရီးယားကျွန်းဆွယ် နျူကလီးယားဖျက်သိမ်းရေးကိုသာ တရုတ်က တစ်သမတ်တည်း လက်ခံထားကြောင်း ကျန်းက ပြောကြားခဲ့သည်။

"မြောက်ကိုရီးယားက နျူကလီးယားလက်နက်ဖွံ့ဖြိုးရေးဆက်လုပ်နေတာ၊ နျူကလီးယား စမ်းသပ်နေတာတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေနဲ့ လုံးဝ ဖီလာဆန့်ကျင်နေပြီး ကျွန်းဆွယ်မှာ တင်းမာမှုမြင့်တက်စေသလို ငြိမ်းချမ်း၊ တည်ငြိမ်မှု ဖြစ်ထွန်းစေမှာ မဟုတ်ပါဘူး"ဟု ကျန်းက ပြောကြားခဲ့သည်။

အခြေအနေတင်းမာစေသည့် လုပ်ရပ်များ ရှောင်လွှဲရန်နှင့် အစောပိုင်းကကဲ့သို့ နျူကလီးယား ဖျက်သိမ်းရေးလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းရန်လည်း တရုတ်က တိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားသည် စက်တင်ဘာလ ၉ ရက်နေ့က နျူကလီးယားထိပ်ဖူး ဖောက်ခွဲ စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းမှာ မြောက်ကိုရီးယား၏ ၅ ကြိမ်မြောက် နျူကလီးယားဗုံးခွဲစမ်းသပ်မှုဖြစ်ပြီး ရှစ်လအတွင်း ဒုတိယအကြိမ်လည်း ဖြစ်သည်။

မြောက်ကိုရီးယား၏ နျူကလီးယား စမ်းသပ်မှုကို ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ■



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဘူတာရုံတစ်ခုတွင် မြောက်ကိုရီးယားနျူကလီးယားစမ်းသပ်မှုသတင်း ထုတ်လွှင့်တင်ဆက်နေမှုကို စောင့်ကြည့်နေသူများ

■ နိုင်ငံရေးဂုရုကြီးလို့ ကင်ပွန်းတပ်ခံရလောက်အောင် ဉာဏ်ကြီးသူ
■ ဘာမှမရှိတဲ့ ကျွန်းနိုင်ငံကလေးကို ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် တွန်းတင်ပေးခဲ့သူ
■ ကမ္ဘာ့စွမ်းရည်အမြင့်ဆုံး အုပ်ချုပ်ရေးယန္တရားအဖြစ် လေ့ကျင့်သင်ကြားပေးခဲ့သူ
■ ကမ္ဘာ့အသန့်ရှင်းဆုံးမြို့တော်အဖြစ် တည်ဆောက်ပြုပြင်ခဲ့သူ
■ သူဦးဆောင်တဲ့ လူ့အဖွဲ့အစည်းကို နောင်အနာဂတ်ကာလများအတွက်ပါ အမြော်အမြင် ရှိရှိ စီမံကိန်းများ၊ စီမံချက်များ ချမှတ်ပေးခဲ့သူ အဲဒီပုဂ္ဂိုလ်က အားလုံး သိကြတဲ့အတိုင်းပဲ စင်ကာပူနိုင်ငံရဲ့ ခေါင်းကိုင်ဖခင်ကြီး

"လီကွမ်ယူး"




အမေရိက၊ တရုတ်၊ အိန္ဒိယနဲ့ တခြားနိုင်ငံတွေရဲ့ နိုင်ငံရေး၊ မျက်မှောက်နဲ့ အနာဂတ်အလားအလာတွေ အကြောင်း "လီကွမ်ယူး" သုံးသပ်၊ ခန့်မှန်း၊ ဟောကြိန်းထုတ်ထားတဲ့ အင်တာဗျူးတွေကို
The Voice Weekly မှာ
ကောင်းထက်ဝင်း (ရန်ကုန်တက္ကသိုလ်)
ဘာသာပြန်ရေးသားခဲ့တဲ့
အခန်းဆက်ဆောင်းပါးစုစည်းမှု
စာအုပ်ဆိုင်တိုင်းမှာ မေးဝယ်လို့ ရပါပြီ။
ဆက်သွယ်ရန် - ၀၉ ၄၂၁၁၁၈၃၂၇၊ ၀၉ ၅၀၂၆၆၅၀

# တောင်တရုတ်ပင်လယ်တွင် ရုရှားနှင့်တရုတ် ရေတပ်စစ်ရေးလေ့ကျင့်မှု တနင်္လာနေ့တွင် စတင်

**ဘေဂျင်း၊ စက်တင်ဘာ ၁၁**

တရုတ်နှင့် ရုရှားရေတပ်တို့သည် ဂွမ်ဒေါင်းပြည်နယ် ကမ်းလွန်ဒေသရှိ တောင်တရုတ်ပင်လယ်တွင် ၈ ရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှုကို တနင်္လာနေ့တွင် စတင်မည်ဟု တရုတ်ရေတပ်က ပြောကြားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဟိဂ်နိုင်ငံတကာခုံရုံးက တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ပိုင်နက်သတ်မှတ်တောင်းဆိုမှုများသည် တရားမဝင်ကြောင်း ဇူလိုင်လက ဆုံးဖြတ်ပယ်ချခဲ့ပြီးနောက် တင်းမာမှုများကြီးထွားနေချိန်တွင် ယခုစစ်ရေးလေ့ကျင့်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

'ပင်လယ်ပြင် ပူးတွဲလေ့ကျင့်ခန်း ၂၀၁၆'ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုတွင် ရေပြင်သွားသင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ တိုက်လေယာဉ်များ၊ သင်္ဘောတင် ရဟတ်ယာဉ်များနှင့် မရင်းတပ်ဖွဲ့များ ပါဝင်ကြမည်ဖြစ်ပြီး ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးနှင့် ကျွန်းသိမ်းပိုက်ရေး စစ်ဆင်ရေးတို့ကို လေ့ကျင့်ကြမည်ဟု တရုတ်ရေတပ်ဝက်ဘ်ဆိုက်တွင် တနင်္ဂနွေနေ့က ထုတ်ပြန်ထားသည်။

နှစ်နိုင်ငံပူးတွဲ လုပ်ဆောင်ခဲ့သမျှအနက် အကြီးမားဆုံးဖြစ်သော စစ်ရေးလေ့ကျင့်မှုအတွင်း အမှန်တကယ်ပစ်ခတ်လေ့ကျင့်မှုများ၊ ကျွန်းကာကွယ်ရေးနှင့် ကျွန်းသိမ်းစစ်ဆင်ရေးများတွင် မရင်းတပ်များ ပါဝင်ကြမည်ဟုဆိုသည်။

ယခုလေ့ကျင့်ခန်းသည် ပုံမှန်စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး အခြားနိုင်ငံများကို ရည်ရွယ်ခြင်းမဟုတ်ဘဲ နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်မှု မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု တရုတ်က ထုတ်ပြန်ကြေညာထားသည်။

ကုလလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာသုံးစွဲခွင့်ရှိသော တရုတ်နှင့် ရုရှားတို့သည် ဆီးရီးယားပြဿနာကဲ့သို့ ကိစ္စရပ်များစွာတွင် သဘောထားတူညီမှုရှိကြပြီး များသောအားဖြင့် အမေရိကန်နှင့် အနောက်အုပ်စု ဥရောပနိုင်ငံများအပေါ် ဆန့်ကျင်ရပ်တည်လေ့ရှိသည်။

တရုတ်နှင့်ရုရှားတို့သည် မနှစ်ကလည်း ဂျပန်ပင်လယ်ပြင်နှင့် မြေထဲပင်လယ်တွင် ပူးတွဲရေတပ်လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်နှင့် ဗီယက်နမ်တို့ကလည်း ပိုင်ဆိုင်ကြောင်း အသီးသီး တောင်းဆိုထားကြသည့် တောင်တရုတ်ပင်လယ်ပြင်အရေးတွင် နိုင်ငံငယ်များဘက်မှ ရပ်တည်နေသော အမေရိကန်ကို တရုတ်တို့က မကြာခဏ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်ကမူ ပိုင်နက်အငြင်းပွားမှုတွင် ပါဝင်ပတ်သက်ခြင်းမဟုတ်ဘဲ နိုင်ငံတကာကုန်သွယ်ရေကြောင်း သွားလာမှု၏လွတ်လပ်ခွင့်ကို ကာကွယ်နေခြင်းသာဖြစ်ကြောင်း ရှင်းလင်းပြောကြားထားသည်။

တောင်တရုတ်ပင်လယ်ပြင် ပိုင်နက်အငြင်းပွားမှုပြဿနာနှင့်ပတ်သက်၍ ဖိလစ်ပိုင်က နိုင်ငံတကာခုံရုံးသို့ တင်ပြကာ အဆုံးအဖြတ်ခံယူသည့်ကိစ္စတွင် ဆန့်ကျင်ငြင်းပယ်ခဲ့သည့် တရုတ်နိုင်ငံ၏သဘောထားကို ရုရှားနိုင်ငံက ခိုင်ခိုင်မာမာ ထောက်ခံအားပေးခဲ့သည်။ ■







ဘူကိုဘာမြို့တွင် ငလျင်ကြောင့် တစ်ခြမ်းပြိုကျသွားသော လူနေအဆောက်အအုံတစ်ခု

# တန်ဇန်းနီးယားငလျင် ၁၁ ဦး သေဆုံး၊ ၂၀၀ ကျော် ဒဏ်ရာရ

**ဒါအက်စ်ဆာလမ်၊ စက်တင်ဘာ ၁၀**

တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာလ ၁၀ ရက်နေ့က အင်အား ၅ ဒသမ ၇ ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ခြင်းကြောင့် လူ ၁၁ ဦး ထက်မနည်း သေဆုံးပြီး လူ ၂၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

ငလျင်ကြောင့် ဗိတိုရိယကန်ကြီး၏ ကမ်းပါးများရှိ ကာဂီရာနှင့် အမ်ဝန်ဇာ ဒေသတို့တွင် လှုပ်ခတ်သွားခဲ့သည်။

ကာဂီရာ ဒေသရဲတပ်ဖွဲ့မှူး ဩဂတ်စ်တီနိုအိုလိုမီက ၁၁ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ငလျင်ကြောင့် အိမ်သောင်းချီကာ ပျက်စီးသွားပြီး အခြားပျက်စီးဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်းလည်း ကာဂီရာဒေသ မဟာမင်းကြီး ဆာလမ်ကီဂျူးက ပြောကြားသည်။

ကီဂျူးကမူ သေဆုံး၊ ဒဏ်ရာရသူ အရေအတွက်ကို အတိအကျမပြောနိုင်သေးကြောင်း၊ ငလျင်လှုပ်သည့် ဒေသများသို့ ကယ်ဆယ်ရေးများ စေလွှတ်ထားကြောင်း ပြောကြားခဲ့သည်။

"အပျက်အစီးကြီးတယ်လို့ ထင်ရပါတယ်။ ထိခိုက်ဒဏ်ရာရသူအများစုကို ဆေးရုံတွေကို ပို့ဆောင်ပေးနိုင်ခဲ့ပေမယ့် ဆေးဝါးပြတ်လပ်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ကီဂျူးက ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၇ မိနစ်တွင် ငလျင်စလှုပ်ခတ်ခဲ့ပြီး ဒေသခံအများအပြားမှာ ထိတ်လန့်တကြား ထွက်ပြေးခဲ့ကြသည်။

ကာဂီရာဒေသခံတစ်ဦးဖြစ်သည့် အီမဲလ်လန်ဆီယန်နာ ဘင်ဂျမင်က ငလျင်ဒဏ်ကြောင့် နေအိမ်များအတွင်း အက်ကြောင်းကြီးများဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

"နေအိမ်တွေက အချိန်မရွေး ပြိုကျနိုင်တဲ့အတွက် စိုးရိမ်ရတဲ့ အခြေအနေပါ" ဟု ဘင်ဂျမင်က ပြောကြားသည်။

ဆီမီယုနှင့် မာရာဒေသများတွင်လည်း ငလျင်ဒဏ်သက်ရောက်မှုရှိသည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း အသေအပျောက်စာရင်းများကို မူတိတိကျကျ မသိရသေးပေ။ ■

# အရေးယူပိတ်ဆို့ရန် အိုဘားမား၏တွန်းအားပေးမှုသည် ရယ်စရာဟု မြောက်ကိုရီးယားလှောင်ပြောင်

**ပြုံယမ်း၊ စက်တင်ဘာ ၁၁**

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုအပြီးတွင် အရေးယူပိတ်ဆို့ရန် အမေရိကန်ပြည်ထောင်စုက တွန်းအားပေးနေမှုသည် ရယ်စရာကောင်းကြောင်းနှင့် နျူကလီးယားအင်အား ခိုင်မာတောင့်တင်းလာအောင် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

"အဓိပ္ပာယ်မရှိတဲ့ အရေးယူပိတ်ဆို့မှုတွေနဲ့ပတ်သက်လို့တော့ ဒီကနေ့အထိ အိုဘားမားရဲ့အုပ်စု ပြေးလိုက်လွှားလိုက်၊ တွေ့ဆုံဆွေးနွေးလိုက်နဲ့ လုပ်နေကြတာဟာ ရယ်စရာကောင်းပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မှတ်ချက်ပေး ပြောကြားကြောင်း အစိုးရအာဘော် KNCA သတင်းဌာနက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂ၏အရေးယူပိတ်ဆို့မှုများကို အာခံကာ ငါးကြိမ်မြောက်နှင့် အကြီးမားဆုံး နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အမေရိကန်အထူးကိုယ်စားလှယ်က ဝါရှင်တန်အနေနှင့် ပြုံယမ်းအပေါ် တစ်ဖက်သတ်အရေးယူပိတ်ဆို့မှုများ ချမှတ်သွားဖွယ်ရှိသည်ဟု တနင်္ဂနွေနေ့ အစောပိုင်းတွင် ပြောကြားခဲ့သည်။ ■




ဩဂုတ်လ ၂၅ ရက် ပွဲထိန်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို ကင်ဂျုံအန်းကြည့်ရှုခဲ့စဉ်




ဓမ္မသုခကန်ဦး ရွှေစည်းခုံစေတီဝန်းကျင်ရှိ ကျူးကျော်ဈေးဆိုင်ခန်းများကို စက်တင်ဘာလ ၁၀ ရက်နေ့က စတင်ဖယ်ရှားခဲ့သည်

# မိတ္ထီလာကန်ရေညစ်ညမ်း၍ ဓမ္မသုခကန်ဦးရွှေစည်းခုံ စေတီဝန်းကျင်ရှိ ကျူးကျော်ဆိုင်ခန်းများကို ဖယ်ရှား

**မိတ္ထီလာ၊ စက်တင်ဘာ ၁၁**

အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်းကြောင့် မိတ္ထီလာကန်ရေညစ်ညမ်းစေသည့်အတွက် ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီဝန်းကျင်ရှိ ကျူးကျော်ဈေးဆိုင်ခန်းများကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် စတင်ဖယ်ရှားခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါဈေးဆိုင်ခန်းများမှ အမှိုက်နှင့် အညစ်အကြေးများစွန့်ပစ်ခြင်းကြောင့် အများပြည်သူ သောက်သုံးနေသည့် မိတ္ထီလာကန်ရေကို ညစ်ညမ်းစေရာ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဖယ်ရှားရန် သတိပေးခဲ့ပြီးနောက် ယခုကဲ့သို့ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယင်းဈေးဆိုင်များမှာ အခွန်ပေးဆောင်ထားခြင်းမရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်းက ပြောကြားသည်။

"ဘယ်သူ့ခွင့်ပြုချက်နဲ့ နေတာလဲ ဆိုတော့ ကိုယ့်ဘာသာနေရာဦးပြီး နေတာလို့ပြောတယ်။ ဘုရားရှေ့ကွင်းထဲမှာ တချို့ကအမိုးအကာတွေ အလုံအခြုံနဲ့ ဖြစ်နေပြီ။ ကွင်းထဲမှာခဏနေတဲ့သဘောမျိုးမဟုတ်တော့ဘဲ နှစ်ပတ်လည်နေချင်တဲ့သဘောမျိုးဖြစ်နေတယ်"ဟု ၎င်းက ဆိုသည်။

မိတ္ထီလာမြောက် ကန်ဘောင်အရှေ့ထိပ်ရှိ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီကို ၂၀၁၅ ခုနှစ် ဇူလိုင်လက စတင်တည်ထားပြီးနောက် ယင်းနေရာ အနီးဝန်းကျင်တွင် ဈေးဆိုင်များတဖြည်းဖြည်း စတင်ပေါ်ပေါက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စာရင်းကောက်ယူမှုအရ ဆိုင်ခန်း ၄၀ ရှိကြောင်း ဓမ္မသုခ ကန်ဦးရွှေစည်းခုံ စေတီဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းပြပြောဆိုသည်။

"အိမ်သာလည်းမရှိတော့ ကန်ဘောင်မှာ အညစ်အကြေးစွန့်တယ်။ အမှိုက်တွေပစ်တယ်။ မိုးရွာတော့ ကန်ထဲကိုသွားတယ်။ အများပြည်သူ သောက်သုံးတဲ့ကန် ညစ်ညမ်းတဲ့ကိစ္စဆိုတော့ လက်ခံလို့ မရပါဘူး"ဟု မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဝင်းစိုးဦးက ဆိုသည်။

အဆိုပါစေတီသို့ လာရောက်သူများသည့်အတွက် ဈေးသည်များက ဈေးရောင်းချလိုကြောင်း၊ စနစ်တကျဆိုင်ခန်းများထားရှိပေးပါက အဆင်ပြေနိုင်ပြီး စည်းကမ်းမဲ့သူတချို့ကြောင့် ဈေးသည်အများစုမှာ နစ်နာရကြောင်း ယင်းနေရာတွင် ပျံကျဈေးရောင်းချသည့် ဒေါ်သဲသဲက ပြောဆိုသည်။ ■

# ရွှေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီး ပါဝင်မှု အားနည်းဟုဆို

**ဘားအံ၊ စက်တင်ဘာ ၁၁**

ရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီးများကို တရားဥပဒေအရ ကန့်သတ်ထားခြင်းမရှိသော်လည်း ပါဝင်လာမှု အားနည်းနေသေးကြောင်း Women Empowerment Center မှ စီမံကိန်းဒါရိုက်တာ ဒေါ်အေးသန္တာအောင်က ပြောကြားသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့ ပါရာဒိုက်စ်ဟိုတယ်တွင် စက်တင်ဘာလ ၄ ရက်နေ့ကပြုလုပ်သည့် ရပ်ကျေးရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်းရေးတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးသင်တန်းဖွင့်ခဲ့ကြောင်း၊ ယင်းသင်တန်းတွင် ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်များမှသင်တန်းသူ၃၈ ဦး တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲ ကော်မရှင်တွင် အမျိုးသမီးများပါဝင်နိုင်ရေးနှင့် မြို့ခံအမျိုးသမီးထုအနေနှင့် လိုအပ်သည့် အရည်အသွေးများ မြင့်လာအောင် သင်တန်းများပေးရခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"မြန်မာ အမျိုးသမီးတွေက လူမှုရေးနယ်ပယ်တွေမှာတောင် သိပ်မပါဘူး။ ဖိတ်ကြားခြင်းခံရရင် အမျိုးသားခေါင်းစီးနဲ့ ဖိတ်ကြားခံရတာ၊ အမျိုးသမီးတွေ ရဲဝင့်လာအောင်သူတို့အတွက် လိုအပ်တာတွေ မြင့်တက်လာအောင်ဒီလိုသင်တန်းတွေ ပေးရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီးများပါဝင်ရေး လျှောက်ထားနိုင်သည့် သတင်း အချက်အလက် ရောက်ရှိမှုနဲ့ အသိပေးနိုင်မှု အားနည်းခြင်းကြောင့် တိုင်းနှင့် ပြည်နယ်အသီးသီးမှ မသိရှိကြောင်း၊ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင် ပြန်လည်ဖွဲ့စည်းရေးတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးသင်တန်းကို မွန်၊ ကယား၊ တနင်္သာရီ၊ ပဲခူးတို့တွင် သင်တန်းများ ပို့ချခဲ့ကြောင်း ယင်းသင်တန်းထံမှ သိရှိရသည်။ ■

# ဟင်္သာတခရိုင်တွင် စက်ရေတွင်း ၂၈ တွင်း တူးမည်

**ဟင်္သာတ၊ စက်တင်ဘာ ၁၁**

ဟင်္သာတခရိုင်ရှိ မြို့နယ်ပေါင်း ၆ မြို့နယ်ရှိ ကျေးရွာ ၂၈ ရွာတွင် အမြင့်ပေ ၂၀ အထက် ရေစင်ပါဝင်သည့် စက်ရေတွင်း ၂၈ တွင်းကို ယခု ဘဏ္ဍာနှစ်တွင် တူးဖော်မည် ဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သက်ရှည်က ပြောကြားသည်။

ဟင်္သာတခရိုင်ရှိ ဟင်္သာတမြို့နယ်တွင် အုတ်ရှစ်ကုန်းကျေးရွာ အပါအဝင် ကျေးရွာသုံးရွာ၊ အင်္ဂပူမြို့နယ်တွင် ဇီးဖြူကုန်းကျေးရွာ အပါအဝင် ကျေးရွာ ခြောက်ရွာ၊ ကြံခင်းမြို့နယ်တွင် ထိန်ပင်မြောင် (အထက်) ကျေးရွာ အပါအဝင် ကျေးရွာငါးရွာ၊ လေးမျက်နှာမြို့နယ်တွင် ဗောဓိရွာ အပါအဝင် ကျေးရွာလေးရွာ၊ မြန်အောင်မြို့နယ် မကျီးကုန်း(တောင်စု)ရွာ အပါအဝင် ကျေးရွာသုံးရွာနှင့် ဇလွန်မြို့နယ်တွင် ဒေါင်ငြိမ်းကုန်းရွာအပါအဝင် ကျေးရွာငါးရွာတွင် ရေတွင်းများ တူးပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ ရေတွင်းတူးဖော်ရေးနှင့် ပတ်သက်၍ တင်ဒါအောင်မြင်ထားသည့် ကုမ္ပဏီများက လုပ်ငန်းများ စတင်မည်ဖြစ်ပြီး အမြင့်ပေ ၂၀ ရှိရေကန်မှတစ်ဆင့် ဒေသခံများ၏ နေအိမ်များထံ တိုက်ရိုက်သွယ်တန်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ကပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်း တွင်းတိမ် ၁၅ တွင်း၊ တွင်းနက်၁၈ တွင်း၊ လက်တူးတွင်း ၁၈ တွင်း၊ မြေသားရေကန် ၁၉ ကန် အပါအဝင် ရေတွင်းရေကန် ၂၄၀ တူးဖော်ခဲ့ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ထုတ်ပြန်ချက်အရသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကတူးဖော်ပေးခဲ့သော ရေတွင်းရေကန်များ၌ ရေတွင်းအချို့က ရေကောင်းရေသန့် မရရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ပုသိမ်ခရိုင်တွင် ရေတွင်းပေါင်း ၁၀၈ တွင်းတူးဖော်ပေးခဲ့ပြီး ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့နယ်၌ ရေကောင်းရေသန့်မရရှိသဖြင့် ဒေသခံများအတွက် အဆင်မပြေကြောင်း ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတမှုဖော်ဆောင်ရေးအဖွဲ့(ကျောင်းကုန်း)မှ ဦးနိုင်ကျော်ကျော်က ပြောကြားသည်။ ■

# မော်လမြိုင်တွင် စည်းကမ်းမဲ့ ကွမ်းတံတွေးမထွေးရ စတစ်ကာကပ် လှုံ့ဆော်

**မော်လမြိုင်၊ စက်တင်ဘာ ၁၁**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့သာယာလှပရေးအတွက် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ရန် စတစ်ကာကပ်လှုံ့ဆော်မှုကို ယင်းမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများက စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း ယင်းအဖွဲ့အစည်းများထံမှ သိရသည်။

"အဓိက ရည်ရွယ်ချက်ကတော့ ကွမ်းစားနေတဲ့ ပြည်သူတွေအနေနဲ့ စည်းကမ်းမဲ့ ကွမ်းတံတွေး မထွေးဖို့ပါ"ဟု ဘိုဘိုဝင်း နာရေးကူညီမှုအဖွဲ့မှ ဦးဘိုဘိုဝင်းက ပြောကြားသည်။

စည်းကမ်းမဲ့ ကွမ်းတံတွေးမထွေးရ စတစ်ကာ ကမ်းပိန်းအပြင် အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ ၂၀၁၅ မော်တော်ယာဉ် ဥပဒေ ပြောင်းလဲထားတာကို ပြည်သူလူထုတိုက်ရိုက် သိရှိစေရန်နှင့် ပြည်သူလူထုကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများ နားလည်စေရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါ လှုပ်ရှားမှုကို ဘိုဘိုဝင်းအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့၊ ဂီတချစ်မြတ်နိုးသူများအဖွဲ့(မော်လမြိုင်)၊ ဖြူစင်အိမ် ပရဟိတအဖွဲ့၊ ရွှေထွေးသောရင်ခွင်ကိုယ့်အားကိုယ်ကိုးအဖွဲ့၊ မော်လမြိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မေတ္တာရေစင် နာရေးကူညီမှုအသင်း စသောအဖွဲ့များ စုပေါင်းလုပ်ဆောင်ကြောင်း၊ မော်တော်ကားနှင့် ဆိုင်ကယ်များတွင်ကပ်သော ကွမ်းနှင့် ပတ်သက်သည့် စတစ်ကာ ၁၀၅၀၀ နှင့် စတစ်ကာ အချက်ကြီး ၁၀၀ ကျော်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၅၀၀၀ တို့ကို ဖြန့်ဝေခဲ့ကြောင်း ယင်းအဖွဲ့များထံမှ သိရသည်။

မော်လမြိုင်မြို့ သာယာလှပရန် စတစ်ကာကပ် လှုပ်ရှားမှုကို စက်တင်ဘာ ၁၀ ရက်နေ့မှ မော်လမြိုင်မြို့လူစည်ကားရာဈေးများ၊ တံတားများတွင် စတင်ပြုလုပ်နေခြင်းဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်နေ့ထိ ပြုလုပ်မည်ဖြစ်ကြောင်း ဘိုဘိုဝင်းက ဆိုသည်။ ■

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို ကျပ်ငွေ ဘီလီယံ ၃၀ ထုတ်ချေးမည်

**မကွေး၊ စက်တင်ဘာ ၁၁**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) ၏ အကူအညီဖြင့် ကျပ်ငွေ ဘီလီယံ ၃၀ ကျော်ထုတ်ချေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စက်မှုဝန်ကြီးဌာန အသေးစားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနထံမှ သိရသည်။

"အခုစက်တင်ဘာ ၁၄ ရက်နေ့ကို နောက်ဆုံးဆောင်ရွက်ဖို့သတ်မှတ်ထားပါတယ်။ ဒီနေ့ထိတော့ ချေးငွေထုတ်ပေးပြီးတဲ့ဦးရေက အင်မတန် နည်းပါသေးတယ်။ ဘယ်လောက်ချေးပြီးသွားပြီဆိုတာကို ပြောဖို့စောနေသေးတယ်"ဟု အဆိုပါဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက ဆိုသည်။

ယင်းချေးငွေကိုပြည်တွင်းရှိပုဂ္ဂလိကဘဏ်ခြောက်ခုမှ ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေရယူလိုသူ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းအဖွဲ့ဝင်များသည် ကျပ်သိန်း ၁၅၀ မှ ကျပ်သိန်း ၅၀၀၀ အထိ ချေးယူနိုင်မည်ဖြစ်ကြောင်း အသေးစားနှင့် အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ချေးငွေနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်အချို့မှာ စိတ်ဝင်စားမှုအားနည်းလျက်ရှိနေပြီး အချို့မှာလည်း ယင်းချေးငွေဖြင့် မိမိတို့လုပ်ငန်းချဲ့ထွင်ရန် အခွင့်အလမ်းတစ်ခုကဲ့သို့ မျှော်လင့်နေသူများလည်းရှိကြောင်း မကွေးမြို့မှ ကားလေးအောက်ပိုင်းပြုပြင်ရေး လုပ်ငန်းရှင် ကိုဇော်လေးက သုံးသပ်ပြောကြားသည်။

အဆိုပါ ချေးငွေရယူရန် အာမခံပစ္စည်းတင်ပြတောင်းခံနိုင်သူများကို တစ်နှစ်စာအတွက် အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အာမခံပစ္စည်း တင်ပြနိုင်ခြင်း မရှိသူများကို လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကိုကြည့်၍ ၁၁ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၉,၀၀၀ ကျော်ရှိပြီး ယင်းချေးငွေဖြင့် အပေါင်ဆိုင်ဖွင့်ခြင်း၊ ငွေကြေးနှင့်ပတ်သက်၍ အာမခံဆိုင်ရာလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်း၊ ယစ်မျိုး၊ လောင်းကစားနှင့် လက်နက်ခဲယမ်းစသည့် ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝကို ထိခိုက်စေမည့်လုပ်ငန်းများဆောင်ရွက်ရန်မှု ချေးယူခွင့်မပြုကြောင်း ယင်းဌာနကထုတ်ပြန်ထားသည့် ချေးငွေဆိုင်ရာအချက်အလက်များအရ သိရသည်။ ■

The VOICE Daily CARTOON





ဓာတ်ပုံ – ငြိမ်းသူမင်း

ကလေး– ဖလမ်း ကားလမ်းတွင် ပျက်စီးနေသော လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်

# ချင်းပြည်နယ်တွင် တောင်ပြိုပြီး ကားလမ်းပိတ်ပါက ချက်ချင်းအကြောင်းကြားနိုင်ရန် ဖုန်းနံပါတ်များ ထုတ်ပြန်

**ကလေး၊ စက်တင်ဘာ ၁၁**

ချင်းပြည်နယ်ရှိ မြို့များကို ဆက်သွယ်ထားသော ကားလမ်းများ တောင်ပြိုလမ်းပိတ်ပါက ချက်ချင်းအကြောင်းကြားနိုင်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ချင်းပြည်နယ် လမ်းဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားကြောင်း ဖလမ်းခရိုင်ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာန လမ်းအထူးအဖွဲ့ (၇) မှ ဦးမင်းထွဋ်က ပြောကြားသည်။

ယင်းအဖွဲ့က စစ်ကိုင်းတိုင်း ကလေးမြို့နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်စပ်လမ်းမှ စတင်ကာ ဖလမ်းမြို့အထိ မိုင် ၆၀ ကျော် တာဝန်ယူထားရပြီး ကလေး-ဖလမ်း ကားလမ်း ၈ မိုင် မှ ၆၈ မိုင် အထိ ကားလမ်းတွင် တောင်ပြိုလမ်းပိတ်ပါက ဦးမင်းထွဋ်ဖုန်း ၀၉၂၅၇၂၀၁၃၄၀၊ ဦးအောင်မြင့်သန်းဖုန်း ၀၉၄၀၀၅၃၄၁၉၉၊ ဦးငြိမ်တည်ထွန်းဖုန်း ၀၉ ၉၆၂၈၇၆၂၇၀ ၊ ဦးဝင်းဗိုလ် ၀၉၂၅၆၄၄၅၃၂၃ နှင့် ဦးနိုင်ထူး ဖုန်း ၀၉၇၇၉၂၉၀၆၇၀ များသို့ဆက်သွယ်ပါက ချက်ချင်း လမ်းရှင်းပေးမည်ဖြစ်ကြောင်း ဦးမင်းထွဋ် က ပြောကြားသည်။

"ခရီးသွားပြည်သူတွေ သွားလာမှုအဆင်ပြေစေဖို့အခုလိုကြေညာတာ၊ တောင်ပြိုပြီး လမ်းပိတ်ပြီဆိုတာနဲ့ ကျွန်တော်တို့ကို ဆက်သွယ်ပါ၊ ချက်ချင်း ရောက်လာပြီး လမ်းရှင်းပေးမှာပါ" ဟု ၎င်းက ပြောသည်။

ချင်းပြည်နယ်ရှိ မြို့နယ်များတွင် နေထိုင်သူပြည်သူများသည် ဆက်သွယ်သွားလာရေးအတွက် ကားလမ်းတစ်ခုသာရှိပြီး ကားလမ်း ဖောက်လုပ်ထားသည့် တောင်တန်းများသည် သက်နုကျောက်များဖြင့် ဖွဲ့စည်းတည်ရှိသည့် တောင်တန်းများ ဖြစ်ခြင်းကြောင့် မိုးဆက်တိုက်ရွာပါက တောင်များပြိုကျပြီး မကြာခဏလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ကြောင်း၊ လမ်းပိတ်ဆို့ချိန် ကြာမြင့်ပါက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ နှောင့်နှေးရမှုများကို လျှော့ချနိုင်ရန် ပြည်နယ်အစိုးရက ကားလမ်းများပေါ်တွင် လမ်းအထူးအဖွဲ့မှ တာဝန်ရှိသူများကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ကြေညာထားရန် မှာကြားသောကြောင့် ထုတ်ပြန်ခဲ့ကြောင်း လမ်းအထူးအဖွဲ့မှ ဦးမင်းထွဋ်က ပြောသည်။ ■

# အမြန်လမ်း မိုင်တိုင် ၂၅၂ အနီး ကိုယ်ပိုင်ယာဉ်တိမ်းမှောက်၊ သုံးဦးသေဆုံး

**တောင်ငူ၊ စက်တင်ဘာ ၁၁**

ရန်ကုန် -မန္တလေး အမြန်လမ်း မိုင်တိုင် ၂၅၂ အနီး စက်တင်ဘာလ ၁၀ ရက် နေ့ညနေ ၅ နာရီကျော် Toyota Wish အမျိုးအစား ကိုယ်ပိုင်ယာဉ် တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ် လိုက်ပါလာသူ ၉ ဦးအနက် သုံးဦးသေဆုံးကာ ၅ ဦးဒဏ်ရာ ရခဲ့ကြောင်း သီးကုန်းအမြန်လမ်း ကြက်ခြေနီ စခန်းထံမှ သိရှိရသည်။

"မန္တလေးဘက်ကနေ နေပြည်တော်ဘက်ကိုအလာမှာ မှောက်ခဲ့တာ၊ ယာဉ်မောင်းအပါအဝင် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးသေဆုံးပြီး စုစုပေါင်း ၅ ဦးကို မိတ္ထီလာဆေးရုံကြီးကို ပို့ဆောင် ကုသပေးနေရပါတယ်"ဟု သီးကုန်းကြက် ခြေနီစခန်းတာဝန်ခံ ဦးနေဦးက ပြောကြားသည်။

အဆိုပါယာဉ်ကို အသက် ၃၈ နှစ်အရွယ် ကိုမောင်သီ မောင်းနှင်ပြီး ယာဉ်မောင်းအပါအဝင် ခရီးသည် ၉ ဦး လိုက်ပါလာစဉ် အရှိန်လွန် တိမ်းမှောက်ခဲ့ရာ အသက် ၃၁ နှစ်အရွယ် မသီတာလှိုင်၊ အသက် ၅၉ နှစ် အရွယ် ဒေါ်အုန်းခင်နှင့် ယာဉ်မောင်းတို့ သေဆုံးကာ ကျန် ငါးဦးမှာ မိတ္ထီလာဆေးရုံကြီးတွင် ကုသနေရကြောင်း ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄ -က ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်ထားကြောင်း ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့စခန်းထံမှ စုံစမ်းသိရှိရသည်။

၃၆၆ မိုင်ရှည်လျားပြီး နေ့စဉ် ယာဉ်စီးရေ ၂၀,၀၀၀ ကျော်ဖြတ်သန်းသွားလာနေသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်မတော်တဆမှု ၅၂၅ မှုဖြစ်ပွားခဲ့ပြီး ၁၁၃ ဦး သေဆုံးကာ၊ ၁၀၀၀ ဒဏ်ရာရရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရသည်။ ■


ဓာတ်ပုံ - မမ

စည်ပင်သာယာဈေးကြီးအနီး လမ်းမပေါ်နှင့် ပလက်ဖောင်းပေါ် ကျူး ကျော်နေသည့် ဈေးဆိုင်များကိုဖယ်ရှားပေးရန် သတိပေးထားကြောင်း လားရှိုး မြို့နယ်စည်ပင်သာယာဦးစီးဌာနက ဆိုသည်

# လားရှိုးမြို့လယ်ရှိ ကျူးကျော်ဆိုင်များဖယ်ရန် သတိပေး

**လားရှိုး၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့လယ်ရှိ စည်ပင်သာယာဈေးကြီးအနီး လမ်းမပေါ်နှင့် ပလက်ဖောင်းပေါ် ကျူး ကျော်နေသည့် ဈေးဆိုင်များကိုဖယ်ရှား ပေးရန် သတိပေးထားကြောင်း လားရှိုး မြို့နယ်စည်ပင်သာယာဦးစီးဌာနထံမှ သိရသည်။

စက်တင်ဘာလ ၁၀ရက်နေ့ ညနေ လေးနာရီခွဲအချိန်က စည်ပင်သာယာရေး အဖွဲ့အပါအဝင် ဈေးအကျိုးတော်ဆောင် အဖွဲ့နှင့် ဈေးစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ တို့က စည်ပင်သာယာဈေးကြီးအနီးတွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

"ဈေးကြီးပတ်လည်မှာ သစ်သီး အရောင်းဆိုင်တွေက လမ်းပေါ်ပလက် ဖောင်းပေါ် ကျူးကျော်ဆိုင်ခင်းနေတာ တွေ လူသွားလမ်းပေါ်မှာ ပစ္စည်းပိတ်ဆို့ ချထား ဆိုင်ခင်းထားတာတွေကို ဖယ်ပေး ဖို့သတိပေးတာဖြစ်တယ်" ဟု လားရှိုး မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ဆိုသည်။

ကျူးကျော် ဆိုင်ခင်းသူများနှင့် ပစ္စည်းနေရာဦးထားသူများကို လမ်းနယ် နှင့် ပလက်ဖောင်းနယ်မှ ကျူးကျော်နေမှု ကိုနှစ်ပတ်အတွင်းအပြီး ဖယ်ရှားရန်အချိန် ပေးထားပြီး လိုက်နာမှုမရှိသောဈေးဆိုင် များကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါ ဈေးကြီးအနီးတစ်ဝိုက်ရှိ သစ်သီးဆိုင်များ၊ လျှပ်စစ်ပစ္စည်းဆိုင်များ နှင့် ဈေးဆိုင်အမျိုးမျိုးတို့က လူသွားလမ်း မပေါ် ပစ္စည်းတင်ခြင်း၊ ကာရံထားခြင်း၊ ဆိုင်းဘုတ်များဖြင့် နေရာဦးထားခြင်းတို့ ကြောင့် လမ်းသွားလာရာတွင်အခက်အခဲ ရှိနေကြောင်း လမ်းသွားလမ်းလာများ၏ အဆိုအရ သိရသည်။ ■

# ကျိုင်းတုံမြို့မဈေးတွင် တောင်းရမ်းသူများပပျောက်ရန် တားဆီးနှိမ်နင်းမည်

**ကျိုင်းတုံ၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ မြို့ရှိ ကျိုင်းတုံမြို့မဈေးကြီးအတွင်း တောင်းရမ်းသူများကြောင့် ကမ္ဘာလှည့် ခရီးသွားများနှင့် ဈေးဝယ်များ စိတ် အနှောင့်အယှက်ဖြစ်ပေါ် ရသောကြောင့် တောင်းရမ်းသူများ ပပျောက်သည်အထိ တားဆီးနှိမ်နင်းမည်ဖြစ်ကြောင်း ကျိုင်းတုံ မြို့နယ် စည်ပင်သာယာဌာန ဒုတိယ ညွှန် ကြားရေးမှူး ဦးကျော်လှက ပြောကြား သည်။

"ဌာနအနေနဲ့ ဩဂုတ်လကစပြီး တောင်းရမ်းသူတွေ ပပျောက်အောင်စစ် ဆေးခဲ့တယ်၊ အရင်ကလောက် အများကြီး မတွေ့ရတော့ပေမယ့် လာတောင်းတဲ့သူ တွေကထပ်လာနေဆဲပဲ၊ ပပျောက်သည် အထိ တားဆီးနှိမ်နင်းသွားမှာပါ"ဟု ၎င်း က ဆိုသည်။

ကမ္ဘာလှည့် ခရီးသွားများလည်း ပတ်ရာ ကျိုင်းတုံမြို့မဈေးကြီးတွင် အနာကြီး ရောဂါသည်များ အပါအဝင် ခန္ဓာကိုယ်ကောင်းမွန်သည့် တောင်းရမ်း သူများမှာ နေ့စဉ်အုပ်စုဖွဲ့ကာ မော်တော် ယာဉ်များဖြင့် လာရောက်ကြကြောင်း၊ ဈေးဝယ်သူများအပါအဝင် စားသောက် နေသူများထံ အတင်းအကျပ် ခွက်ထိုးခံ ကာတောင်းရမ်းကြောင်း ယင်းမြို့ဒေသခံ များက ပြောကြားသည်။

"တောင်းတဲ့သူတွေက ကလေးတွေ ပါခေါ်လာပြီး ရွာလုံးကျွတ် နီးပါးလာတောင်း နေကြသလိုပဲ၊ စားသောက်တဲ့သူတွေဆို လည်း ကောင်းကောင်း မစားရဘူး၊ ခွက် ထိုးခံနေပြီး ပိုက်ဆံ မပေးမချင်းမသွား ကြဘူး၊ တချို့အသက်ကြီးပြီး ခန္ဓာကိုယ် မကောင်းတဲ့သူတွေကတော့ လမ်းပေါ်မှာ ထိုင်ပြီးတောင်းတာက တော်သေးတယ်" ဟု မြို့မိမြို့ဖတစ်ဦးက သုံးသပ်ပြောဆိုသည်။

ပြည်နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် တြိဂံဒေသတိုင်းစစ်ဌာန ချုပ် အခြေစိုက်ရာ ကျိုင်းတုံမြို့အပါအဝင် မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့နယ် စပ်ဝင်ပေါက်များ၌ တောင်းရမ်းသူများ ပေါများနေသဖြင့် နိုင်ငံ ပုံရိပ်ထိခိုက်သည် ဟုဆိုကာ ဩဂုတ်လက ကျိုင်းတုံမြို့လူထု တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကို ဒေသခံမြို့မိမြို့ဖတစ်ဦးက တင်ပြခဲ့သည်။ ■

# ရှမ်းပြည်နယ်တောင်ပိုင်း၌ ယာဉ်မောင်းများကို အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေးမည်

**တောင်ကြီး၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်းရှိယာဉ်ငယ် လိုင်းများနှင့် နံနက်ပိုင်းထွက်သောယာဉ် မောင်းများကို အရက်မူးတိုင်းကိရိယာဖြင့် နေ့စဉ်အဖွဲ့ခွဲ၍ စစ်ဆေးမည်ဖြစ်ကြောင်း အမှတ် ၁၈ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲရုံး တပ်စုမှူး ဒုရဲမှူးထွန်းထွန်းအောင်က ပြော ကြားသည်။

"သောက်ပြီးမောင်းတော့ အန္တရာယ် ရှိတာကိုး။ တိုင်း(အရက်မူးတိုင်း ကိရိယာ ဖြင့်)နေတော့လည်း သောက်ရင်မမောင်း ရတော့ဘူးပေါ့" ဟု အဝေးပြေးယာဉ် မောင်းသူ ဦးထွန်းလှက ပြောဆိုသည်။

အရက်မူးတိုင်းကိရိယာဖြင့် စစ်ဆေး ချိန်တွင် ပွိုင့်ခုနစ်ကျော်သောအမှတ်ဖြင့် အရက်သောက်ခြင်းတွေ့ရှိပါကမော်တော် ယာဉ်ဥပဒေပုဒ်မ ၄၉ (ဂ) ကို ကျူးလွန် ခြင်းဖြစ်သောကြောင့် ပုဒ်မ ၅၈ ဖြင့် တစ်လ ထက်မပိုသော ထောင်ဒဏ်နှင့် ငွေကျပ်ငါး သောင်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ ထံမှ သိရသည်။ ■

# တောင်ငူ ပညာရေးကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက် သေဆုံး

**တောင်ငူ၊ စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ မြင်းစာခွက်ကျေးရွာအနီး ဆောက်လုပ်ဆဲ ပညာရေး ကောလိပ်လုပ်ငန်းခွင်တွင် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အသက် ၄၃နှစ်အရွယ် နေ့စားလုပ်သား အမျိုးသား တစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း တောင်ငူ မြို့နယ် ၂၄ နာရီ လူမှုကူညီရေး အသင်းမှ စုံစမ်းသိရှိရသည်။

"ဆိုက်ထဲမှာ သူက ကိုယ်လက် သန့်စင်ပြီးအထွက် မီးကြိုးကိုတက်နင်း မိပြီး ဓာတ်လိုက်ပြီး လဲကျသွားတာ"ဟု အဆိုပါ လူမှုကူညီရေးအသင်းမှ ဦးမောင်ခိုင် က ပြောကြားသည်။

အဝေမ်းကုမ္ပဏီ နေ့စားလုပ်သား အသက် ၄၃နှစ်အရွယ် ဦးကျော်မိုးမှာ လုပ်ငန်းခွင်မှ အသုံးပြုသည့် ဓာတ်ကြိုး ကို နင်းမိကာ ဓာတ်လိုက်ကာ လဲကျသွား ပြီး ဆေးရုံသို့ပို့ဆောင် ကုသနေစဉ်သေဆုံး ခဲ့ကြောင်း၊ ယင်းသေဆုံးမှုကိုသေမှုသေခင်း အမှတ်စဉ် အမှုဖွင့်ကာ စစ်ဆေးနေကြောင်း တောင်ငူမြို့အမှတ် (၂) နယ်မြေရဲစခန်းမှ စုံစမ်းသိရှိရသည်။ ■

# စားသောက်ဆိုင်ပိုင်ရှင် အသတ်ခံရမှု တစ်လကြာသည်အထိ ကျူးလွန်သူကို မမိသေး

**ကျိုင်းတုံ၊ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်း မြို့နယ်၊ ကျိုင်းတုံ-တောင်ကြီးလမ်းဘေး၊ ဝမ်မွန်းရွာရှိ ရွှေမြန်မာစားသောက်ဆိုင် ပိုင်ရှင် အမျိုးသားကို သေနတ်သမားများ လာရောက်ပစ်သတ်မှုနှင့် ပတ်သက်၍ ကျူးလွန်သူကို တစ်လကြာသည်အထိ မမိ သေးကြောင်း မိုင်းပျဉ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးထံမှ သိရသည်။

ဩဂုတ်လ၁၅ရက်ညပိုင်းက ရွှေမြန်မာ စားသောက် ဆိုင် နှင့် တည်းခို ခန်းသို့ သေနတ်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်၍ ပစ်ခတ်ခဲ့ရာ အသက် ၄၅ နှစ် အရွယ် ဆိုင်ရှင် အမျိုးသား ဘယ်ဘက် ပခုံးဘေး၌ ကျည်ဖောက်ဝင် ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ လူသတ်မှု ကျူးလွန်သူ ကို ဖမ်းမိရန် အပူတပြင်း စုံစမ်းခဲ့သော် လည်း လက်ရှိအထိ မဖမ်းမိသေးကြောင်း ကျိုင်းတုံမြို့ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရုံးမှ ဒုရဲမှူး (ဦးစီး)မျိုးသိန်းက ပြော ကြားသည်။

"ဒီဒေသက လက်နက်ကိုင် အဖွဲ့စုံရှိ တဲ့ဒေသဆိုတော့ ဘယ်လိုလူက လာလုပ် ကြံတယ်ဆိုတာ မသိရသေးဘူး" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ အသတ်ခံရမှုနှင့်ပတ်သက်၍ ကျူးလွန်သူများကိုရာဇသတ်ကြီးပုဒ်မ-၃၀၂ /၁၁၄ဖြင့် အမှုဖွင့် အရေးယူထားကြောင်း မိုင်းပျဉ်းမြို့မရဲစခန်းထံမှ သိရသည်။ ■

# တေးဂီတအဖွဲ့ ၂၉ နှစ်ပြည့်နှင့် တေးသံရှင် ချိုချိုပြုံး၏ တေးစီးရီးမိတ်ဆက်

**ရွှေဘို၊ စက်တင်ဘာ ၁၁**

ဂီတဥယျာဉ်တေးဂီတအဖွဲ့ ၂၉ နှစ် ပြည့်နှင့် တေးသံရှင် ချိုချိုပြုံး (ရွှေဘို)၏ မြန်မာ့ကျက်သရေတေးစီးရီး မိတ်ဆက်ပွဲ ကို ရွှေဘိုမြို့ရှိ TWS ကိုယ်ပိုင်အထက် တန်းကျောင်းတွင် စက်တင်ဘာလ ၁၁ ရက် နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါတေးစီးရီးတွင် မြန်မာသံ တေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး မြန်မာ့ကျက် သရေသီချင်းကို မြတ်နိုး၍ ခေါင်းစဉ်အဖြစ် ရွေးချယ်ထားကြောင်း ချိုချိုပြုံးက ပြော ဆိုသည်။

အမြတ်အစွန်းတစ်ခုအတွက် မဟုတ် ဘဲဘဝ၏မှတ်တိုင်တစ်ခုအဖြစ် ထုတ်လုပ် ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

အခွေဖြစ်မြောက်ရေး အတွက် ချိုချိုပြုံး၏ ဆရာဖြစ်သူ စန္ဒရားဆရာ ဦးအောင်ငွေနှင့် သူမ၏ခင်ပွန်းဖြစ်သူ ဦးစိုးဦးက စီစဉ်ထားပြီး သမီးလေး သံစဉ်စိုး က သရုပ်ဆောင်ထားကြောင်း ချိုချိုပြုံး က ရှင်းပြသည်။ ■

# အထည်ချုပ်စက်ရုံတွင် ဝန်ထမ်းခုနစ်ဦး ဓာတ်လိုက်ရာမှ တစ်ဦးသေဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာရှိ Great World Wide အထည်ချုပ်စက်ရုံတွင် စက်တင်ဘာလ ၉ ရက် ညနေ ၄ နာရီက အထည်ပိတ်ဖြတ်သံခုံ သယ်ထုတ်နေသည့် စက်ရုံဝန်ထမ်းအမျိုးသား ခုနစ်ဦး ဓာတ်လိုက်ရာမှ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

သေဆုံးသူ ကိုဖြိုးကိုကိုမှာ ယင်းနေ့က စက်ရုံထဲရှိ အလျားပေ ၅၀၊ အနံ ၆ ပေခန့်ရှိသော အထည်ပိတ်ဖြတ်သံခုံတစ်ခုကို စက်ရုံဝန်ထမ်း ၃၀ ဦးနှင့်အတူ စက်ရုံအပြင်သို့ သယ်ထုတ်ယူစဉ် ကေဘယ်ကြိုးနှင့် သံခုံခြေထောက် ချိတ်မိပြီး ဝါယာရှော့ခ်ဖြစ်ရာမှ ဓာတ်လိုက်ကာ သေဆုံးခဲ့ကြောင်း၊ ကျန်အမျိုးသား ခြောက်ဦးမှာ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"အထည်ပိတ်ဖြတ် သံခုံနဲ့ ဝါယာကြိုး ထိမိပြီး လျှပ်စီးဝင်ရာက သံခုံသယ်နေသူတွေ ဓာတ်လိုက်ခဲ့တာလို့ သိရတယ်၊ တစ်ယောက်သေပြီး ခြောက်ယောက်က ဒဏ်ရာအနည်းငယ်ပဲ ရခဲ့တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဓာတ်လိုက်ရာမှ သေဆုံးခဲ့သော အမျိုးသားနှင့် ဒဏ်ရာရရှိသူများကို အင်းစိန်ဆေးရုံသို့ တင်ပို့ထားပြီး မှော်ဘီမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၂/၁၆ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

# ကလေးအလောင်းစွန့်ပစ်သည့် စက်ရုံဝန်ထမ်းအမျိုးသမီးကို အမှုဖွင့်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ စက်မှုဇုန်၊ မက္ခရာမင်းသားကြီးလမ်းရှိ Holly Wood ကိတ်မုန့်စက်ရုံတွင် အမျိုးသမီးအိမ်သာအနောက်ဘက်ရှိ ချုံအတွင်း မွေးကင်းစကလေးအလောင်း စွန့်ပစ်ခဲ့သော အသက် ၃၆ နှစ်အရွယ် စက်ရုံသန့်ရှင်းရေး ဝန်ထမ်းအမျိုးသမီးကို အမှုဖွင့်အရေးယူထားကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

အမှုဖွင့်အရေးယူထားသည့် အမျိုးသမီးမှာ စက်တင်ဘာလ ၈ ရက် ည ၈ နာရီခွဲက ကိုယ်ဝန်ဖျက်ချရာမှ သေဆုံးနေသည့် မွေးကင်းစယောကျ်ားလေး၏ရုပ်အလောင်းကို အနက်ရောင် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ပြီး စက်ရုံဝင်းရှိအမျိုးသမီးအိမ်သာ အနောက်ဘက်ချုံထဲတွင် စွန့်ပစ်ခဲ့ကြောင်း စစ်ဆေးချက်များအရ ယင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်း ကလေးအလောင်းစွန့်ပစ်သည့်အမျိုးသမီးမှာ စက်ရုံရှိအမျိုးသမီးအိမ်ရာတွင် ကလေးပျက်ကျခဲ့ပြီး အခြားသူများမသိစေရန် ကလေးအလောင်းကို တိတ်တဆိတ် စွန့်ပစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ရွှေပေါက်ကံနယ်မြေရဲစခန်းမှ ၎င်းကို ကိုယ်ဝန်ဖျက်ချပြီး ကလေးအလောင်းစွန့်ပစ်မှု ရာဇသတ်ကြီးပုဒ်မ ၃၁၂/ ၃၁၈ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■



ဓာတ်ပုံ - မင်းမင်းအောင်

# တိုက်ကြီး တိုးဂိတ်တွင် တရားမဝင် ကျွန်းတံခါးများ ဖမ်းမိ

**တိုက်ကြီး ၊ စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် တိုက်ကြီးတိုးဂိတ် အနီးတွင် စက်တင်ဘာ ၁၀ ရက်နေ့ ညနေ ၅ နာရီက ပြည်ဘက်မှရန်ကုန်ဘက်သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ ကျွန်းခွဲသားများကိုဖမ်းမိကြောင်း တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ယာဉ်ပေါ်မှ ကျွန်းခွဲသား ၃၇၄ချောင်း၊ ကျွန်းခွဲသား တံခါးဘောင်၊ တံခါးဆံအပိုင်းအစ ၇၄ချောင်းကို အသက် ၄၅နှစ် ယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့်အတူ ဖမ်းမိကြောင်း၊ ယင်းကျွန်းခွဲသားနှင့် ကျွန်းတံခါးများကို လက်ပံတန်းမြို့မှ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ကျွန်းတံခါးများ သယ်ဆောင်လာသူနှစ်ဦးကို သစ်တောဥပဒေပုဒ်မ ၄၃ (က) ဖြင့် အမှုဖွင့်ထားကြောင်း တိုက်ကြီးမြို့မ ရဲစခန်းထံမှ သိရသည်။ ■

# မှုခင်းသတင်းတိုများ

■ မြောက်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ နှင်းဆီ ၁ လမ်းတွင် စက်တင်ဘာလ ၁၀ ရက် ည ၈ နာရီက အသက် ၇၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး နေအိမ်နောက်ဘေး ရေလောင်းအိမ်သာတွင် မှောက်လျက်အနေအထားဖြင့် သေဆုံးနေသောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် သိရှိရန် ရုပ်အလောင်းကို မြောက်ဥက္ကလာပမြို့နယ်ဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

■ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်းတွင် စက်တင်ဘာလ ၉ ရက် ည ၁၁ နာရီခွဲက မူးယစ်သတင်းရရှိထားသော နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရရာ အမျိုးသမီးတစ်ဦးအပါအဝင် လူငယ်ခုနှစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၅၅ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

■ မရမ်းကုန်းမြို့နယ်၊ ၉ ရပ်ကွက်၊ မြစံပယ်ရိပ်သာလမ်းရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခုတွင် စက်တင်ဘာလ ၉ ရက် မွန်းလွဲ ၃ နာရီခွဲက အသက် ၂၄ နှစ်နှင့် ၃၀ နှစ်အရွယ် လျှပ်စစ်ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းအမျိုးသားနှစ်ဦးမှာ မီးကြိုးတပ်ဆင်စဉ် ဓာတ်လိုက်ရာမှ အသက် ၃၀ အရွယ်အမျိုးသား သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။

■ မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းရှိမိုင်တိုင်အမှတ် ၃၇/၆ အနီးတွင် စက်တင်ဘာလ ၁၀ ရက် နံနက် ၅ နာရီကတိုက်ကြီးမှ ရန်ကုန်ဘက်သို့ မောင်းလာသည့် ယာဉ်အမှတ်/အမျိုးအစားမသိမော်တော်ယာဉ် တစ်စီးမှာ ဆွမ်းဆန်စိမ်းအလှူခံရန် ထွက်လာသည့် သီလရှင် ၈ ပါးကိုဝင်တိုက်ပြီး မောင်းနှင်ထွက်ပြေးခဲ့ကြောင်း၊ ယာဉ်တိုက်ခံရသည့် သီလရှင်များမှာ ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီ းမှော်ဘီဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားရသည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၂ ရပ်ကွက်၊ သစ်ကွင်းဘေးရှိ ရထားသံလမ်းတွင် စက်တင်ဘာလ ၉ ရက် နံနက် ၉ နာရီခွဲကအသက် ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦး ရထားကြိတ်မိရာမှ ပေါက်ပြဲကျိုးပဲ့ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

■ လမ်းမတော်မြို့နယ်၊ ၄ ရပ်ကွက်၊ ၁၀ လမ်းတွင် စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းက ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခုတွင် အသက် ၃၁ နှစ်အရွယ် ဆေးသုတ်လုပ်သား အမျိုးသားတစ်ဦးမှာ မီးစက်နှိုးရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။

■ အင်းစိန်မြို့နယ်၊ တညင်းကုန်းဘူတာအနီး ကုန်စိမ်းဈေးဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် စက်တင်ဘာလ ၉ ရက် ညနေ ၄ နာရီက အသက် ၂၀ အရွယ် သံချည်သံကွေးအလုပ်သမားအမျိုးသားတစ်ဦးမှာ သုံးလွှာရှိ ကွန်ကရစ်လောင်းထားသည့် သုံးထပ်သားကို သံတူးရွင်းဖြင့် ခွာနေစဉ် အရှိန်လွန်ပြီး အမြင့်ပေ ၃၀ မှ မြေပြင်ပေါ်သို့ ပြုတ်ကျသေဆုံးခဲ့သည်။

# မီးတွင်းထဲ ကလေးသေဆုံးမှုကြောင့် ဖခင်ဖြစ်သူ မိမိကိုယ်ကိုယ် ကြိုးဆွဲချ

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၈ ရပ်ကွက် မင်းရဲအောင်လမ်းတွင် စက်တင်ဘာလ ၁၀ ရက် နံနက်ပိုင်းက အသက် ၃၃ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးမှာ ၎င်း၏ကလေးငယ် မီးတွင်းထဲသေဆုံးခဲ့သောကြောင့် စိတ်ညစ်ရာမှ မိမိကိုယ်ကိုယ် ကြိုးဆွဲချ အဆုံးစီရင်ခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

"မွေးကင်းစကလေးငယ် မီးတွင်းထဲမှာသေဆုံးတာနဲ့ ပတ်သက်ပြီးသေဆုံးသူ အမျိုးသားက စိတ်ညစ်ပြီး နေ့ညအရက်တွေ သောက်နေတာတစ်ပတ်ကျော်ပြီလို့ သိရတယ်၊ ဇနီးဖြစ်သူက သွေးနုသားနုနဲ့မို့ သူ့မိခင် နေအိမ်ဆီသွားနေချိန် အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့တဲ့သူက ကြိုးဆွဲချ အဆုံးစီရင်ခဲ့တာ" ဟု ဒဂုံဆိပ်ကမ်းမြို့မ ရဲစခန်းမှူး ဒုရဲမှူးမြင့်အေးက ပြောကြားသည်။

အဆိုပါ ကြိုးဆွဲချ သေဆုံးခဲ့သော အမျိုးသား၏ ရုပ်အလောင်းကိုသင်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံသို့ ပို့အပ်ပြီးသေမှုသေခင်းအမှတ်စဉ် ၂၅ / ၁၆ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ဒဂုံဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## ‘ပရိသတ်ထဲကစာ’

# ပညာရေး ရေစုန်မျောမှုမှ ကင်းဝေးရပါလို၏



**မောင်ကျော်ကျော် (ကွင်းကောက်)**

၂၀၁၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့စွဲပါ စာအမှတ်၊ ဌာနခွဲ(၂၃-က)/၁၁၆၄၃/စာမေးပွဲ(၂၀၁၆) ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်က စာမေးပွဲစစ်ဆေးရာတွင် သတ်မှတ်ပေးရမည့်အမှတ်ပေးစနစ်များကို ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။ ပထမတန်းမှ နဝမတန်းအထိ အတန်းစဉ်အားလုံးအတွက် လပတ်စာမေးပွဲမှစပြီး နှစ်ဆုံးစာမေးပွဲများ၏အောင်စာရင်းများကို ဘာသာရပ်အလိုက် အမှတ်စာရင်းထုတ်ပြန် ခြင်းမပြုဘဲ အဆင့် A, B, C, D စသည်ဖြင့် ထုတ်ပြန်ရန်ဖြစ်ပါသည်။ အမှတ် ၈၀ မှ ၁၀၀ အထိကို A၊ အမှတ် ၆၀ မှ ၇၉ အထိကို B၊ အမှတ် ၄၀ မှ ၅၉ အထိ ကို C ၊ အမှတ် ၄၀အောက်ကို D ပေးရန် သတ်မှတ်ထားသည်ဟု ဖော်ပြထားပါသည်။

အဆိုပါသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး မိဘများအကြား၊ ပြည်သူများအကြား၊ မီဒီယာများအကြားတွင် ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို အစပြုဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောဆိုဝေဖန်လျက်ရှိနေကြပါသည်။ ပညာရေးဝန်ကြီးဌာနသည် ၁၉၉၁ ခုနှစ်မှစတင်လျက် မူလတန်းအဆင့်တွင် စဉ်ဆက်မပြတ်အကဲဖြတ် အတန်းတင်ပေးသည့်စနစ်ကို စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ် (ပထမအဆင့်)သို့ တင်သွင်းသည့် စာတမ်း၊ အမှတ်(၂)တွင် အခြေခံပညာအဆင့် ပညာရည်စစ်ဆေးတိုင်းတာမှုစနစ် ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ခြင်းကို ထည့်သွင်းထားပါသည်။ ကျောင်းသားများ၏ အတန်းတင်ပေးမှုကို စာပေဘာသာရပ်များ တတ်ကျွမ်းမှုတစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းမပြုဘဲ ကျောင်းလုပ်ငန်းဆောင်ရွက်မှုများကိုပါ ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ်ကို အသုံးပြုလျက် စဉ်ဆက်မပြတ် အကဲဖြတ်ရန်၊ ပေးမှတ်များကိုလည်း ပျမ်းမျှရှာခြင်း၊ အဆင့်ရှာခြင်းတို့ဖြင့် ဆောင်ရွက်ရန် ဆွေးနွေးသဘောတူခဲ့ကြပါသည်။

ပျမ်းမျှရှာရာတွင် အနည်းဆုံးကိန်းပြည့်အဖြစ် သတ်မှတ်ဖြည့်စွက်ရပါမည်။ ပညာသင်နှစ်ကုန်ဆုံးသောအခါ စုစုပေါင်းရမှတ်ရှာခြင်း၊ ပျမ်းမျှရမှတ်ရှာခြင်းဖြင့် အကဲဖြတ်အမှတ်ပေးရပါမည်။ နောက်ဆုံးပျမ်းမျှရမှတ်မှ အဆင့်သို့ကူးရာတွင် အတန်းအဆင့်များအလိုက် ခွဲခြားသတ်မှတ်ထားပါသည်။ မူလတန်းအဆင့် (ဒုတိယ၊ တတိယ၊ စတုတ္ထ)တွင် ၇၀ ရာခိုင်နှုန်းနှင့်အထက်ကို A ကောင်း၊ ၄၀ ရာခိုင်နှုန်းမှ ၆၉ ရာခိုင်နှုန်းအထိ B သင့်၊ ၄၀ ရာခိုင်နှုန်းနှင့်အောက် C ပြုပြင်ရန်ဟု သတ်မှတ်ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်များ (ပဥ္စမတန်းမှ ဒသမတန်းအထိ) အတွက် စာပေဘာသာရပ်အမှတ်များကို သတ်မှတ်ချက်များအတိုင်း အဆင့်ကူးပြောင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချက် ၇၅ မှ ၁၀၀ အထိကို အဆင့် A၊ အဓိပ္ပာယ် ထူးချွန်၊ သတ်မှတ်ချက် ၅၀ မှ ၇၄ အထိကို အဆင့် B၊ အဓိပ္ပာယ် ကောင်း၊ သတ်မှတ်ချက် ၄၀ မှ ၄၉ အထိကို အဆင့် C ၊ အဓိပ္ပာယ် သင့်၊ သတ်မှတ်ချက် ၄၀ အောက်ကို အဆင့် D ၊ အဓိပ္ပာယ်ပြုပြင်ရန်ဟု သတ်မှတ်ထားပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ ပညာရေးမြှင့်တင်မှုအစီအစဉ်(ပထမအဆင့်)အရ ဆွေးနွေးသဘောတူသတ်မှတ်ထားပြီးဖြစ်သော စဉ်ဆက်မပြတ်အကဲဖြတ် အတန်းတင်ပေးသောစနစ်တွင် မူလတန်းအောက်ဆင့် (သူငယ်တန်း၊ ပထမတန်း) ၌ ဘာသာစကား၊ အခြေခံသင်္ချာတတ်ကျွမ်းမှုနှင့် ကျောင်းတက်မှန်ကန်မှုများဖြင့် အတန်းတင်ပေးရန် ဖြစ်ပါသည်။ ဒုတိယတန်းမှ နဝမတန်းအထိ စာပေဘာသာရပ်ပျမ်းမျှရမှတ်အဆင့်နှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်တို့ကိုမူတည်လျက် အတန်းတင်ပေးပါသည်။ သတ်မှတ်ထားသောအဆင့် မပြည့်မီပါက ပြန်လည်ကုစား စစ်ဆေးပြီး အတန်းတင်ပေးပါသည်။ အတန်းအလိုက် အောင်စာရင်းများထုတ်ပြန်ရန်မဟုတ်ဘဲ အတန်းအလိုက် သင်ယူပြီးမြောက်သူများအဖြစ်သာ ထုတ်ပြန်ရန်ဖြစ်ပါသည်။ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် ဒသမတန်းသင်ယူပြီးမြောက်သူများကို အဆင့်အလိုက် သင်ယူပြီးမြောက်ခြင်းလက်မှတ် ထုတ်ပေးရန်ဖြစ်ပါသည်။ စာပေဘာသာရပ်တတ်ကျွမ်းမှုများသာမက တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးကိုလည်း အလေးထားထည့်သွင်း သတ်မှတ်ရန်ဖြစ်ပါသည်။

ပညာရည်စစ်ဆေးတိုင်းတာမှု ပြုပြင်ပြောင်းလဲခြင်းများကြောင့် နှစ်ဆုံးစာမေးပွဲကြီး၏အလွန်အကျွံလွှမ်းမိုးမှုကိုလျှော့ချပြီး ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ဆက်စပ်အသုံးချနိုင်မှုစွမ်းရည်များ မြင့်မားလာစေမည့် စစ်ဆေးတိုင်းတာမှုစနစ်ကို စနစ်တကျ ကျင့်သုံးလာနိုင်ခြင်း၊ ပညာရေး အဟောသိကံဖြစ်မှု အခွင့်အလမ်းလျော့နည်းစေခြင်း၊ စာမေးပွဲနှင့်ပတ်သက်သည့် ပညာရေးစီမံခန့်ခွဲမှုပြဿနာများ လျော့ပါးလာစေခြင်း၊ ဘက်စုံအရည်အချင်းမှတ်တမ်းချုပ်ကို အသုံးပြုပြီး သင်ယူပြီးမြောက်ခြင်းလက်မှတ်များကို ချီးမြှင့်ပေးလျက်ရှိသဖြင့် မိဘများသည် သားသမီးများ၏ ပညာရေးကိုပိုမိုအာရုံစိုက်ဆောင်ရွက်လာခြင်း၊ ကျောင်းသားကျောင်းသူများသည် စာမေးပွဲအတွက် ကျက်မှတ်ရသည့်တာဝန်များ လျော့ပါးသွားသည့်အတွက် ပေါ့ပါးသွက်လက်စွာဖြင့် ပညာသင်ယူနိုင်ခြင်း၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှုများကိုမှတ်တမ်းတင် အသိအမှတ်ပြုသောကြောင့် လူမှုရေးတန်ဖိုးများကို အာရုံစူးစိုက်လာပြီး ဘဝတစ်သက်တာအတွက်အရေးပါသောအလေ့အကျင့်ကောင်းများကိုဖြည့်ဆည်းပေးနိုင်ခြင်း စသည့်ပညာသင်ကြားမှု အရည်အသွေးများကို ရယူနိုင်မည်ဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကဏ္ဍ၊ ၂၀၀၅ ခုနှစ်၊ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့တင်ပြသည့် စဉ်ဆက်မပြတ်အကဲဖြတ်စစ်ဆေးမှုနှင့် တတ်မြောက်မှုစစ်ဆေးရေးစာတမ်းတွင် ဖော်ပြထားပါသည်။

သို့ရာတွင် အဆိုပါစဉ်ဆက်မပြတ်အကဲဖြတ်အတန်းတင်ပေးသောစနစ်သည် မတတ်ဘဲနှင့် အအောင်ပေးသောစနစ်ဖြစ်သည်ဟု ကင်ပွန်းတပ်ခြင်းခံခဲ့ရသည်။ ကလေးများ ရယူပိုင်ဆိုင်နိုင်မည့်အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်မှုမရှိသည်သာမက တတ်ကျွမ်းမှုအရည်အချင်းလည်း ပြည့်ဝမှုမရှိသည်မှာ ပကတိအခြေအနေမှန်များ ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေနှင့်လည်း အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်မှုမရရှိခဲ့ခြင်းမှာ အောက်ပါအချက်များကြောင့် ဖြစ်ပါကြောင်း ၂၀၀၅ ခုနှစ်၊ အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲသို့ တင်ပြသည့်စာတမ်းတွင် ဖော်ပြထားပါသည်။

(၁) ဆရာ/ဆရာမအချို့အနေနှင့် သင်ကြားသင်ယူမှုအစီအစဉ်နှင့် ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်ပြောင်းလဲခြင်းအပေါ် အပြည့်အဝလိုက်နာဆောင်ရွက်ရန် နှေးကွေးနေဆဲဖြစ်ခြင်း၊ နိုင်ငံတကာပညာရေးလုပ်ငန်း ပြောင်းလဲတိုးတက်အကောင်အထည်ဖော်မှုအပေါ် နားလည်သဘောပေါက်မှု အားနည်းနေဆဲဖြစ်ခြင်း၊

(၂) ဘာသာရပ်သင်ခန်းစာများ သင်ကြားရာတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုနေသည်ဟုဆိုသော်လည်း ဝေဖန်ပိုင်းခြားမှုနှင့် ဆက်စပ်အသုံးချမှုတို့ကို ဦးတည်သည့် စစ်ဆေးအကဲဖြတ်မှုကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မှု အားနည်းနေဆဲဖြစ်ခြင်း၊

(၃) သင်ကြားသင်ယူမှုပုံစံနှင့် စစ်ဆေးတိုင်းတာမှုပုံစံနမူနာများဖော်ပြထားသော ဘာသာရပ်အလိုက် ဆရာလက်စွဲများကို အခြေခံပညာကျောင်းအားလုံးသို့ ဖြန့်ဝေပေးခဲ့သော်လည်း အပြည့်အစုံ ထိန်းသိမ်းအကောင်အထည်ဖော်နိုင်သည့် ကျောင်းဦးရေနည်းပါးနေဆဲဖြစ်ခြင်း၊

(၄) အခန်းဆုံးစစ်ဆေးမှုနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှုများတွင် အားနည်းသည့်ကျောင်းသားကျောင်းသူများအား ကုစားသင်ကြားပေးရာတွင် ပီပြင်မှုရှိရန်လိုအပ်ခြင်း၊

(၅) အခြေခံပညာကျောင်းများတွင် ဘက်စုံအရည်အချင်းမှတ်တမ်းချုပ် ဖြည့်သွင်းရာ၌ အဆင့်ဆင့်ရေးသွင်းပုံ မှန်ကန်ရန်လိုအပ်ခြင်း၊

(၆) ပညာရည်စစ်ဆေးတိုင်းတာမှုနှင့် မှတ်တမ်းများအား စစ်ဆေးကြပ်မတ်ရန်လိုအပ်ခြင်း၊

(၇) ရသ၊ ကာယ၊ အကြိုသက်မွေးနှင့်ကျောင်းလုပ်ငန်းများကိုအပိုအလုပ်ဟုယူဆသည့်ဆရာ/ဆရာမအချို့ ကျန်ရှိနေဆဲဖြစ်သည့်အတွက် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များ သင်ကြားမှုတွင် အားနည်းနေဆဲဖြစ်ခြင်း၊

(၈) ဆရာ/ဆရာမများအနေနှင့် ဘာသာရပ်ဗဟိုပြုစစ်ဆေးမှုအပေါ်စွဲလမ်းနေဆဲဖြစ်သဖြင့် စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးတိုင်းတာရာတွင် ကျောင်းသား ကျောင်းသူများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဆက်စပ်အသုံးချနိုင်မှု၊ လူ့အရည်အသွေးနှင့် လူမှုရေးတန်ဖိုးထားမှုများကို အလေးထားသင်ယူလိုစိတ်ဖြစ်ပေါ်လာစေရန် ဆွဲဆောင်နိုင်စွမ်းလျော့နည်းနေပြီး သင်ခန်းစာကျေညက်မှုကိုသာ ဦးတည်စစ်ဆေးမေးမြန်းနေဆဲဖြစ်ခြင်းဟု ဖော်ပြထားပါသည်။

အခြေခံပညာစစ်ဆေးတိုင်းတာမှုစနစ် ပိုမိုပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များကိုဖော်ပြထားသော်လည်း လက်တွေ့ဆောင်ရွက်နိုင်မှုရှိ မရှိကို သိကြပြီးဖြစ်ပါလိမ့်မည်။

(၁) ဘက်စုံပညာအရည်အချင်း မှတ်တမ်းချုပ်များ စနစ်တကျဖြည့်သွင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုကျင်းပနိုင်ရန်နှင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးများက အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) အခြေခံပညာကျောင်းများ၌ အရည်အချင်းမှတ်တမ်းချုပ်များအား စနစ်တကျဖြည့်သွင်းနိုင်ခြင်းရှိ မရှိကို သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းပညာရေးမှူးရုံးများမှ ကျောင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးကြပ်မတ်ရန်၊

(၃) ကုစားသင်ကြားရေးလုပ်ငန်းများ ထိရောက်ပီပြင်မှုရှိစေရေးအတွက် ကျောင်းအုပ်ကြီးများနှင့် စီမံခန့်ခွဲမှုအဆင့်ဆင့်ရှိ တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ရန်၊

(၄) တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကိုသတ်မှတ်ပေးထားသည့်သင်ချိန်အပြည့် ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်ဟုလည်း ထပ်ဆင့်ဖော်ပြထားပါသည်။ စစ်ဆေးတိုင်းတာခြင်းသည် သင်ကြားသင်ယူမှုဖြစ်စဉ်အပေါ်တွင် အစဉ်လွှမ်းမိုးမှုများရှိနေသဖြင့် ကလေး များ၏ တတ်မြောက်မှုကို စစ်ဆေးနိုင်ရုံမျှမက ဆရာများ၏ သင်ကြားမှုစွမ်းရည်ကိုပါ အကဲဖြတ်ပေးနိုင်ရန်လိုအပ်ပါသည်ဟုလည်း အကြံပြုလမ်းညွှန်ထားပါသည်။

အမျိုးသားပညာရည် မြင့်မားရေးနှီးနှောဖလှယ်ပွဲသို့တင်ပြသည့်စာတမ်းတွင် ဖော်ပြထားချက်များမှာ ပညာရေးဌာန၏ အပေါ်အဆင့် တာဝန်ယူလျက်ရှိသူတို့၏ သုံးသပ်ချက်များဖြစ်ပါသည်။ ပကတိအခြေအနေမှန်များဖြစ်သော်လည်း အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လိုအပ်ချက်များအား မည်မျှအထိ ဖြည့်ဆည်းပေးခဲ့နိုင်မှုရှိသည်နှင့် လုပ်ငန်းလမ်းညွှန်များကို မည်မျှအထိ ပံ့ပိုးပေးခဲ့နိုင်မှုရှိသနည်းဆိုခြင်းကို ဆင်ခြင်သုံးသပ်သင့်ပါသည်။ ပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ကြီးဌာနမှ လမ်းညွှန်ထားသည့်အတိုင်း လိုအပ်ချက်များဖြစ်သော ဆရာ၏အရည်အသွေး၊ ဆရာ၊ ကျောင်းသားအချိုး၊ စာသင်ခန်း၊ ပရိဘောဂ၊ သင်ကြားရေးပစ္စည်း၊ စီမံခန့်ခွဲကြီးကြပ်သူ၏ အရည်အသွေး၊ စာမေးပွဲစနစ်၊ မိဘပြည်သူများ၏အားပေးမှု၊ လုပ်ငန်းခွင် ဆရာအတတ်ပညာရေး၊ ပညာရေးသင်ပြမှုနည်းပညာတို့ကို မည်မျှပြုပြင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်ဆိုခြင်းကို ပကတိအခြေအနေမှန်များအတိုင်း သုံးသပ်ရပါမည်။

အထူးအလေးထားစဉ်းစားသင့်သည်မှာ အမျိုးသားပညာရေးဥပဒေကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်မည့်ပညာရေးလုပ်ငန်းစဉ်များသည် ဥပဒေနှင့်အညီသာ ဖြစ်သင့်ပါသည်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)တွင် ‘ပညာရေးအဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဥပဒေ၏ နည်းဥပဒေများတွင်သတ်မှတ်ပြဋ္ဌာန်းရမည်’ ဟု ဖော်ပြထားပါသည်။ ပညာရေးနည်းဥပဒေ ရေးဆွဲသတ်မှတ်နိုင်ခြင်း မရှိသေးသည့်အချိန်တွင် ပညာရေးလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲ သတ်မှတ်မည်ဆိုပါလျှင် အမျိုးသားပညာရေးဥပဒေလမ်းညွှန်ချက်ကို မျက်ကွယ်ပြုရာရောက်နေပါလိမ့်မည်ဆိုခြင်းကို အထူးသတိပြုသင့်ကြပါသည်။ အလားတူပင် ပုဒ်မ ၄၊ ပုဒ်မခွဲ (တ) ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေးဆိုသောအချက်ကိုလည်း အလေးထားစဉ်းစားကြရမည်ဖြစ်ပါသည်။

လျှောက်လှမ်းခဲ့ပြီးဖြစ်သော ပညာရေးအတိတ်အခြေအနေများကို ပြန်လည်သင်ခန်းစာရယူလျက် ယခင်က ပီပြင်အောင် ဆောင်ရွက်နိုင်မှုမရှိခဲ့သည့် လုပ်ငန်းစဉ်များ ( ဥပမာအားဖြင့် ခိုင်လုံတိကျသော အမှတ်ပေးစနစ်၊ မှန်ကန်သောကုစားသင်ယူမှုနည်းစနစ်များ၊ ဆရာကျောင်းသားအချိုး၊ လုပ်ငန်းခွင်စွမ်းရည်မြင့်မားရေးစသည်) ကိုစနစ်တကျ ဖြည့်ဆည်းပံ့ပိုးပေးနိုင်မှသာလျှင် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပညာရေး ရေစုန်မျောမှုဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ■

**မောင်ကျော်ကျော် (ကွင်းကောက်)**

# အကောင်းဆုံးပုံစံကို မရရှိခဲ့သည့်အတွက် ရှုံးနိမ့်ခဲ့ရခြင်းဟု အင်းနရစ် ဝန်ခံ

**ဘာစီလိုနာ၊ စက်တင်ဘာ ၁၁**

ဘာစီလိုနာနည်းပြ လူးဝစ္စအင်းနရစ်သည် အလာဗက်စ်က ဘာစီလိုနာကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် လာလီဂါပွဲစဉ်အပြီးတွင် ၎င်းတို့အနေနှင့် ယခုပွဲစဉ်၌ အကောင်းဆုံးပုံစံဖြင့် ပြိုင်ဘက်ကို ဖိအားပေးနိုင်ခြင်းမရှိခဲ့သည့်အတွက် အရှုံးရလဒ်ကို ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်ဟု ဝန်ခံသွားခဲ့ကြောင်း Marca က ဖော်ပြထားသည်။

တန်းတက်ကလပ်အလာဗက်စ်သည် ပွဲကစားချိန် ၃၉ မိနစ်တွင် ဒေးဗာဆင် သွင်းယူသည့်ဂိုးဖြင့် ဘာစီလိုနာကို စတင်ဦးဆောင်ခဲ့ကာ ယင်းဂိုးကို ဒုတိယပိုင်း ပြန်လည်စတင်အပြီး တစ်မိနစ်အကြာ ပွဲချိန် ၄၆ မိနစ်တွင် ဘာစီလိုနာ နောက်ခံလူ မာသီအူက ပြန်လည်ချေပခဲ့သော်လည်း ပွဲချိန် ၆၄ မိနစ်တွင် အိုင်ဘိုင်းဂိုမက်ဇ်က အလာဗက်စ်အတွက် အနိုင်ဂိုးသွင်းယူသွားခဲ့သည့်အတွက် အဆုံးသတ်၌ ဘာစီလိုနာမှာ အရှုံးရလဒ်ကို ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။

ဘာစီလိုနာနည်းပြ အင်းနရစ်သည် အလာဗက်စ်နှင့်ပွဲစဉ်တွင် အသင်းပွဲထွက်လူစာရင်း၌ နေမာနှင့် အသစ်ခေါ်ယူထားသော အယ်လ်ကာဆာတို့ကို တိုက်စစ်တွင် တွဲဖက်ထားခဲ့ပြီး နိုင်ငံတကာပွဲစဉ်များပါဝင်ကစားပေးခဲ့ရသည့်အတွက် ကစားသမားများ ပွဲပန်းနေခြင်းမှာလည်း ယခုပွဲစဉ်ရှုံးနိမ့်ရခြင်း၏အကြောင်းရင်းတစ်ခု ဖြစ်ကြောင်း အင်းနရစ်က ရှင်းလင်းပြောကြားသွားခဲ့သည်။

နည်းပြအင်းနရစ်သည် ပွဲကစားချိန် မိနစ် ၆၀ နှင့် မိနစ် ၇၀ ဝန်းကျင်သို့ရောက်မှသာ မက်ဆီ၊ ဆွာရက်ဇ်နှင့် အင်နီယေစတာတို့ကို လူစားလဲထည့်သွင်းခဲ့ပြီး အမာခံကစားသမားအားလုံးကို ပွဲထွက်လူစာရင်း၌ အစုံအလင် မထည့်သွင်းခဲ့သည်မှာ ပွဲပန်းမှုနှင့် ပွဲဆက်များမှုဒဏ်များကြောင့် မလိုလားအပ်သည့်ဒဏ်ရာပြဿနာများ ပေါ်ထွက်လာမည်ကို စိုးရိမ်၍ဖြစ်သည်ဟု အင်းနရစ်က အကြောင်းပြချက် ပေးအပ်သွားခဲ့သည်။

ဘာစီလိုနာနောက်ခံလူ မာရေးယာနိုကလည်း အလာဗက်စ်ကို ရှုံးနိမ့်ခဲ့ရသည့် ယခုပွဲစဉ်မှာ ၎င်း၏ဘာစီလိုနာကစားသမားဘဝဖြတ်သန်းမှုအတွင်း ခံစားရအခက်ဆုံးပွဲစဉ်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုသွားခဲ့ပြီး အသင်း၏ကစားပုံမှာ နေရာတိုင်းတွင် လိုအပ်ချက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ဝန်ခံသွားခဲ့သေးသည်။ ■


Mail Online

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရွေးကောက်ပွဲများ ရွေးချယ်ပြီးပါက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားသည်။

လက်ရှိအချိန်၌ အားကစားအဖွဲ့ချုပ်များ၏ဥက္ကဋ္ဌများနှင့် အမှုဆောင်များကို ရွေးချယ်တင်မြှောက်သည့်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းရန် ဇူလိုင်လကုန်ပိုင်းက ညွှန်ကြားခဲ့ကြောင်း၊ လတ်တလောတွင် ပွင့်လင်းမြင်သာစွာဖြင့် ပြန်လည်ရွေးကောက်ဖွဲ့စည်းထားသည့် အဖွဲ့ချုပ်များမှာ အားကစားနည်း ၁၁ မျိုးသာရှိသေးသည်ဟု ၎င်းကဆိုသည်။

"အားကစားနည်း ၄၈ ခုမှာ နိုင်ငံတကာစံနှုန်းနဲ့အညီ ရွေးကောက်ပွဲပုံစံနဲ့ ပြန်တင်မြှောက်ထားတာ အခုချိန်အထိ ၁၁ မျိုးပဲ ပြီးသေးတယ်။ ကျန်တဲ့အဖွဲ့ချုပ်တွေကို အောက်တိုဘာလထဲ အပြီးလုပ်ဖို့ ပြောထားတယ်။ အဲဒါပြီးရင် အိုလံပစ်ကော်မတီကို ပြန်လည်ဖွဲ့စည်းသွားမှာပါ" ဟု ဦးမျိုးလှိုင်က ရှင်းပြသည်။

လက်ရှိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီကို ယခင်အစိုးရလက်ထက်ကတည်းက တာဝန်ယူခဲ့သည့် အားကစားဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးတင့်ဆန်းက ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားကြောင်း၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးကောက်တင်မြှောက်ပြီးမှသာ လွှဲပြောင်းပေးအပ်နိုင်မည်ဟု အားကစားနှင့်ကာယပညာဦးစီးဌာနထံမှသိရသည်။

အားကစားအဖွဲ့ချုပ်များ၏ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များကို အားကစားနှင့်ကာယပညာဦးစီးဌာနက ဖွဲ့စည်းပေးထားသည့် ကြီးကြပ်ရေးအဖွဲ့က ဦးဆောင် ရွေးချယ်နေခြင်းဖြစ်သည်။ ■



# ဇာဗီး၏ဝေဖန်ချက်များကို စီရော်နယ်ဒို ပြင်းပြင်းထန်ထန် တုံ့ပြန်

**မက်ဒရစ်၊ စက်တင်ဘာ ၁၁**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၎င်းကို ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့်နှိုင်းယှဉ်၍ ဝေဖန်စကားများ ပြောကြားလာခဲ့သည့် ဘာစီလိုနာ အသင်းခေါင်းဆောင်ဟောင်း ဇာဗီးကို ပြင်းပြင်းထန်ထန် တုံ့ပြန်လိုက်ကြောင်း Marca က ဖော်ပြထားသည်။

ဇာဗီးသည် စီရော်နယ်ဒိုကို ဘောလုံးပါရမီကောင်းမွန်သူတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့သော်လည်း မက်ဆီနှင့် ခေတ်ပြိုင်လာဖြစ်ရသည်မှာ စီရော်နယ်ဒိုအတွက် ကံဆိုးလွန်းကြောင်း မှတ်ချက်ပေးသွားခဲ့ကာ မက်ဆီ၏ခမ်းနားကြီးကျယ်မှုများကို စီရော်နယ်ဒို အမီလိုက်နိုင်ရန်ဆိုသည်မှာ မည်သို့မျှဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ဇာဗီးက ပြောကြားသွားခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ စီရော်နယ်ဒိုသည် ဇာဗီးက ၎င်းကို ထိုးနှက်တိုက်ခိုက်ကာ မက်ဆီကို အမွှမ်းတင်လိုက်ခြင်းအား လွန်စွာမကျေမနပ်ဖြစ်လျက်ရှိပြီး အင်တာနက်တွင် အကြိမ်အရေအတွက် အများဆုံး ရှာဖွေခြင်းခံရသည့် ကစားသမားစာရင်းကိုကြည့်လိုက်ရုံမျှဖြင့် အမှန်တကယ် ထင်ပေါ်သူမှာ မည်သူဖြစ်ကြောင်း လွယ်လင့်တကူ သိနိုင်လိမ့်မည်ဟု စီရော်နယ်ဒိုက တုံ့ပြန်သွားခဲ့သည်။

သတင်းထောက်များနှင့်တွေ့ဆုံရာတွင် စီရော်နယ်ဒိုက "အင်တာနက်မှာ အကြိမ်အရေအတွက် အများဆုံးရှာဖွေခံရတဲ့ ကစားသမားက ကျွန်တော်ပါပဲ။ သတင်းစာတွေကလည်း ကျွန်တော့်အကြောင်းတွေကိုဆိုရင် မျက်နှာဖုံးမှာ အမြဲဖော်ပြချင်လေ့ရှိပါတယ်။ ဇာဗီးကတော့ ကျွန်တော့်အကြောင်း ဘာတွေပြောနေသလဲ မသိပါဘူးဗျာ။ ဒါနဲ့ အခု သူဘယ်မှာ ကစားနေတုန်း။ ကာတာလား၊ ဘယ်မှာလဲ။ ကျွန်တော်သတိတောင် မထားမိတော့ဘူး။ ဇာဗီးဟာ သူ့ဘဝမှာ အရာရာကို ဆွတ်ခူးရရှိကောင်း ရရှိခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ သူ မရနိုင်ခဲ့တာ တစ်ခုရှိတယ်ဗျ။ အဲ့ဒါက ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (ဘလွန်းဒီအော်ဆု)ပေါ့ဗျာ။ ကျွန်တော်ကတော့ သုံးကြိမ်တောင်ယူနိုင်ခဲ့ပြီလေ" ဟု ပြောကြားသွားခဲ့သည်။

ပေါ်တူဂီက ပြင်သစ်ကို အချိန်ပိုသွင်းဂိုးနှင့်အတူ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ ဖိုင်နယ်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့သည့် စီရော်နယ်ဒိုသည် လက်ရှိတွင် ဒဏ်ရာများသက်သာပျောက်ကင်းသွားခဲ့ပြီဖြစ်၍ ရီးရဲလ်မက်ဒရစ်က အိုဆာဆူနာကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် လာလီဂါပွဲစဉ်တွင် အသင်းအတွက် ပြန်လည်ပွဲထွက်လာနိုင်ခဲ့ပြီဖြစ်ကာ အဆိုပါပွဲစဉ်တွင် အသင်းအတွက် အဖွင့်ဂိုးကို ပွဲအစ ခြောက်မိနစ်ကတည်းကပင် စီရော်နယ်ဒိုက ရယူပေးနိုင်ခဲ့သည်။ ■

# လက်ရှိချန်ပီယံရွှေခါးပတ်များကို ဂိုလော့ဗ်ကင် အောင်မြင်စွာ ကာကွယ်

**လန်ဒန်၊ စက်တင်ဘာ ၁၁**

WBA၊ WBC၊ IBF နှင့် IBO မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ဆုများကို ဆွတ်ခူးရရှိထားသည့် ကာဇက်စတန်လက်ဝှေ့ကစားသမား ဂိုလော့ဗ်ကင်သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ O2 Arena လက်ဝှေ့ရုံတွင် ဗြိတိန်လက်ဝှေ့ကစားသမား ကယ်လ်ဘရွတ်ခ်နှင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲစဉ်၌ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရကာ လက်ရှိချန်ပီယံရွှေခါးပတ်ဆုများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ကြောင်း Eurosport က ဖော်ပြထားသည်။

IBF ဝယ်လ်တာဝိတ်တန်းချန်ပီယံ ကယ်လ်ဘရွတ်ခ်သည် အတန်းနှစ်တန်းတက်ရောက်၍ မစ်ဒယ်ဝိတ်တိန်းချန်ပီယံ ဂိုလော့ဗ်ကင်ကို စိန်ခေါ်ခဲ့ခြင်းဖြစ်ကာ ယခုပွဲစဉ်တွင် အရေးနိမ့်လိုက်ရသဖြင့် ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ပထမဆုံးသောရှုံးပွဲအရသာကို ကယ်လ်ဘရွတ်ခ်က မြည်းစမ်းသွားခဲ့ရပြီလည်း ဖြစ်သည်။

ကယ်လ်ဘရွတ်ခ်သည် ယခုပွဲစဉ်မတိုင်မီတွင် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း လက်ဝှေ့ပွဲပေါင်း ၃၆ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ၌ ရာနှုန်းပြည့်အနိုင်ရလဒ်ကို ပိုင်ဆိုင်ရယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ် ၃၆ ပွဲတွင် ၂၅ ပွဲ၌ ပြိုင်ဘက်များကို ကယ်လ်ဘရွတ်ခ်က အလဲထိုးခဲ့ခြင်းဖြစ်သည်။

ဂလော့ဗ်ကင်သည် ပထမပွဲချိန်ကတည်းကပင် ကယ်လ်ဘရွတ်ခ်ကိုလက်ရည်အသာစီးဖြင့် ဖိအားပေး ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ပဉ္စမပွဲချိန်သို့အရောက်တွင် ၎င်း၏ကစားသမားဖြစ်သူ မဟာန်နိုင်တော့သည်ကို သိရှိလိုက်ရသည့်အတွက် ကယ်လ်ဘရွတ်ခ်၏ လေ့ကျင့်ရေးမှူးဖြစ်သူ ဒိုမီနစ် အင်ဂယ်လ်က ပဝါဖြူမြှောက်ပြကာ အရှုံးပေးလိုက်ခြင်းဖြစ်သည်။


Eurosport

ကယ်လ်ဘရွတ်ခ်သည် ဒုတိယမြောက်ပွဲချိန်၌ ဂိုလော့ဗ်ကင်၏လက်သီးချက် မျက်လုံးအိမ်သို့ထိမှန်ကာ သွေးများ ကျဆင်းလာခဲ့အပြီးတွင် ကစားရလွန်စွာခက်ခဲသွားခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ကယ်လ်ဘရွတ်ခ်ကို စစ်ဆေးရာ၌ အမြင်ဝေဝါးမှုများရှိနေ၍ ဆေးရုံသို့ ချက်ချင်းပင်တင်ပို့လိုက်ရကြောင်း အင်ဂယ်လ်က ရှင်းပြသွားခဲ့သေးသည်။

ဝယ်လ်တာဝိတ်တန်းမှနေ၍ မစ်ဒယ်ဝိတ်တန်းသို့ တက်ရောက်ထိုးသတ်ရာတွင် အောင်မြင်မှုရရှိခဲ့သည့် လက်ဝှေ့ကစားသမားအရေအတွက်မှာ အနည်းငယ်သာရှိခဲ့ဖူးပြီး ၁၉၆၆ ခုနှစ်တွင် အီမီလီဂရစ်ဖစ်သ် အနိုင်ရခဲ့ပြီးသည့် နောက်ပိုင်း၌ ဝယ်လ်တာဝိတ်တန်းမှနေ၍ မစ်ဒယ်ဝိတ်တန်းသို့ တန်းတက်ရောက်ထိုးသတ်သည့် လက်ဝှေ့သမားများ နိုင်ပွဲရှာမတွေ့တော့သည်မှာ ယခုအချိန်တိုင်သည်အထိ ရှိသွားခဲ့ပြီဖြစ်သည်။

ဂိုလော့ဗ်ကင်သည် ကယ်လ်ဘရွတ်ကို အနိုင်ရလိုက်သည့်အတွက် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ပွဲစဉ်ပေါင်း ၃၆ ပွဲ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ၃၆ ပွဲလုံး အနိုင်ရရှိသည့် စံချိန်ကို စိုက်ထူလိုက်နိုင်ပြီဖြစ်ပြီး အဆိုပါနိုင်ပွဲများအနက် ၃၃ ပွဲတွင် ဂိုလော့ဗ်ကင်က ပြိုင်ဘက်များကို အလဲထိုးအနိုင်ယူခဲ့ခြင်းဖြစ်သည်။ ■


Daily Mail


Daily Mail

# ကလက်တန်ဘာ့ဂ်၏ဆုံးဖြတ်ချက်များကို မော်ရင်ညိုဝေဖန်

**မန်ချက်စတာ၊ စက်တင်ဘာ ၁၁**

မန်ယူနည်းပြ မော်ရင်ညိုသည် မန်စီးတီးက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် မန်ချက်စတာဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် ကွင်းလယ်ဒိုင်လူကြီး မာ့ခ်ကလက်တန်ဘာ့ဂ်၏ဆုံးဖြတ်ချက်အမှားများကြောင့် ၎င်းတို့အနေနှင့် လွန်စွာနစ်နာခဲ့ရကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်ထိုးနှက်သွားခဲ့ကာ အသင်းရရှိသင့်ခဲ့သည့် ပင်နယ်တီအခွင့်အရေးနှစ်ကြိမ်ကို ကလက်တန်ဘာ့ဂ်က ငြင်းဆန်ပယ်ချခဲ့သည့်အတွက် မရှုံးသင့်ဘဲ ရှုံးခဲ့ရသောပွဲစဉ်တစ်ပွဲ ဖြစ်ကြောင်းလည်း မော်ရင်ညိုက မှတ်ချက်ပေးပြောဆိုသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

မော်ရင်ညိုသည် ပွဲကစားချိန်ဒုတိယပိုင်းအတွင်း မန်စီးတီးဂိုးသမား ဘရာဗိုက ဘောလုံးကို ခြေထောက်တွင်ထိန်းကာ အချိန်ဆွဲနေစဉ်အခိုက်၌ ရူနီက ဘောလုံးဝင်လုခဲ့သည့်ဖြစ်စဉ်တွင် ဘရာဗို လူချကစားခဲ့သည့်အတွက် အနီကတ်ပြကာ ပင်နယ်တီပေးသင့်ကြောင်း ထောက်ပြသွားခဲ့ပြီး ဇလင်စီယာ၏ဖြတ်တင်ဘောကို အော့တာမင်ဒီ တားဆီးရာတွင် လက်ထိခဲ့သည်မှာလည်း ပင်နယ်တီပေးရမည်သာဖြစ်ကြောင်း မော်ရင်ညိုက ပြောကြားသွားခဲ့သည်။

ပွဲစဉ်အပြီးတွင် သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာ၌ မော်ရင်ညိုက "ကျွန်တော်တို့ကို ကလက်တန်ဘာ့ဂ်က ဆိုးရွားလွန်းလှတဲ့ ဆုံးဖြတ်ချက်တွေချမှတ်ပြီး ဒုက္ခပေးသွားတယ်ဗျာ"ဟု မကျေမချမ်းပြောဆိုသွားခဲ့ပြီး ပွဲကစားချိန် ပထမပိုင်း ၄၅ မိနစ်အတွင်း မန်ယူ၏ကစားပုံဆိုးရွားခဲ့ရသည်မှာမူ ၎င်း၏ဆုံးဖြတ်ချက်အမှားများကြောင့် ဖြစ်ကြောင်းလည်း မော်ရင်ညိုက ဝန်ခံသွားခဲ့သေးသည်။

မော်ရင်ညိုသည် ပွဲထွက်လူစာရင်းအတွင်း ၎င်းထည့်သွင်းလိုက်သည့် လင်းဂတ်ဒ်နှင့် အမ်ခီတာယန်တို့ ခြေစွမ်းမပြနိုင်ခဲ့ခြင်းမှာ ပွဲရလဒ်အပေါ် များစွာအကျိုးသက်ရောက်ခဲ့ကြောင်း သုံးသပ်ထားပြီး ပွဲကစားချိန် မိနစ် ၂၀ အတွင်း၌ပင် လူထုတ်ပုံ မှားယွင်းသွားခဲ့ပြီဆိုခြင်းကို ၎င်းအနေနှင့် ကောက်ချက်ချနိုင်ခဲ့ကြောင်းလည်း မော်ရင်ညိုက ပြောကြားသွားခဲ့သေးသည်။

Sky Sports ရုပ်သံဌာနတွင် အစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသော အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီသည် မန်ယူနှင့် မန်စီးတီးတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန် ၃၆ မိနစ်အတွင်း ဒါဘီပွဲစဉ်တစ်ပွဲ၏အားပြိုင်မှုမျိုး မပေါ်လွင်ခဲ့ကြောင်း မှတ်ချက်ပြုပြောကြားသွားခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၄၅ မိနစ်သို့ရောက်မှသာ စစ်မှန်သောဒါဘီရသကို မြင်တွေ့ရှုစားခဲ့ကြရသည်ဟု အွန်နရီက ဆိုသည်။ ■

# ယူအက်စ်အိုးပင်း ဂရင်းဆလင်း ချန်ပီယံဆုကို ခါဘာ ဆွတ်ခူး

**နယူးယောက်၊ စက်တင်ဘာ ၁၁**

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်း ဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲတွင် ဂျာမနီတင်းနစ်မယ် အန်ဂျလစ်ခါဘာက ချက်တင်းနစ်မယ် ပီလစ္စကိုဗာကို အဆုံးအဖြတ်ပွဲလတ်ရောက်သည်အထိ ယှဉ်ပြိုင်ကစားကာ အနိုင်ယူဗိုလ်စွဲသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။

အသက် ၂၈ နှစ်အရွယ်ရှိခါဘာသည် ယူအက်စ်အိုးပင်း ဂရင်းဆလင်းဗိုလ်လုပွဲ ပထမပွဲလတ်တွင် ပီလစ္စကိုဗာကို ၆-၃ ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲလတ်တွင် ၄-၆ ဖြင့် ပြန်လည်အရေးနိမ့်သွားခဲ့ကာ အဆုံးအဖြတ်ပွဲလတ် ဆက်လက်ယှဉ်ပြိုင်ရာတွင် ၆-၄ ဖြင့် အနိုင်ယူကာ ချန်ပီယံဖြစ်ခွင့်ကို ရသွားခဲ့ခြင်းဖြစ်သည်။

ယူအက်စ်အိုးပင်း ဂရင်းဆလင်း ချန်ပီယံဆုဖလားသည် ခါဘာအတွက် ၂၀၁၆ ခုနှစ်အတွင်း ဒုတိယမြောက် ဆွတ်ခူးရရှိသည့် ဂရင်းဆလင်းချန်ပီယံဆုအဖြစ် မှတ်တမ်းဝင်သွားခဲ့ကာ ယခုမတိုင်မီတွင် ရာသီဖွင့် ဩစတြေးလျအိုးပင်း ဂရင်းဆလင်းပြိုင်ပွဲ၌ ခါဘာက ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်သည်။

ခါဘာသည် ယူအက်စ်အိုးပင်းဂရင်းဆလင်းပြိုင်ပွဲတွင် ဂျာမနီတင်းနစ်မယ်များ ချန်ပီယံဆုနှင့် နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရခြင်းကို အဆုံးသတ်ပေးလိုက်နိုင်ပြီဖြစ်ပြီး ခါဘာမတိုင်မီတွင် ယူအက်စ်အိုးပင်း ဂရင်းဆလင်း ချန်ပီယံဆုကို နောက်ဆုံးဆွတ်ခူးရယူနိုင်ခဲ့သည့် ဂျာမနီတင်းနစ်မယ်မှာ စတက်ဖ်ဖီဂရပ်ဖ်ဖြစ်သည်။

ဂျာမနီတင်းနစ်မယ်များသည် ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် ယူအက်စ်အိုးပင်း ဂရင်းဆလင်းပြိုင်ပွဲ၌ ဗိုလ်မစွဲတော့သည်မှာ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တိုင်သည်အထိဖြစ်ပြီး ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲနှင့် ရီယိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲတို့တွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရခြင်းကို ယူအက်စ်အိုးပင်းဆုဖလားဖြင့် ချေဖျက်လိုက်နိုင်သည့်အတွက် လွန်စွာကျေနပ်အားရဖြစ်ရပါကြောင်း ပြိုင်ပွဲအပြီး သတင်းထောက်များနှင့်ဆုံတွေ့ခဲ့ရာတွင် ခါဘာက ပြောကြားသွားခဲ့သည်။

ခါဘာသည် ယနေ့(တနင်္လာနေ့)တွင် ထုတ်ပြန်မည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အသစ်ထုတ်ပြန်မှုတွင် ကမ္ဘာ့အဆင့်တစ်နေရာသို့ တက်လှမ်းရောက်ရှိလာတော့မည်လည်းဖြစ်ကာ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံ၏ကမ္ဘာ့အဆင့်တစ် နေရာ၌ သီတင်းပတ်ပေါင်း ၁၈၆ ပတ်ကြာ ရပ်တည်နိုင်ခဲ့ခြင်းကို ခါဘာက အဆုံးသတ်ပစ်လိုက်ပြီလည်းဖြစ်သည်။

ဆီရီနာဝီလျံသည် ယူအက်စ်အိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပါက ကမ္ဘာ့အဆင့်တစ်နေရာတွင် ဆက်လက်ရပ်တည်ကာ ဂျာမနီတင်းနစ်မယ် စတက်ဖ်ဖီဂရပ်ဖ် တင်ရှိခဲ့သည့်စံချိန်ကို ကျော်ဖြတ်၍ ကမ္ဘာ့အဆင့်တစ်နေရာကို အချိန်အကြာမြင့်ဆုံး ထိန်းသိမ်းနိုင်သည့် တင်းနစ်မယ်အဖြစ် စံချိန်သစ်တင်ရှိနိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် စတက်ဖ်ဖီဂရပ်နှင့် စံချိန်တူလိုက်နိုင်ခဲ့သည်ဆိုခြင်းဖြင့်သာ ကျေနပ်လိုက်ရပြီဖြစ်သည်။ ■


Mail Online






# မြန်မာနိုင်ငံတွင် ကျင်းပမည့် ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲအတွက် ခြောက်နိုင်ငံ ဖိတ်ကြား

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်စားပွဲတင် တင်းနစ်ပြိုင်ပွဲအတွက် အာရှဒေသတွင်း ခြောက်နိုင်ငံကို ဖိတ်ကြားထားကြောင်း မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် နည်းပြချုပ် ဦးအောင်ဝင်းက ပြောကြားသည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ်အဖြစ် လက်ခံကျင်းခြင်းဖြစ်ရာ ရန်ကုန်မြို့တော်ရှိ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ရုံး၌ အောက်တိုဘာလ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ဖိတ်ခေါ်ပြိုင်ပွဲကျင်းပဖို့အတွက် ဇူလိုင်လကုန်ပိုင်းက ဒီမှာလာကစားခဲ့တဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ) နဲ့ သဘောတူပြီးပါပြီ။ ဒီပြိုင်ပွဲက မြန်မာ့လက်ရွေးစင်ကစားသမားတွေ ပြိုင်ပွဲအတွေ့အကြုံရစေဖို့ ရည်ရွယ်ကျင်းပတာ။ ဒါ့ကြောင့် အာရှက ထိပ်တန်းအသင်းတွေကိုလည်း ဖိတ်ထားတယ်"ဟု ဦးအောင်ဝင်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် တရုတ်နှင့် ထိုင်ဝမ်(တရုတ်တိုင်ပေ) အသင်းတို့က နှုတ်အားဖြင့်လက်ခံထားပြီး ဖြစ်သော်လည်း တရားဝင်စာဖြင့် ဖိတ်ကြားရဦးမည်ဖြစ်ကာ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ဂျပန်တို့ကိုလည်းဖိတ်ကြားမည်ဟု ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားအဖွဲ့မှ အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦးတို့သည် ရန်ကုန်မြို့တော်ရှိ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ စခန်းဝင်လေ့ကျင့်လျက်ရှိကြောင်း၊ အဆိုပါပြိုင်ပွဲသို့ လက်ရွေးစင်အသင်းသာမက လူငယ်လက်ရွေးစင်အသင်းကိုပါ ယှဉ်ပြိုင်ခွင့်ပြုမည်ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ထိုင်ဝမ်(တရုတ်တိုင်ပေ)စားပွဲတင်တင်းနစ်အားကစားအဖွဲ့သည် ဇူလိုင်လကုန်ပိုင်းက မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးပြိုင်ပွဲယှဉ်ပြိုင်ခဲ့ဖူးပြီး ယခုပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်ရန် လက်ခံခဲ့ခြင်းဖြစ်သည်။ ■

# ရန်ပွဲတွင် ပါဝင်ပတ်သက်သူများကို ရာသက်ပန် ပိတ်ပင်မည်ဟု ဝက်စ်ဟမ်း ခြိမ်းခြောက်



**လန်ဒန်၊ စက်တင်ဘာ ၁၁**

ဝက်စ်ဟမ်းအသင်း ပရိသတ်များသည် ဝက်ဖို့ဒ်က ဝက်စ်ဟမ်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲကြည့်စင်ထက်၌ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ကြကာ အဆိုပါရန်ပွဲအတွင်း ပါဝင်ပတ်သက်ခဲ့သူများကို ၎င်းတို့အနေနှင့် ရာသက်ပန်ပွဲကြည့်ခွင့်ပိတ်ပင်ခြင်းဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းက ထုတ်ပြန်ကြေညာလိုက်သည်ဟု Sportmail က ဖော်ပြထားသည်။

ဝက်စ်ဟမ်းအသင်းပရိသတ်အချို့သည် ပွဲကစားနေစဉ်အတွင်း ဝက်ဖို့ဒ်ပရိသတ်များရှိရာ ပွဲကြည့်စင်များဘက်သို့ သွားရောက်၍လည်း ရန်ပြုစကားများ ပြောကြားခဲ့ကြသေးကာ အိမ်ရှင်ဝက်စ်ဟမ်းပရိသတ်များ၏အပြုအမူမှာ လက်ခံနိုင်ဖွယ်ရာ လုံးဝမရှိခဲ့ကြောင်း ဝက်ဖို့ဒ်အသင်းက ထုတ်ပြန်ထားပြီလည်းဖြစ်သည်။

ဝက်စ်ဟမ်းသည် လက်ရှိဘောလုံးရာသီတွင် အပ်တန်ပါ့ခ်ဘောလုံးကွင်းကို စွန့်ခွာ၍ လန်ဒန်အိုလံပစ်ဘောလုံးကွင်း၌ အသင်းကို အခြေစိုက်ထားခြင်းဖြစ်ကာ အသင်းပရိသတ်များကိုဝက်စ်ဟမ်းဘက်က ကြီးကြပ်ထိန်းကွပ်နိုင်ခြင်းမရှိပါက ကွင်းငှားရမ်းထားသည့်ကိစ္စကို ပြန်လည်သုံးသပ်စဉ်းစားရလိမ့်မည်ဟု တာဝန်ရှိသူများက သတိပေးထားပြီလည်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ဝက်ဖို့ဒ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပရီးမီးယားလိဂ်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းပရိသတ်များသည် ကွင်းလုံခြုံရေးတာဝန်ကျရဲအရာရှိများ၏ညွှန်ကြားချက်တို့ကိုလည်း လိုက်နာရန် ပျက်ကွက်ခဲ့ကြကာ ရန်ပွဲအတွင်း ပါဝင်ပတ်သက်ခဲ့သည့်ပရိသတ်များကို ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုမှတ်တမ်းများကို လေ့လာကြည့်ရှု၍ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းက အသိပေးထားသည်။

ဝက်စ်ဟမ်းပရိသတ်များသည် ရိုမေးနီးယားကလပ် အက်စ်ထရာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ခြေစစ်ပွဲတွင် ပြိုင်ဘက်အသင်းအားပေးသူများကို ရန်ပြုခဲ့ကြသေးကာ ယမန်နှစ်ဘောလုံးရာသီ၌လည်း အပ်တန်ပါ့ခ် ဘောလုံးကွင်း နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ် မန်ယူနှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်ယူအသင်း စီးနင်းလာသည့် ဘတ်စ်ကားကို ဝက်စ်ဟမ်းပရိသတ်များက ကျောက်ခဲများဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့ကြဖူးသည်။ ■

# မလေးရှား SEA Games တွင် မြန်မာမြင်းစီးနှင့် နက်ဘောအဖွဲ့ ဝင်မပြိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့များဖြစ်သည့် မြင်းစီးနှင့် နက်ဘောအဖွဲ့တို့ ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အဆိုပါအားကစားအဖွဲ့ချုပ်များထံမှ သိရသည်။

"ကျွန်တော်တို့ မြင်းစီးအဖွဲ့ချုပ်အနေနဲ့ လာမယ့် SEA Games မှာ ယှဉ်ပြိုင်နိုင်ခြင်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ ကစားသမားမျိုးဆက်ပြတ်နေတာကြောင့်ပါ။ အခုမှပြန်ပြီး ကစားသမားတွေကို စီမံချက်နဲ့ လေ့ကျင့်ပေးရမယ့်အနေအထား ဖြစ်နေတာကြောင့်ပါ"ဟု မြင်းစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘတ်စကက်ဘောအားကစားနည်းနှင့်ဆင်တူပြီး အမျိုးသမီးများသာ ယှဉ်ပြိုင်ရသည့် နက်ဘောအားကစားအဖွဲ့အနေနှင့်လည်း မလေးရှား SEA Games ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန် အစီအစဉ်မရှိကြောင်း ယင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်ထွဋ်က ပြောဆိုသည်။

မြင်းစီးအဖွဲ့ချုပ်အနေနှင့် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်နိုင်ရန် စီစဉ်ထားခဲ့သော်လည်း ကစားသမားများ၏ ပညာသင်ကြားရေး အခက်အခဲများ ရှိနေသောကြောင့် မိဘများနှင့်ညှိနှိုင်းရမည့် အခြေအနေများ ရှိနေကြောင်း၊ ယင်းကိစ္စကို အဆင်ပြေစေရန် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားသည်။

SEA Games ပြိုင်ပွဲတွင်ကျင်းပမည့် အားကစားနည်း ၃၈ မျိုးအနက် ခြောက်မျိုးမှာ မြန်မာနိုင်ငံတွင်ဖွဲ့စည်းထားခြင်းမရှိဘဲ ကျန် အားကစားနည်း ၃၂ မျိုးအနက် မြင်းစီးနှင့် နက်ဘောအားကစားနည်းတို့က ယှဉ်ပြိုင်တော့မည်မဟုတ်၍ အားကစားနည်း ၃၀ မျိုးဖြင့်သာ ယှဉ်ပြိုင်မည့်အနေအထားတွင် ရှိနေသည်။

မြင်းစီးအားကစားအဖွဲ့ချုပ် ဖွဲ့စည်းသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်သော်လည်း SEA Games ပြိုင်ပွဲများတွင်မူ အောင်မြင်မှုရယူနိုင်ခြင်း မရှိသေးဘဲ အမြင့်ဆုံးအဖြစ် ငွေတံဆိပ်သာ ရယူနိုင်ခဲ့ဖူးသည်။

နက်ဘော အားကစားနည်းကိုမူ ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၈ ကြိမ်မြောက် SEA Games မတိုင်မီက ဖွဲ့စည်းခဲ့ပြီး ယင်းပြိုင်ပွဲတွင်လည်း အောင်မြင်မှုရယူနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။ ■

## ရန်ပုံငွေပွဲစဉ်တွင် ကမ္ဘာ့လက်ရွေးစင် ညွှန့်ပေါင်းအသင်း အနိုင်ရ



Daily Mail

**ဘေရွတ်၊ စက်တင်ဘာ ၁၁**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ဖူအတ်ဒ်ရှာဟတ်ဘ် ဘောလုံးကွင်းတွင် ကျင်းပခဲ့သည့် ရန်ပုံငွေဘောလုံးပွဲတွင် ကမ္ဘာ့လက်ရွေးစင်ညွှန့်ပေါင်းအသင်းက လက်ဘနွန်လက်ရွေးစင်ညွှန့်ပေါင်းအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရသွားခဲ့ပြီး အဆိုပါပွဲစဉ်တွင် ကမ္ဘာ့လက်ရွေးစင်ညွှန့်ပေါင်းအသင်းကို ကိုယ်စားပြုခဲ့သည့် ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူးဟောင်း ထရက်ဇီဂေးမှာ အသင်းအတွက် ဟက်ထရစ်သွင်းယူပေးသွားခဲ့ကြောင်း Daily Sport က ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံသို့ ရန်ပုံငွေပွဲစဉ် ယှဉ်ပြိုင်ရန် ရောက်ရှိလာခဲ့သည့် ကမ္ဘာ့လက်ရွေးစင်ညွှန့်ပေါင်းအသင်းတွင် လေမန်း၊ ဆယ်လ်ဂါဒို၊ မာတာရာဇီ၊ ရောဘတ်တို ကားလို့စ်၊ ပူယိုးလ်၊ ပေါလ်စခိုး၊ ထရက်ဇီဂေး အစရှိသည့်ကစားသမားများ ပါဝင်လာခဲ့ပြီး မန်ယူကွင်းလယ်လူဟောင်း ပေါလ်စခိုးမှာ မန်ချက်စတာဒါဘီပွဲစဉ် တက်ရောက်ကြည့်ရှုခွင့်ကို လက်လွှတ်၍ ရန်ပုံငွေပွဲစဉ်ကစားပေးရန် လက်ဘနွန်နိုင်ငံသို့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

ပေါလ်စခိုးသည် ၎င်းအနေနှင့် ကစားသမားဘဝက အနားယူလိုက်ပြီးချိန်တွင် မန်ယူအသင်းယှဉ်ပြိုင်ကစားသည့် ပွဲစဉ်များကို အားပေးကြည့်ရှုရန် စိတ်ကုန်သွားခဲ့ကြောင်းလည်း ဖွင့်ဟပြောကြားထားပြီး မန်ယူအသင်းယှဉ်ပြိုင် ကစားသည့် ပွဲစဉ်များကိုကြည့်ရှုရသည်ထက် ၎င်းရယ်ယာထည့်ဝင်ထားသော မန်ယူ ၉၂ မျိုးဆက်များ စုစည်းတည်ထောင်ထားသည့် ဆဲလ်ဖို့ဒ်စီးတီးအသင်း၏ပွဲစဉ်များကို အားပေးရသည်က ပိုမိုစိတ်လှုပ်ရှားဖွယ်ကောင်းနေကြောင်း ပေါလ်စခိုးက ထပ်လောင်းအသိပေးထားသေးသည်။

ကမ္ဘာ့လက်ရွေးစင်ညွှန့်ပေါင်းအသင်းနှင့် လက်ဘနွန်လက်ရွေးစင်ညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ရန်ပုံငွေပွဲစဉ်တွင် ပွဲကစားနေစဉ်အတွင်း ပရိသတ်များက ကွင်းအတွင်းသို့ဝင်ရောက်၍ ကမ္ဘာကျော်ကြယ်ပွင့်ဟောင်းများနှင့် ဆယ်လ်ဖီဓာတ်ပုံများ အမှတ်တရရိုက်ကူးခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက ပွဲကို မကြာခဏရပ်နားကာ ပရိသတ်များကို ပွဲကြည့်စင်သို့ပြန်သွားရန် ကွင်းလုံခြုံရေးဝန်ထမ်းများနှင့် ညှိနှိုင်းစီစဉ်ခဲ့ရသည်။ ■



# ပွဲထွက်ဂိုးသမား ဘရာဗို၏စွမ်းဆောင်ရည်များကို ခြွင်းချက်မရှိ ယုံကြည်ကြောင်း ဂွါဒီယိုလာ အသိပေး

**မန်ချက်စတာ၊ စက်တင်ဘာ ၁၁**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အသင်းပွဲထွက်ဂိုးသမားအဖြစ် နေရာပေးရန် စီစဉ်ထားသည့် ဂိုးသမားဘရာဗို၏စွမ်းဆောင်ရည်များကို ၎င်းအနေနှင့် ခြွင်းချက်မရှိယုံကြည်ကြောင်း ဖွင့်ဟပြောကြားခဲ့ကာ ဘရာဗိုမှာ ၎င်းမြင်တွေ့ခဲ့ဖူးသည့် ဂိုးသမားများအနက်တွင် အကောင်းဆုံးသောစွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားသူဟုလည်း ဂွါဒီယိုလာက ချီးကျူးသွားခဲ့သေးကြောင်း Daily Mail က ဖော်ပြထားသည်။

နည်းပြဂွါဒီယိုလာသည် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းရန် ရက်ပိုင်းအလိုတွင် ဘရာဗိုကို ဘာစီလိုနာထံမှနေ၍ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၇ သန်းဖြင့် ဝယ်ယူလိုက်ခြင်းဖြစ်ကာ မန်စီးတီးက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်ချက်စတာဒါဘီပရီးမီးယားလိဂ်ပွဲစဉ်တွင် မျှော်မှန်းထားသကဲ့သို့ ဘရာဗို လက်စွမ်းမပြနိုင်ခဲ့သည်မှာ ကံဆိုးခဲ့ခြင်းကြောင့်ဟု ဂွါဒီယိုလာက ကာကွယ်ပြောဆိုသည်။

ဘရာဗိုသည် မန်ယူနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပရီးမီးယားလိဂ်ပွဲစဉ်တွင် အမှားအယွင်း လွန်စွာများပြားခဲ့ပြီး မန်ယူအသင်းအတွက် တိုက်စစ်မှူးအီဘရာဟီမိုဗစ် သွင်းယူသွားခဲ့သည့် ချေပဂိုးမှာလည်း ဘရာဗို၏ဘောလုံးဖမ်းယူပုံ မသေသပ်ရာကတစ်ဆင့် ရရှိသွားခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာသည် ဘရာဗိုကို ဝယ်ယူရရှိအပြီးတွင် ကာဘယ်လ်လီရိုကို အရန်စာရင်းသို့ ပြန်ပို့လိုက်ပြီဖြစ်ကာ အသင်းသစ်အတွက် ပထမဆုံးသောကစားရသည့် ပွဲစဉ်တွင် အသားမကျသေးသည့်ဒဏ်ကို ကစားသမားတိုင်း ခံစားရလေ့ရှိသည့်အတွက် ဘရာဗို မှားယွင်းခဲ့သည်များကို ၎င်းအနေနှင့် နားလည်ပေးနိုင်ကြောင်း ဂွါဒီယိုလာက ပြောကြားသွားခဲ့သေးသည်။

ပွဲစဉ်အပြီးတွင် သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာ၌ ဂွါဒီယိုလာက "ဘရာဗိုရဲ့လက်စွမ်းကို ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်။ သူဟာ ထိပ်တန်းအဆင့်ဂိုးသမားတစ်ဦးပါ။ သူ ပထမဆုံးရင်ဆိုင်ခဲ့ရတဲ့ပွဲစဉ်ဟာ မန်ချက်စတာဒါဘီဆိုတာကို သဘောပေါက်ကြဖို့ လိုပါတယ်။ မန်ယူရဲ့အိုးလ်ထရက်ဖို့ဒ်မှာ ဘယ်ကစားသမားမှ မိနစ် ၉၀ လုံး တည်တည်ငြိမ်ငြိမ်ရှိနေဖို့ မလွယ်ပါဘူး။ တစ်ကြိမ်မဟုတ်တစ်ကြိမ် မှားကြတာချည်းပါပဲ။ ခံစစ်ကစားသမားတွေနဲ့ ဘရာဗိုအကြား နားလည်မှုတိုးတက်လာချိန်ရောက်ရင် ဒါတွေက အလိုလိုပြေလည်သွားမှာပါ"ဟု ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ■

## မန်ချက်စတာဒါဘီပွဲစဉ်တွင် ကိုလာရော့ဗ် သွားတစ်ချောင်း ဆုံးရှုံးခဲ့

**မန်ချက်စတာ၊ စက်တင်ဘာ ၁၁**

မန်စီးတီးနောက်ခံကစားသမား ကိုလာရော့ဗ်သည် မန်စီးတီးက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်ချက်စတာဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရှေ့သွားတစ်ချောင်း ကျိုးသွားခဲ့ပြီး ကိုလာရော့ဗ် သွားတစ်ချောင်းဆုံးရှုံးခဲ့ရသည်ကို မန်စီးတီးအရန်ဂိုးသမား ကာဘယ်လ်လီရိုက ၎င်း၏အင်စတာဂရမ်လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် ဓာတ်ပုံလွှင့်တင် အသိပေးခဲ့ခြင်းဖြစ်သည်ဟု Sky Sports က ဖော်ပြထားသည်။

ကာဘယ်လ်လီရိုသည် မန်ယူနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အဝတ်လဲခန်းအတွင်း၌ ကိုလာရော့ဗ်နှင့်တွဲဖက်၍ အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကာ အဆိုပါဓာတ်ပုံရိုက်ကူးစဉ်တွင် ကိုလာရော့ဗ် ရယ်ပြုံးလိုက်ရာ၌ ၎င်း၏ရှေ့သွားတစ်ချောင်း ကျိုးနေသည်ကို တွေ့ရှိလိုက်ကြရခြင်းဖြစ်သည်။

ကိုလာရော့ဗ်သည် မန်ချက်စတာဒါဘီပွဲစဉ်တွင် အသင်းခံစစ်ကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကာ နည်းပြဂွါဒီယိုလာလက်အောက်တွင် အသင်းအမာခံကစားသမားတစ်ဦးအဖြစ် ဆက်ရှိခွင့်ရနေသည်ကို ၎င်းအနေနှင့် လွန်စွာ ကျေနပ်မိပါကြောင်း ကိုလာရော့ဗ်က ဖွင့်ဟပြောဆိုသွားခဲ့သည်။



Sky Sport

ဂိုးသမား ကာဘယ်လ်လီရိုသည် အသင်းထံသို့ ဘာစီလိုနာဂိုးသမား ဘရာဗို ပြောင်းရွှေ့ရောက်ရှိလာခဲ့အပြီးတွင် အရန်နေရာသို့ပြန်လည်ရောက်ရှိသွားခဲ့ပြီဖြစ်ကာ လက်ရှိအခြေအနေကို၎င်းဘက်ကလက်ခံ၍ လုံလောက်သည့် ပွဲထွက်ကစားခွင့်ကိုရရှိနိုင်ရန် စိတ်ရှည်စွာ စောင့်ဆိုင်းသွားမည်ဖြစ်ပါကြောင်း ကာဘယ်လ်လီရိုက အသိပေးထားသည်။

မန်စီးတီးသည် မန်ယူကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးနှစ်ဂိုးလုံးကို မန်ယူနောက်ခံလူ ဒါလေးဘလိုင်း၏အမှားများကတစ်ဆင့် ရရှိသွားခဲ့ခြင်းဖြစ်ကာ မန်ယူနည်းပြ မော်ရင်ညိုကလည်း မန်ချက်စတာဒါဘီပွဲစဉ်တွင် ၎င်း၏ကစားသမားအချို့မှာ ပုံမှန်စွမ်းဆောင်ရည်များအောက် ကျဆင်းနေခဲ့ကြောင်းကို ဝန်ခံသွားခဲ့သည်။

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မန်ချက်စတာဒါဘီပွဲစဉ်အပြီးတွင် လန်ဒန်မြို့သို့သွားရောက်၍ ကာဇက်စတန်လက်ဝှေ့ကစားသမား ဂိုလော့ဗ်ကင်နှင့် ဗြိတိန်လက်ဝှေ့ကစားသမား ကယ်လ်ဘရွတ်ခ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံရွှေခါးပတ်လုပွဲကို အားပေးကြည့်ရှုခဲ့ကာ အဆိုပါပွဲစဉ်သို့ ရောက်ရှိလာခဲ့ကြသူများအနက်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး အန်ဒီကာရိုးလ်နှင့် ဝက်ဖို့ဒ်တိုက်စစ်မှူး ဒီးနေးတို့လည်း ပါဝင်ခဲ့ကြသည်။ ■



VOA

အလက်ပိုမြို့တွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်း တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့သည်

## ဆီးရီးယားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ယနေ့ စတင်သက်ဝင်မည်



VOA

**ဒမတ်စကတ်၊ စက်တင်ဘာ ၁၁**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံမဟာမိတ်တို့ ကြားဝင်ဆောင်ရွက်ပေးသော ဆီးရီးယားအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို သမ္မတဘာရှားအာဆတ်အစိုးရက လက်ခံလိုက်ပြီဖြစ်သော်လည်း ဆီးရီးယားအရေးတွင်ပါဝင်ပတ်သက်နေသူများအားလုံးက သတိကြီးစွာဖြင့် စောင့်ကြည့်လျက်ရှိကြောင်း VOA သတင်းဌာနက ရေးသားဖော်ပြသည်။

တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်တန့်ရေးကို တိုက်ပွဲများပြင်းပြင်းထန်ထန် ဖြစ်ပွားလျက်ရှိခဲ့သည့် အလက်ပိုမြို့မှ စတင်မည်ဖြစ်ကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များပေးအပ်နိုင်ရေးအတွက် ယင်းသို့ရပ်တန့်ပေးရန် ဘာရှားအာဆတ်အစိုးရက လက်ခံလိုက်ခြင်းဖြစ်သည်။

ဘာရှားအာဆတ်၏ သစ္စာတော်ခံတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းတိုက်ခိုက်နေသည့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လေးစားလိုက်နာမည်ဖြစ်ကြောင်း၊ သို့သော် တစ်ဖက်က ထိုးစစ်ဆင်တိုက်ခိုက်လာပါက ခုခံကာကွယ်မည်သာဖြစ်ကြောင်း ပြောကြားသည်။

ပြီးခဲ့သည့် ဩဂုတ်လကုန်ပိုင်းက ဆီးရီးယားထဲသို့ တင့်ကားများစေလွှတ်ခဲ့သော တူရကီနိုင်ငံကလည်း အပစ်ရပ်စဲရေးသဘောတူညီချက်ကို ထောက်ခံကြောင်း ကြေညာသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာရော့ဗ်တို့က အဆိုပါသဘောတူညီချက်ကို ယမန်နေ့က ဂျနီဗာမြို့တွင် ပူးတွဲကြေညာခဲ့ခြင်းလည်းဖြစ်သည်။

ယင်းသဘောတူညီချက်အရ အပစ်အခတ်ရပ်စဲမှုမှာ ဩဂုတ်လ ၁၂ ရက် (တနင်္လာနေ့) ညနေပိုင်းတွင် စတင်သက်ဝင်မည်ဖြစ်သည်။

ဆီးရီးယားအတိုက်အခံ လက်နက်ကိုင်အုပ်စုများကလည်း ၎င်းတို့အနေနှင့် အဆိုပါသဘောတူညီချက်ကို ကြိုဆိုပါကြောင်း၊ သို့သော် ယင်းသဘောတူညီချက်မပျက်ပြားအောင် ထိန်းသိမ်းထားနိုင်ပါမည်လောဟူသည့် မေးခွန်းအပေါ် သံသယဖြစ်မိကြောင်း ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီဟု သတင်းများ စတင်ထွက်ပေါ်လာသည့် စနေနေ့တွင်ပင် အလက်ပိုမြို့တစ်ဝိုက်၌ ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်ခဲ့သည်။

အလက်ပိုမီဒီယာစင်တာမှ တက်ကြွလှုပ်ရှားသူများအဆိုအရ ပစ်ခတ်မှုများကြောင့် စနေနေ့က လူ ၄၅ ဦးခန့်သေဆုံးခဲ့သည်ဟုဆိုပြီး ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ယင်းဒေသတစ်ဝိုက်တွင် သေဆုံးသူ ၆၉ ဦးရှိခဲ့သည်ဟု ဆိုသည်။ ■

## ALSO IN NEWS

### Walmart စတိုးနဲ့ Coca Cola တို့ စက်တင်ဘာ ၁၁ အထိမ်းအမှတ် အရောင်းမြှင့်တင်ခဲ့မိလို့ တောင်းပန်ရ

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်က Walmart စတိုးဆိုင်ကြီးရဲ့ ပြောခွင့်ရအရာရှိက သူတို့ဆိုင်မှာထောင်ထားတဲ့ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုအထိမ်းအမှတ် နယူးယောက်က မျှော်စင်ညီနောင်ပုံစံ ကိုလာဘူးများကို Coca Cola ကုမ္ပဏီကသာ လုပ်ဆောင်တာဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

ဖလော်ရီဒါပြည်နယ် ပနားမားမြို့က ဆိုင်ကြီးမှာ ခင်းကျင်းထားတဲ့ပုံကို Twitter အသုံးပြုသူတစ်ဦးက ဓာတ်ပုံရိုက်ယူသွားခဲ့ပြီး အွန်လိုင်းတင်ကြပါတယ်။ အဲဒီမှာပဲ မလုပ်သင့်ဘူးလို့ မြင်ကြသူတွေက ဝိုင်းဝန်းပြောကြဆိုကြတာမို့ အွန်လိုင်းပေါ်မှာ ဒီကအတိုင်းပဲ ဝက်ဝက်ကွဲ ပွဲဖြစ်နေပါတော့တယ်။ Coca Cola ဘူးတွေကို အမေရိကန်အလံနဲ့ နယူးယောက်က မျှော်စင်ညီနောင်ပုံစံ စီထားတာဖြစ်ပါတယ်။

'တို့တွေ ဘယ်တော့မှမေ့မှာ မဟုတ်ပါဘူး' လို့ ရေးထားတဲ့ ခေါင်းစီးစာတန်းမှာ Coca- Cola နဲ့ Walmart တံဆိပ်တွေ တပ်ထားပါတယ်။ အွန်လိုင်းမှာ ပြောဆိုဝေဖန်တာတွေဖြစ်လာပြီးနောက်ပိုင်းမှာ ခင်းကျင်းပြသထားမှုကို ပယ်ဖျက်ပေးလိုက်တယ်လို့ စတိုးဆိုင်ကုမ္ပဏီကြီးရဲ့ ပြောခွင့်ရအရာရှိ ချားလ်စ်ခရိုဆန် က ပြောကြားပါတယ်။ ဒါကို Coke လုပ်ငန်းက လုပ်ဆောင်ခဲ့တာဖြစ်ပြီး Walmart က လုပ်ခွင့်ပြုခဲ့တာလို့ဆိုပါတယ်။ ခုလို ပြောဆိုဝေဖန်နေကြတာဟာ နားလည်မှုလွဲတာပါလို့ Coca Cola ကုမ္ပဏီက ပြောခွင့်ရအရာရှိ ကင်ဘာလေကူရိုက ဆိုပါတယ်။

တိုင်းပြည်တစ်ရပ်လုံး ပူဆွေးနှလုံးနာခဲ့ရတဲ့ဖြစ်စဉ်ကိုအသုံးပြုပြီး အရောင်းမြှင့်ကြရသလားဆိုပြီး ဝေဖန်နေကြသူတွေလည်း ရှိနေပါတယ်။ UPI ■

### ရေနွေးပူထဲကို ညှစ်ထည့်လိုက်တာနဲ့ လက်ဖက်ရည်ဖြစ်သွားမယ့် စပရေးဘူး တီထွင်ရောင်းချ

အသင့်လုပ်တွေ ခေတ်စားနေတဲ့ ခုလိုခေတ်ကြီးမှာ အသင့်ဖျော်သောက်လက်ဖက်ရည်ထုတ်တွေထက်တောင် လွယ်တဲ့အရာတစ်ခု ပေါ်လာပြန်ပါပြီ။ ဒါကတော့ ရေနွေးပူပူထဲကို တရှူးရှူးဖျန်းလိုက်တာနဲ့ ရေနွေးက လက်ဖက်ရည်ဖြစ်သွားစေမယ့် စပရေးဘူးပါတဲ့။ ရိုးရာအစဉ်အလာ လက်ဖက်ခြောက်နှပ်တာကိုပဲ ကြိုက်တဲ့ ပြည်သူတွေကတော့ ဒီကိစ္စဟာ ပုံမှန်တော့မဟုတ်ဘူးဆိုပြီး ပြောဆိုနေကြပါတယ်။ ဗြိတိန်လက်ဖက်ရည်ပရိသတ်တွေ သိပ်ကြိုက်တဲ့အရသာမျိုးကို လက်ဖက်ရည်ထုပ်တွေမပါဘဲနဲ့လည်း ဖြစ်လာနိုင်တာမို့ ဈေးကွက်ထဲမှာ နေရာရှိပါတယ်လို့ ထုတ်လုပ်သူတွေက ဆိုကြပါတယ်။

No More Tea Bags လို့အမည်ပေးထားတဲ့ အဆိုပါ ထုတ်ကုန်ကို ဗြိတိန်က ကုန်စည်ပြပွဲတစ်ခုမှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ နို့ထည့်ပြီး ဖျော်ရင်လည်း လက်ဖက်ရည်ကြမ်းတင်မကဘဲ လက်ဖက်ရည်အချိုအထိ ဖျော်နိုင်တယ်လို့လည်း ဆိုထားပါတယ်။

ကျွန်တော်တို့ အသုံးပြုထားတဲ့ နည်းပညာအရ အရသာကလည်း ပိုပြီးသာလွန်ကောင်းမွန်နေပါတယ်လို့ ထုတ်လုပ်သူ ဂိုင်းဝုဒေါ က ဆိုပါတယ်။ လူမှုကွန်ရက်မီဒီယာအသုံးပြုသူတွေကတော့ သိပ်ပြီး စိတ်ပါလက်ပါ မရှိကြပါဘူး။ ဒါ သဘာဝအတိုင်း မဖြစ်နိုင်ဘဲ ဆိုးဝါးတဲ့ရောစပ်မှုတစ်ခုဖြစ်မယ်ဆိုပြီး လူမှုကွန်ရက်မီဒီယာအသုံးပြုသူတွေက ဝေဖန်နေကြပါတယ်။ UPI ■





